# လူမျိုးစုလေ့လာမှု စာစဉ်

စာစဉ် (၈) ၂၀၂၁၊ ဇွန်လ



## ပသျှူး
## PASHU

Myanmar Cultural Research Society

Bulletin of Ethnic Studies
No.8

Myanmar Cultural Research Society

Myanmar Cultural Research Society

*မျက်နှာဖုံး၊ နောက်ကျောနှင့် အတွင်းစာမျက်နှာ ၅၂ တွင် သုံးထားသောပုံသည် ပခုက္ကူမြို့နယ်၊ ဆင်ကြို့ရွာ ရွှေဂူကျောင်းရှိ လူမျိုး ၁၀၁ ပါး နံရံပန်းချီမှ ဖော်ပြထားပါသည်။*

Bulletin of Ethnic Studies
No.8

June 2021

**မျက်နှာဖုံးနှင့်**

**အတွင်းဒီဇိုင်း** - Saw Wanna (Z.H)

**တန်ဖိုး** - ၂၀၀၀ ကျပ်

# မာတိကာ


အမှာစာ ၅

တောင်ပိုင်းကမ်းခြေ ၇
ရွှေမြိတ်မောင်

တိမ်မြုပ်ခံ ပသျှူး ၁၃
နိုင်စိုး

မြန်မာနိုင်ငံတောင်ဖျားပိုင်းရှိ အစ္စလာမ်ဘာသာဝင် ပသျှူးလူမျိုး ၂၂
မောင်မောင်ကြီး (မန်း)

ပသျှူးဆိုတာ ဘာလဲ ၂၇
ထွန်းဇော်ဌေး

ပသျှူး ၃၀
ခင်မောင်ဦး

ပသျှူးလူမျိုးအကြောင်း ၃၅
မောင်ပြေချမ်း (မြိတ်)

**ပသျှူးလူမျိုး** ၃၈
သန်းမြင့် (သမဝါယမ)

**ပသျှူးတို့ရဲ့အိုးနှောင်** ၄၁
အောင်စိုးလင်း

**ပသျှူးလို့ခေါ်တဲ့ဘာဘာညိုညာ** ၄၇
(BaBa-Nyonya)
ထာနေစိုး (ပုလော)

**Pashu in Myeik Region** ၅၃
Naing Soe

# အမှာစာ

ဗမာပြည်သည် မတူကွဲပြားသော လူမျိုးစုများနှင့် လူ့အဖွဲ့အစည်းများပါဝင်တည်ရှိနေသော တိုင်းပြည် တခုဖြစ်သည်။ ကိုလိုနီအုပ်ချုပ်ရေး မရောက်ရှိမီကပင် မြန်မာလူမျိုးများ၏ ပဒေသရာဇ်တိုင်းပြည်တခုဖြစ်သော မြန်မာပြည်(ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်)၊ မွန်လူမျိုးများ၏ ဟံသာဝတီ၊ ရခိုင်တို့၏ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦး၊)၊ ရှမ်း၊ ကချင်၊ ချင်းနှင့် ကရင်တို့၏ သက်ဆိုင်ရာအလို အုပ်ချုပ်ရေးနယ်မြေများ စသည်ဖြင့် ကွဲပြားခြားနားစွာ သီးသန့် နေထိုင်ခဲ့ကြသည်။ ပဒေသရာဇ်အုပ်ချုပ်ရေးကာလတွင် အင်းအားကြီးမာသော အစုအဖွဲ့များမှ လွှမ်းမိုးခြင်း၊ သိမ်းပိုက်အုပ်ချုပ်ခြင်းများ ပြုလုပ်ခဲ့ကြသော်လည်း ကာလကြာမြင့်စွာ လက်အောက်ခံအဖြစ် တည်ရှိမှု မရှိချေ။

၁၉ ရာစုတွင် ဤဒေသအတွင်းရှိ ပဒေသရာဇ်တိုင်းပြည်များ၊ လူမျိုးစုများနှင့် လူ့အဖွဲ့အစည်းများသည် ကိုလိုနီဝါဒနှင့် ရင်ဆိုင်ခဲ့ရပြီးနောက်တွင် မတူညီသော ကိုလိုနီအုပ်ချုပ်ရေး ပုံစံများဖြင့် အုပ်ချုပ်ခြင်းခံခဲ့ရသည်။ ၁၉၃၁ခုနှစ် ဗြိတိသျှ အုပ်ချုပ်ရေး မြေပုံအရ ပုံမှန်အုပ်ချုပ်ရေးရှိသော ဒေသများ၊ အထူးအုပ်ချုပ်ရေးဒေသများ၊ အုပ်ချုပ်ရေး မရှိသော ဒေသများနှင့် ဗြိတိသျှ အုပ်ချုပ်ရေးနှင့် သက်ဆိုင်ခြင်း မရှိသော ဒေသများဖြင့် ခွဲခြားထားသည်ကို တွေ့ရသည်။ ပုံမှန် အုပ်ချုပ်ရေးဒေသများတွင် မြန်မာ၊ ရခိုင်၊ ကရင်နှင့် မွန်လူမျိုးစုများ၏ ဒေသများပါဝင်သည်။ အထူးအုပ်ချုပ်ရေး ဒေသများတွင် ချင်း၊ ကချင်နှင် ဖက်ဒရယ် ရှမ်းပြည်တို့ ပါဝင်သည်။ အုပ်ချုပ်ရေးမရှိသောဒေသများတွင် လွပ်လပ်သော ကရင်နီပြည်အပါအဝင် နာဂဒေသနှင့် ယနေ့ကချင်ပြည်နယ်အတွင်းမှ ဒေသများ ပါဝင်သည်။ ဗြိတိသျှ အုပ်ချုပ်ရေးနှင့် သက်ဆိုင်ခြင်း မရှိသော ဒေသများတွင် ဝဒေသများ ပါဝင်သည်။ ၁၉၄၈ခုနှစ်တွင် အထက်ပါဒေသများကို စုစည်းပြီး ဗမာပြည်အဖြစ် လွတ်လပ်ရေး ရှိခဲ့ခြင်း ဖြစ်သည်။

အထက်ပါဒေသများတွင် မြန်မာမဟုတ်သော မတူကွဲပြားသည့် ယဉ်ကျေးမှု၊ နိုင်ငံရေး နောက်ခံနှင့် ဘာသာစကားများရှိသည့် လူမျိုးစုများနှင့် လူ့အဖွဲ့အစည်းများပါဝင်ကြသည်။

၁၉၄၈ လွတ်လပ်ရေးရရှိချိန်မှစ၍ လိုက်နာကျင့်သုံးခဲ့သည့် ၁၉၄၇ ခုနှစ်တွင် ရေးဆွဲခဲ့သော ၁၉၄၇တွင် ပြဌာန်းခဲ့သည့် ပြည်ထောင်စုဗမာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဤတိုင်းပြည်အား ပြည်ထောင်စု နိုင်ငံအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သို့သော်လည်း ယနေ့အချိန်ကာလအထိ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုအား တည်ထောင်နိုင်ခဲ့ခြင်း မရှိပေ။ အကျိုးဆက်အားဖြင့် တိုင်းပြည်၏ နေရာဒေသအသီးသီးတွင် ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီး ပြည်သူပေါင်းများစွာ စစ်၏ဒဏ်ကို ခံစားခဲ့ရသည်။

ဤကဲ့သို့ နှစ်ပေါင်းများစွာ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန် ပျက်ကွက်ခဲ့မှုနှင့် အတူ နယ်မြေဒေသအသီးသီးတွင် နေထိုင်ကြသည့် လူမျိုးစုများနှင့် လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှု ဘာသာစကားနှင့် သမိုင်းကြောင်းဆိုင်ရာ လေ့လာမှုများကိုလည်း အနည်းငယ်သာ လုပ်ကိုင်နိုင်ခဲ့ကြသည်။ အစိုးရ အသီးသီး၏ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် လုပ်ဆောင်နိုင်မှု နည်းပါးခြင်းနည်းတူ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် တက္ကသိုလ်များ ဌာနများသည်လည်း အားထုတ်မှုနည်းပါးခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် လူမျိုးစုများ လူ့အဖွဲ့အစည်းများ မည်မျှရှိသည်ကိုပင် မှတ်တမ်းတင်နိုင်ခဲ့ခြင်းမရှိပေ။ ထိုအချက်များသည် ပြည်ထောင်စုတည်ဆောက်ရေးနှင့် တန်းတူညီမျှသော လူ့အဖွဲ့အစည်း တည်ထောင်ရေးတို့အတွက် အတားအဆီးများအနက်မှ အချက်တချက် ဖြစ်သည်ဟု Myanmar Cultural Research Society (MCRS) မှ လက်ခံယုံကြည်သည်။

၂၀၁၆ ခုနှစ်မှ စတင်၍ MCRS ကို ထူထောင်ပြီးနောက်ပိုင်းတွင် ဗမာပြည်အတွင်းရှိ လူမျိုးစုများ၏ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း၊ ပြန်လည်မျှဝေခြင်းများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ပါသည်။ အချက်အလက်ဖြန့်ဝေမှုအနေဖြင့် လူမျိုးစုလေ့လာမှုစာစဉ်များကို ထုတ်ဝေဖြန့်ချိခဲ့ရာ စာစောင်အမှတ် (၇) အထိ ထုတ်ဝေနိုင်ခဲ့ပြီ ဖြစ်သည်။ ယခုတွင် လူမျိုးစုလေ့လာမှု စာစဉ်အမှတ် (၈) အဖြစ် 'ပသျှူး' လူမျိုးစုများ အကြောင်းကို ထုတ်ဝေနိုင်ရန် ကြိုးပမ်းခဲ့သည်။

'ပသျှူး' လူမျိုးစုများသည် မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်း အတွင် အဓိကနေထိုင်သော လူမျိုးစုများ ဖြစ်သည်။ ယုံကြည်ကိုးကွယ်မှုအနေဖြင့် ပသျှူးအများစုသည် အစ္စလာမ်ဘာသာကို လက်ခံယုံကြည်ကြသည်။ 'ပသျှူး' လူမျိုးစုများနှင့် ပတ်သက်၍ ရေးသားထုတ်ဝေမှုများနှင့် သုတေသနပြုမှုများသည် နည်းပါးလျှက်ရှိနေသည်။ MCRS အနေဖြင့် အဆိုပါ ကွက်လပ်ကို ဖြည့်တင်းနိုင်ရန်အတွက် ယခု လူမျိုးစုလေ့လာမှု စာစဉ်အမှတ် (၈) အနေဖြင့် 'ပသျှူး' လူမျိုးစုများ၏ ယဉ်ကျေးမှု၊ သမိုင်းကြောင်းနှင့် ပတ်သက်သော အချက်အလက်များ ဆောင်းပါးများနှင့် စာတမ်းများကို စုစည်း၍ ဂုဏ်ယူစွာဖြင့် ထုတ်ဝေလိုက်ပါသည်။

# တောင်ပိုင်းကမ်းခြေ

▲ ရွှေမြိတ်မောင် ▼

*မြိတ်မြို့မှ တောင်ပိုင်းကမ်းခြေသို့ ခရီးထွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း၏ အရှည်အလျားမှာ မိုင်ပေါင်း ၂၀၀၀ ခန့်ရှည်လျားပြီး နတ်မြစ်ဝမှ ဝိတိုရိယ အငူအစွန်းအထိ သုံးပိုင်း ပိုင်းခြားထားလေသည်။ တနင်္သာရီ ပင်လယ်ကမ်းရိုးတန်းမှာ သံလွင်မြစ်ဝမှ ဝိတိုရိယအငူအထိ မိုင်ပေါင်း ၅၀၀ ကျော်ခန့်ရှိပြီး လခြမ်းသဏ္ဌာန်တည်ရှိလေသည်။*

ကျွန်တော်ထွက်ခဲ့သောခရီးမှာ မြိတ်မြို့မှ ဝိတိုရိယအငူအထိ တောင်ပိုင်းပင်လယ်ကမ်းခြေခရီးဖြစ်သည်။ ကျွန်းကြီးကျွန်းငယ် အသွယ်သွယ်ဖြင့် သာယာလှပေသည်။ မြိတ်ခရိုင်ရှိ ပင်လယ်ကျွန်းများမှာ စုစုပေါင်း ၉၀၀ ကျော်မျှရှိကြောင်း သိရလေသည်။ မြိတ်မြို့မှ ဝိတိုရိယအငူ ကော့သောင်းမြို့အထိ မိုင်ပေါင်း ၂၆၀ ကျော် ခရီးကွာဝေးပြီး ဘုတ်ပြင်းနယ်ကိုဖြတ်လျက် ဆင်ကျွန်းပင်လယ်ကို ကူးရလေသည်။ မြိတ်နယ်မှာ ချောင်းကြီးဝရွာအထိပိုင်ပြီး ထိုရွာမှာ မြိတ်မြို့မှ အနောက်တောင်ဘက် မိုင်ပေါင်း ၈၀ ကျော်ခန့်ကွာဝေးသည်။ လမ်းခရီးရှိ မြိတ်နယ်အပါအဝင် ကျေးရွာကြီးများမှာ မအိုင်ရွာ၊ စခန်းသစ်ရွာ၊ ကမ်းမော်ရွာ၊ ချောင်းကြီးဝရွာများဖြစ်ပေသည်။ ထိုရွာများမှာ တံငါရွာကြီးများသာဖြစ်သည်။ မြိတ်နယ်မှထွက်သော ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်များမှာ ထိုရွာကြီးများမှပင် အထွက်များလေသည်။

ဘုတ်ပြင်းမြို့နယ်မှာ ရွှေဂဲညိုရွာမှစပြီး မသေကျွန်း၌ ဆုံလေသည်။ ဘုတ်ပြင်းမြို့နယ်၏ အကျယ်အပြန့် အလျားမိုင်မှာ ၁၀၀ ခန့်ရှိလေသည်။ ကြီးကျယ်သည့်ကျေးရွာများမှာ ရွှေဂဲညိုရွာ၊ ရေငံကြီးရွာ၊ အောက်လိပ်ရွာ၊ ကြိမ်မဲတောင်ရွာ၊ ကရသူရိရွာ၊ ကမ်းတောရွာ၊ မသေရွာများဖြစ်လေသည်။ ထိုရွာများမှာလည်း တံငါရွာများသာဖြစ်ပြီး ကရသူရိရွာသာလျှင် တံငါတစ်ပိုင်း သတ္တုတစ်ပိုင်း လုပ်ကိုင်စားသောက်ကြလေသည်။ ဘုတ်ပြင်းနယ်၌ အလယ်မန်ကျွန်းကြီးမှာ ထင်ရှားလှသည်။

မြိတ်နယ်၌ ကီးအိုင်လင်းခေါ် ကတန်ကျွန်း၊ ကစ်သလင်ကျွန်းခေါ် ကန်မော်ကျွန်းကြီးများမှာ ထင်ရှားလေသည်။

ဝိတိုရိယအငူ ကော့သောင်းမြို့နယ်ကား ကျားကိုက်အော်ရွာမှစပြီး ကော့သောင်းမြို့ ပါချန်မြစ်ဝအထိ မိုင်ပေါင်း ၁၀၀ ခန့်ပင် ကွာဝေးလေသည်။ လမ်းခရီးကျေးရွာကြီးများမှာ အော်ကြီးရွာ၊ ရှမ်းဖမ်းရွာ၊ ပုလောထုံထုံးကျွန်းများဖြစ်လေသည်။ တံငါနှင့် ဥယျာဉ်အုန်းများကို စိုက်စားကြသည်။ မြိတ်မြို့မှ အနောက်တောင်ဘက် မိုင်ပေါင်း ၁၀၀ ကျော်အား ရေငံကြီးရွာအထိ မြန်မာများနေထိုင်ကြကာ ကျန် ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းကျေးရွာ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ပသျှူးအမျိုးသားများသာ လူများစုအဖြစ် နေထိုင်ကြလေသည်။ ကုန်းပိုင်း၌မူကား ယိုးဒယားများ နေထိုင်သည်။

ဘုတ်ပြင်းမြို့နယ်၌ အတွင်း ဘုတ်ပြင်းရွာ၊ ဟန်ကပြုရွာ၊ ကရသူရိရွာများမှာ ထိုလမ်းခရီးရှိ ယိုးဒယားရွာကြီးများသာ ဖြစ်ကြလေသည်။ ချောင်းကရက်၊ ကော့ပမာ၊ ကမ်းတော၊ မသေရွာများ၌ကား မြန်မာတံငါသည်များ ရှိကြသည်။ ကျားကိုက်အော်မှနေပြီး ကော့သောင်းမြို့နယ်အထိမူကား တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်း၏ ကျေးရွာများအကုန်မှာ "ပသျှူး" လူမျိုးခေါ် "မလေး" အမျိုးသားများသာ နေထိုင်ကြလေသည်။ ဘုတ်ပြင်းမြို့မှာ မူလပသျှူးမျိုးဖြစ်ပြီး ယခုအခါ ပသျှူး၊ ယိုးဒယား၊ မြန်မာ၊ တရုတ်၊ ကုလား လူမျိုးစုံရောနှော၍ နေထိုင်ကြသည်။ ကော့သောင်းမြို့မှာလည်း ဤအတိုင်းပင် ဖြစ်ပေသည်။

## ဘုတ်ပြင်းမြို့နယ်

ဘုတ်ပြင်းမြို့မှာ ကမ်းရိုးတန်း အော်ဝိုက်တစ်ခုအတွင်း၌ လှပစွာတည်ရှိပြီး မြို့အုပ်ရုံးစိုက်လေသည်။ ဂါတ်တောင်မှာ မြို့၏အတွင်းပိုင်းမှ စီး၍ တည်ရှိပြီး ဘုတ်ပြင်းမြို့ကို တည်ငြိမ်စွာ အုပ်ချုပ်ထားလေသည်။ မြို့၏အကျယ်မှာ ၁ မိုင်ပတ်လည်မျှသာရှိပြီး မြို့နယ်အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၁၅၂၅ မိုင်ရှိလေသည်။ ကျေးရွာအုပ်စု ၂၀ ရှိပြီး တောတောင်ထူထပ်လှလေသည်။ ထိုမြို့နယ်တွင် လူဦးရေပေါင်း ၁၁၆၀၀ ခန့်နေထိုင်ကြခြင်းကြောင့် လူနေကျဲလွန်းလှသည်။ ခရစ်သက္ကရာဇ် ၁၉၅၃ ခုနှစ်က ကောက်သော သန်းခေါင်စာရင်းအရ လူဦးရေပေါင်း ၁၁၅၄၁ ယောက်သာရှိကြောင်း သိရလေသည်။ ထိုလူဦးရေတွင် မြန်မာလူမျိုး ၂၀ ရာခိုင်နှုန်းရှိပြီး ကျန် ၈၀ မှာ ယိုးဒယားနှင့် ပသျှူးများသာဖြစ်ကြသည်။ ပသျှူး ၆၀ ရာခိုင်နှုန်းရှိပြီး ယိုးဒယား ၄၀ ရာခိုင်နှုန်းမျှသာရှိသည်။ သတ္တု၊ ရာဘာ၊ တံငါ၊ ဥယျာဉ်များ စိုက်ပျိုးလုပ်ကိုင်စားသောက်ကြသည်။

## ကော့သောင်းမြို့နယ်

ဝိတိုရိယအငူစွန်း၏ အတွင်းဘက်ရှိ ကော့သောင်းမြို့နယ်ကား ပါချန်မြစ်၏ ကမ်းနဖူးပေါ် ကျားကိုက်အော်မှ ပါချန်းကျေးရွာအဆုံးအထိ စတုရန်းမိုင်ပေါင်း ၁၁၅၀ ရှိလေသည်။ ကျေးရွာအုပ်စု ၁၆ ခုရှိပြီး မြို့နယ်လူဦးရေပေါင်း ၁၁,၀၀၀ ကျော်ရှိသည်။ ၁၉၅၃ ခုနှစ်၏ သန်းခေါင်စာရင်းအရ လူဦးရေပေါင်း ၉,၉၀၀ ရှိသည်။ ထိုလူဦးရေ ၉,၉၀၀ တွင် မြန်မာလူမျိုး ၃၀၀၊ ယိုးဒယားလူမျိုး ၃၅၁၃ ယောက်၊ ပသျှူးလူမျိုး ၄၀၂၆ ယောက်ရှိလေသည်။ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်တွင်ပါ ပသျှူးအမျိုးသားများ များပြားစွာ နေထိုင်ခြင်းမှာ ခရစ်သက္ကရာဇ် အေဒီ ၁၅ ရာစုနှစ်လောက်ကစပြီး စတင်ရောက်ရှိနေထိုင်လာခဲ့ကြခြင်းကြောင့်ဖြစ်သည်။

## တောင်ပိုင်းကမ်းခြေ မာကာဆားအနွယ်များ

ထိုအပိုင်းလောက်က ဖြစ်ပွားခဲ့ရသော ဒပ်ချ်နှင့် မာကာဆားတို့၏ စစ်ပွဲကြောင့် မာကာဆား (ပသျှူး) လူမျိုးများ စစ်ရေး ရှုံးနိမ့်ခဲ့သည်။ ၄င်းတို့ပိုင် "စီး-လီး-ဘီး" (Celebes)နယ်မှ ထွက်ပြေးလွတ်မြောက်လာကြခြင်းကြောင့်ပင်ဖြစ်သည်။ မာကာဆားမှာ မြို့အမည်ဖြစ်ပြီး မာကာဆားမြို့မှ "ဒေး" (Dai)အမည်ရှိ မင်းသားတစ်ပါးနှင့် အတူ ထွက်ပြေးလာခဲ့ခြင်းဖြစ်ကြလေသည်။ ထိုအချိန်က ယင်း ပင်လယ်ကမ်းခြေကို ယိုးဒယားပြည် အာယုဒ္ဓယပြည်ရှင် ဖရားနာရဲမင်းက ပိုင်ဆိုင်ခဲ့လေသည်။ ထိုအချိန်မှစပြီး ရောက်ရှိအခြေပြုကာ ကမ်းတက်နေထိုင်ကြ၍ ကော့သောင်းမြို့မှာ မူလအားဖြင့် မာကာဆားပသျှူးမြို့ဖြစ်လေသည်။

ပသျှူးဘာသာစကားအရ (ပူးလောင်းဒူးဝါး)ဟူ၍ခေါ်လေသည်။ "ပူလောင်း"(ကျွန်း)၊ "ဒူးဝါး"(နှစ်) မြန်မာလိုပြန်လျှင် (ကျွန်းနှစ်လုံးရှိသောမြို့) ဖြစ်သည်။ ပသျှူးစကားကိုလိုက်ပြီး ယိုးဒယားလူမျိုးများက တဖန် ကော့စောင်းဟူ၍ အမည်ပေးလိုက်ပြန်သည်။ "ကော့" မှာ ကျွန်း "စောင်း"မှာ (နှစ်)ပင်ဖြစ်သည်။ ယခုအခါ



မြန်မာများက တဖန် ကာလရွှေ့ပြီး ယိုးဒယားအသံထွက်ကိုယူကာ ကော့သောင်းမြို့ယူ၍ ခေါ်နေကြခြင်းဖြစ်သည်။ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်၏ ပင်လယ်ကမ်းရိုးတန်းကျေးရွာများမှာ ပသျှူးဘာသာအမည်များဖြင့်သာဖြစ်သည်။ ပုလောထုံးထုံရွာ၊ စူငါဘာလှိုင်ရွာ၊ နိုင်ငွားရွာ၊ စတိန်ရွာ၊ စူငယ်ပါဒရွာများမှာ ပသျှူးအသံထွက် လုံးလုံးဖြစ်လေသည်။ ဤသို့အားဖြင့် တောင်ပိုင်းကမ်းခြေမှာ စိတ်ဝင်စားဖွယ်ရာများဖြင့်တွေ့မြင်ခဲ့ရပါသည်။

**ငါးပိ မစားသော်လည်း**

ပသျှူးအမျိုးသားများမှာ ပသီဘာသာဝင် (မဟာမက်) ကို ကိုးကွယ်ကြသည့် မဟာမေဒင်များဖြစ်သည်။ ပုဇွန်ဆိတ်မှပြုလုပ်သော ငါးပိကို ပသျှူးအမျိုးသားများ မစားမသေဝံ့ကြသော်လည်း ငါးပိကိုမူကား ထွက်ကုန်အဖြစ်ကောင်းစွာ ထုတ်လုပ်ရောင်းချကြလေသည်။ ထိုငါးပိကို (ပသျှူးငါးပိ) ဟူ၍ သီးခြားခေါ်ဆိုကြသည်။ မြန်မာငါးပိလိုဈေးကောင်းမရချေ။ သဲတန်း၌လှမ်းပြီး သဲပါကာ ညှံ့၍ဖြစ်

သည်။

ပသျှူးကျေးရွာတစ်လျှောက်တွင် အုန်းကို အမြောက်အမြားစိုက်ပျိုးကြသည်။ ရင့်ကြိုက်သောအုန်းသည် အလွန်ပင်အောင်မြင်ပြီး မြောက်မြားစွာ သီးပင်ကြလေသည်။ ပသျှူးအမျိုးသားများသည်လည်း အုန်းသီးကို အသုံးများကြသည်။ အုန်းသီးမှထုတ်သော အုန်းဆီကို အများအပြားစားကြသည်။ နေရာတိုင်း၌ အုန်းဆီပါသည်၊ အုန်းကြိုက်သော တောဝက်များမှာလည်း ယင်းပသျှူးဒေသတွင် အလွန်ပင်ပေါများလှပေသည်။ ပသျှူးလူမျိုးများက ရှုံ့ရှာပြီး မစားမသောက်ကြခြင်းကြောင့်လည်း ပသျှူးဒေသရှိ တောဝက်များမှာ လူကို လုံးဝမကြောက်ကြချေ။ ပသျှူးအမျိုးသား၏ အစာအာဟာရတွင် အမွှန်မြတ်ဆုံးသော အစာတစ်မျိုးမှာ (ကျွဲသားပျားပအုံး)ဖြစ်လေသည်။ ထိုအစာမှာ အချိုဖြစ်သော်လည်း ကျွဲသားကို အုန်းသီးဆီ၊ သကြားများဖြင့် အချို နို့ အဆိမ့် အလွန်ကောင်းအောင် ချက်ထားခြင်းဖြင့် တစ်မျိုးထူးခြားလှပေသည်။ ပသျှူး နေ့ကြီး ရက်ကြီးများတွင် ငွေကြေးရှင်များသာ ကျွေးနိုင်ကြသည်။ အုန်းပင် အုန်းတောများဖြင့် ဝေဝေဆာဆာ လှပ၍နေသော ပသျှူးရွာကလေးများတွင် အိမ်တွင်းပုန်း ပသျှူးအမျိုးသမီးကလေးများမှာလည်း လှပ၍ ကျက်သရေရှိလှပါပေသည်။ ပသျှူးလူမျိုးများသည် တံငါအလုပ်ဖြစ်သော ငါးပိလုပ်ခြင်းအပြင် ငါးများကိုလည်း ဖမ်း၍ ငါးခြောက်လုပ်ကြသည်။

## နာမည်ကြီး ပင်လယ်

တနင်္သာရီရိုးမတောင်တန်းသည် တောင်စဉ်တောင်ထပ်များအတိုင်း ဝိတိရိယအငူစွန်းဘက်သို့ လှပမြင့်မားစွာ ထိုးဆင်း၍လာလေသည်။ ထိုတောင်ရိုးတောင်တန်းများမှာ မြင့်မားလှပြီး ပင်လယ်ခရီးသွားများ၏ မျက်လုံးအကြည်ဓာတ်ကို သာယာစေလေသည်။ ယင်းတောင်ရိုးအောက်တွင် ဖော်ပြရာပါ တောင်ပိုင်းကမ်းခြေရှိပြီး တောင်ပိုင်းကမ်းခြေကြီးမှာ ဆင်နှာမောင်းသဏ္ဍာန်သွယ်ပြောင်းလျက် ဆင်းလာသော ဝိတိရိယအငူစွန်း၌ ဆုံး၍နေလေသည်။ ထိုကမ်းခြေ၏ အလွန်တွင် မြိတ်ကျွန်းစုကျွန်းတန်းများ အစဉ်တစိုက်ရှိကြပြီး မင်းမော်ကျွန်းမှလွန်လျှင် ပင်လယ်ပြင်အပြန့်ကျယ်လျက် ကျွန်းနည်းပါး၍လာတော့သည်။ အိန္ဒိယသမုဒ္ဒရာ၏ အရှေ့ဘက်ထောင့်ကွေး ပင်လယ်ဖြစ်ခြင်းကြောင့်လည်း အပျိုမလေး၏ မျက်ခုံးသို့ လှပနေပါပေသည်။

အလယ်မန်ကျွန်းမှာ ထင်ရှားသော ကျွန်းကြီးတစ်ကျွန်းဖြစ်ပြီး ထိုကျွန်းကိုအကြောင်းပြု၍ ယင်းပင်လယ်ကိုလည်း အလယ်မန်ပင်လယ်ဟူ၍ပင် ခရီးသွားများက ခေါ်ဆိုကြသည်။ အလယ်မန်ကျွန်းလွန်လျှင် ဆင်တစ်ကောင်ရပ်၍နေသည့် သဏ္ဍာန်ရှိသော (ဆင်ကျွန်း) ကြီးတစ်ကျွန်းရှိလေသည်။ ထိုဆင်ကျွန်းကို အကြောင်းပြုပြီး ယင်းအနီးရှိ ပင်လယ်ရေပြင်ကြီးကို "ဆင်ကျွန်း"ရေပြင်ဟူ၍ ပင်လယ်ခရီးသွားများက ခေါ်ဆိုကြပြန်သည်။ ဆင်ကျွန်းပင်လယ်၏ အောက်တွင် လမ်းပိကျွန်းတန်းနှင့် ဇာဒက်ကြီးကျွန်းတန်းခံနေပြီး ပင်လယ်ပြင်မှာ ကျယ်ပြန့်၍ ရေမှာလည်း အလွန်နက်လေသည်။ ထိုကျွန်းတန်း ၂ ခုမှ လွန်သွားလျှင် အိန္ဒိယသမုဒ္ဒရာသာဖြစ်လေတော့သည်။

ဆင်ကျွန်းပင်လယ်နှင့် အလယ်မန်ပင်လယ်များတွင် ငါးအလွန်ပေါလေသည်။ နာမည်ကျော် နိုင်ငံခြားငါးခိုးစခန်းကြီးအဖြစ် ထင်ရှား၍နေသည်။ "ငထီး" ခေါ် "ငရှ" အုပ်ကြီးများ အလွန်ပေါသည်။ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် လှပစွာရှိလေသည်။ ထိုပင်လယ်၌ ဝေလငါးခေါ် ငါးဝန်ကြီးများလည်းရှိသည်။ ငါးမန်းစွယ်ရမ်းကြီးများနှင့် ငါးမန်းခေါင်းပုကြီးများလည်းရှိသည်။ ထိုငါးမန်း ၂ မျိုးမှာ ပင်လယ်သတ္တဝါများအနက် (ပင်လယ်ရေသူရဲ) ခေါ် (ဘဝဲ)လိုပင် ကြောက်စရာအလွန်ကောင်းပေသည်။ ပင်လယ်ရေနက်ဘုရင်ကြီးများလည်း ဖြစ်ကြသည်။ ထိုပင်လယ်တွင် (ရှမ်းပဒူး) ဆိုသည့် ငါးဆိတ်များ သိန်းသန်းချီ၍ ပေါများလှသည်။ အာရှတိုက်၏ ငါးအပေါများဆုံး ဒေသကြီးပင်ဖြစ်တော့သည်။ ရေမှာ အလံ ၇၀ ကျော်မျှနက်၍ ရေငုပ်သင်္ဘောများလည်း ဝင်နိုင်သောနေရာဖြစ်သည်။ အာရှစစ်ပွဲအတွင်းက မဟာမိတ်တပ်၏ ရေငုပ်သင်္ဘောများ ကျက်စားရာဖြစ်ခဲ့သည်။

## သံကျွန်းကြီး နှစ်ကျွန်း

ယင်း ဆင်ကျွန်းပင်လယ်၏ ကမ်းခြေအနီးတွင် သံကျွန်းကြီးနှစ်ကျွန်းရှိလေသည်။ ထိုသံကျွန်းကြီးနှစ်ကျွန်းမှာ ဝိတိရိယအငူစွန်းသို့ ထိုးထွက်ရာ ဩကြီးကမ်းခြေအရှေ့ဘက်နှင့် ရှမ်းဖမ်းကျေးရွာ အရှေ့ဘက်များ၌ ဖြစ်လေသည်။ ခိုကျွန်းနှင့် မပူတေးကျွန်းဟု ခေါ်ပြီး တစ်ကျွန်းလုံး သံဖြစ်နေသည်ဟု ဆိုလေသည်။ ကဆိုင်းလှငှက်သိုက်ကျွန်း

လည်း တစ်ကျွန်းရှိသည်။ သြကြီးရွာအလွန်၌ဖြစ်သည်။ ထိုကဆိုင်းလှငှက်သိုက်ကျွန်းမှာ မြန်မာသက္ကရာဇ် ၇၃၅ ခုနှစ်လောက်က တနင်္သာရီမြို့ကို အသစ်ထပ်မံတည်ဆောက်ရာတွင် သာရီဘုရင်၏ မြို့နယ်အပိုင်းအခြား ဖြစ်ခဲ့ဘူးလေသည်။ သာရီမြို့ (တနင်္သာရီမြို့)၏ တောင်ဘက်အဆုံးမှာ ကဆိုင်းလှကျွန်းဖြစ်ကြောင်းနှင့် ပါရှိလေသည်။ ထိုအချိန်က တနင်္သာရီမြို့ကို အုပ်ချုပ်သောမင်းမှာ ဘာဟီကရာဇာဖြစ်သည်။ ပုလောထုံဆုံးကျွန်းမှာ ကော့သောင်းမြို့အဝင် ၆ မိုင်အလို၌ရှိပြီး ရာဇဝင်တစ်လျှောက်လုံးတွင် ယိုးဒယားပြည်နှင့် ကုန်စည်ခိုးထုတ်ခိုးသွင်းရာကျွန်းအဖြစ် ထင်ရှားခဲ့လေသည်။

## ဝိတိုရိယအငူ

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲပြီးသည်နှင့် ရန်တပိုမြို့တွင် (ရန်တပိုစာချုပ်) ကို ချုပ်ဆိုပြီးစီးကြလေသည်။ မြန်မာဘုရင်က စစ်ရှုံးပြီးသည်နောက် မြန်မာများက ရခိုင်နှင့် တနင်္သာရီတိုင်းကို အင်္ဂလိပ်တို့အား ပေးအပ်လိုက်ရပြီး စစ်လျော်ကြေးငွေ (တစ်ကုဋေ) ကိုလည်း ပေးလိုက်ရလေသည်။ မြိတ်မြို့နှင့် တနင်္သာရီမြို့မှာ အင်္ဂလိပ်လက်အောက်ကျရောက်သွားလျက် ရန်တပိုစာချုပ်ပြီး၍ ဗြိတိသျှတို့က တနင်္သာရီတိုင်း ကျိုက္ခမီမြို့တွင် (မြို့တော်) တည်ဆောက်လေသည်။ ထိုသည်နောက် ယိုးဒယားမြန်မာနယ်ခြားကို သတ်မှတ်ခဲ့ကြသည်။

မြန်မာပိုင် ကော့သောင်းအငူစွန်းကိုလည်း (ဝိတိုရိယအငူစွန်း) ဟူသော အမည်သစ်ဖြင့် ခေါ်တွင်သတ်မှတ်လိုက်သည်။ ဝိတိုရိယဘုရင်မကြီး ဂုဏ်ပြုခြင်းပင်ဖြစ်သည်။ ထိုအငူစွန်းမှာ ကော့သောင်းမြို့မှ အနောက်တောင်ဘက် ဂတ်တောင်ခြေအောက်၌ဖြစ်သည်။ ပါချန်မြစ်ဝသို့ မြားဦးသဏ္ဌာန်လှည့်ပြီး ကျောက်စွန်းထွက်နေသည်။ ဆယ်ပေမျှ အရှေ့သို့ ထိုးထွက်လျက် ၇ ပေမျှ အမြင့်ရှိလေသည်။ ထိုအငူမှာ မြန်မာနိုင်ငံတောင်ဘက် ရေမြေအဆုံး၏ အငူစွန်းကလေးပင်ဖြစ်သည်။ ယင်းအငူမှဆုံးလျှင် တောင်ဘက်ပင်လယ်၌ မြန်မာပိုင်မြေမရှိပါပြီ။ ရာဇဝင်အရလည်းကောင်း၊ ပထဝီအရလည်းကောင်း၊ မှတ်သားဖွယ်ရာကောင်းလှသောနေရာ (မြားဦး) ကလေးပင်ဖြစ်ပေသည်။

## ကော့သောင်းမြို့

"ပူးလောင်းဒူးဝါး" ခေါ် "ကော့စောင်း" မြို့ကလေးမှာ ဝိတိုရိယအငူစွန်း၏ အတွင်းပိုင်း အော်ကွေ့အတွင်းဝယ် လှပစွာတည်ရှိလေသည်။ ပေ ၁၀၀ ကျော်မျှအမြင့်ရှိသော ကျွန်းနှစ်ကျွန်းက ခြံရံလျက် အလယ်တွင် အေးမြသာယာစွာ တည်ရှိနေခြင်းဖြစ်သည်။ တောင်ကုန်းမြို့ကလေးဖြစ်၍ မြို့၏အလျား ပေ ၁၅၀ ခန့်ရှိပြီး အနံပေ ၈၀ ခန့်ရှိပေသည်။ လမ်းသုံးထပ်ရှိ၍ အောက်လမ်း၊ အလယ်လမ်း၊ အထက်လမ်းဟူ၍ ခွဲခြားထားသည်။ ကျောက်လှေကားများဖြင့် ရှေးဆန်ဆန် လမ်းကူးရသည်။ နယ်ပိုင်ဝန်ထောက်မင်း ရုံးစိုက်လျှင် ရဲမှူးတစ်ဦးက ရာဇဝတ်မှုအရပ်ရပ်ကို ကာကွယ်စောင့်ရှောက်ထားလေသည်။ မြို့၏အနောက်ဘက် တောင်ကုန်းကို ရဲဌာနရှိခြင်းကြောင့် ဂတ်တောင်ဟူ၍ ခေါ်ပြီး အရှေ့ဘက်တောင်ကုန်းကို ဗုဒ္ဓဘုရားစေတီများ ရှိခြင်းကြောင့် ဘုရားတောင်ဟူ၍ ခေါ်လေသည်။ အိမ်ခြေပေါင်း ၄၀၀ ကျော်မျှရှိပြီး ပသျှူးအမျိုးသား ရွာသူကြီးတစ်ဦးက အုပ်ချုပ်ထားသည်။ လူဦးရေစုစုပေါင်း ၃၀၀၀ ကျော်ခန့်ရှိ၍ အများစုမှာ ပသျှူးလူမျိုးများဖြစ်ပြီး ဒုတိယအများဆုံးမှာ ယိုးဒယားလူမျိုးများဖြစ်သည်။ တရုတ်အမျိုးသားများမှာ ယိုးဒယားအမျိုးသမီးများနှင့် အိမ်ထောင်ပြုပြီး စီးပွားရေးလုပ်ငန်းအများအပြားကို လက်ဝါးကြီးအုပ်ထားကြလေသည်။

မြန်မာများကား လူနည်းစုဖြစ်၍ အစိုးရအမှုထမ်းများဖြစ်ကြသည်။ ဦးသိန်းဟန်အမည်ရှိ အမျိုးသားတစ်ဦးသာလျှင် ယိုးဒယားမြန်မာနယ်ခြား၌ စီးပွားရေးအခြေစိုက်နေသည်။ ၄င်းမှာ မြိတ်မြို့ ဈေးတန်းရပ်သားဖြစ်သည်။ ကော့သောင်းမြို့သူ၊ မြို့သားများမှာ ရောင်းဝယ်ဖောက်ကားစားသောက်နေထိုင်ကြသည်။ တစ်ပြည်နှင့်တစ်ပြည် ကူးသန်းရောင်းဝယ်ကြသည်။ မြန်မာ့ငွေဈေး အနှိမ်ခံနေရသည့်မြို့မှာ ကော့သောင်းမြို့၏ မှောင်ခိုငွေဈေးပင်ဖြစ်သည်။

ယိုးဒယားပြည် ရနောင်းကမ်းနှင့် ကော့သောင်းမြို့မှာ ပါချန်မြစ်က ခြားနား၍ ထားပြီး ၃ မိုင်ခရီး အပြန့်ကျယ်လေသည်။ တစ်ပြည်နှင့်တစ်ပြည် နေ့စဉ်သွားလာကူးလူးမှုများရှိကြသည်။ ချစ်ကြည်နေကြသည်။ မြန်မာဘက်ကမ်းမှ သွားကြသူများသည် ဈေးပေါသော နိုင်ငံခြားအလှကုန်ပစ္စည်းများကို ယိုးဒယားဘက်မှ ဝယ်လာကြသည်။ ယိုးဒယားမှ လာကြသူများကမူ မြန်မာပြည်မှ စားကုန်နှင့် သုံးကုန်များ

ကို ဝယ်ကြသည်။ ဤသို့အားဖြင့် စနေ၊ တနင်္ဂနွေမှတပါး စည်ကားမဆုံး အရောင်းအဝယ်ကောင်းနေကြသည်။ ယိုးဒယားပြည် ရနောင်းနယ်တွင်မူ ငွေဖြန့်းစရာအမျိုးမျိုးရှိပေသည်။

ကော့သောင်းမြို့မှာ ရာဇဝတ်မှု အလွန်နည်းသောဒေသတစ်ခုဖြစ်သည်။ သူခိုးမရှိသည်မှာ ကော့သောင်းမြို့နယ်၏ ချစ်စရာအလွန်ကောင်းသော (ရမက်ထူး) ကလေးပင်ဖြစ်သည်။ ကော့သောင်းမြို့၌ အရက်အလွန်ရောင်းရသည်။ လမ်းတွင်ရပ်၍ မတည့်အောင် မူးကြသော်လည်း ရာဇဝတ်မှုကား မဖြစ်ပါပေ။

## ဗုဒ္ဓရောင်ဝါ

အာရှစစ်ပွဲမဖြစ်မီက ကော့သောင်းမြို့၏ ဆိပ်ဦးတွင် နတ်စင် ၂ လုံးသာ မြို့ဝင်အဖြစ် အရင်တွေ့ရသည်။ ယခုမူကား သီရိမင်္ဂလာ ပိဋကတ်စေတီကုန်းတော်များ ပေါ်တော်မူကာ ဆီမီးထိန်ထိန်နှင့် ဗုဒ္ဓတောင်ကုန်းကို ဖူးတွေ့ရပြီဖြစ်သည်။ ၁၉၅၃ ခုနှစ်မှစပြီး ပြည်တော်အေးစေတီပေါ်ခဲ့သည်။ ၎င်းနောက် မွန်ဆရာတော်အရှင်ဦးသြဘာသ ကိုယ်တော်ရောက်ရှိလာပြီး သီရိမင်္ဂလာ ပိဋကတ်စေတီနှင့် ဗုဒ္ဓကျောင်းကန်ဇရပ်အသီးသီး ပေါ်လာရခြင်းဖြစ်တော့သည်။ ၇ မိုင်စခန်းတွင်လည်း ၇ မိုင်စေတီတော်များပေါ်နေလေပြီ။ ဗုဒ္ဓကျောင်းများလည်း တိုးတက်နေသည်။ ၇ မိုင်စခန်းရှိ (ပထမကျောင်းတိုက်)နှင့် ကော့သောင်းအနီး သင်္ချိုင်းကုန်းတွင်း၊ ယိုးဒယားဘုန်းတော်ကြီး ကမ္မဋ္ဌာန်းကျောင်းများဖြင့် သာသနာ့ရောင်ဝါမှာ အထူးတိုးတက်၍နေသည်ကို တွေ့ရလေသည်။

ကော့သောင်းမြို့မှ ၂၅ မိုင်အဝေး မလိဝန်းရွာအထိ နေ့စဉ် ခရီးသည်တင် ဘတ်စ်ကားရှိသည်။ ရေလမ်းမှလည်း အရှေ့ဘက် ပါချန်မြစ်ဖျားသို့ ၃၈ မိုင်အဝေး၊ မရမ်းရဲဌာနအထိ ခရီးသည်တင် မော်တော်ဘုတ်ရှိနေလေသည်။ ဤသို့အားဖြင့် မြန်မာနိုင်ငံတောင်ပိုင်းကမ်းခြေအဆုံးသို့ ခရီးတစ်ခေါက် ရောက်ခဲ့ရပါသတည်း။

မြဝတီမဂ္ဂဇင်း၊ အတွဲ ၁၃၊ အမှတ် ၂၊<br>
၁၉၆၄ ၊ ဒီဇင်ဘာလထုတ်မှ<br>
ပြန်လည်တင်ပြထားပါသည်။

# တိမ်မြုပ်ခံ ပသျှူး

▲ နိုင်စိုး ▼

*မြန်မာနိုင်ငံ တောင်ဖက်ပိုင်းအတွင်းရှိ ဗရူး၊ ပသျှူး၊ ပရှူး အမည်ခေါ်တွင်သော မလေး(MALAY)လူမျိုး တို့အကြောင်းကို လူမျိုး ၁၀၁ ပါးပုံ ရေးဆွဲထားသော နံရံပန်းချီများ၊ မြန်မာ့သမိုင်းမှတ်တမ်းများတွင် တစိတ်တဒေသ တွေ့ရှိရပါသည်။ ပသျှူး ခေါ် မလေးကို လူမျိုး ၁၀၁ပါးပုံ ပခုက္ကူ မြို့နယ် ဆင်ကြို့ရွာ ရွှေဂူကျောင်း ရှိ နံရံ ပန်းချီ၌ ဗရူးအမည်ဖြင့် ပုံဖော်ထားသည်ကို တွေ့ရှိရပါသည်။*

ထိုအပြင် ဦးကုလားရေး မြန်မာ့ရာဇဝင်တော်ကြီး တတိယတွဲတွင် လည်း တနင်္သာရီမှတဆင်း ထိုင်းသို့ မင်းမှူးထမ်းများ သွားရောက် တပ်ချရာတွင် နေ့ခင်းဘက် တနင်္သာရီ တကြောတွင် ပသျှူးလူရှိုင်း ရန်ကို ကြောက်ရ ကြောင့် ပြဆိုထားပါသည်။ ဘိုးတော်ဘုရားလက်ထက် ပြုစုသော စကားစုဘုရား ပုရပိုက်၌ ပသျှူးစကားများကို မြန်မာစကားနှင့် သိသာအောင် ပြန်ဆိုမှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပါသည်။ ယင်းလူမျိုးစုတို့၏ သမိုင်းကြောင်း၊ ဘာသာစကား၊ ယုံကြည်မှုဆိုင်ရာ ကိုးကွယ်မှုများ ၊ဓလေ့တို့ကား တိမ်မြုပ်နေလျက် ရှိနေဆဲပင် ဖြစ်သည်။ ယခု အများစုနေထိုင်သည့် နေရာကား ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းမြို့နယ် အနှံ့အပြားတွင် တွေ့မြင် ရပါလိမ့်မည်။




**Map 4: Kedah's traditional maritime control in the Northern Corridor**

*(Kedah: the foundations and durability of Malay kingship, thesis submitted by Maziar)*

### သမိုင်းကြောင်း

၁၅ ရာစုလောက်က ဖြစ်ပွားခဲ့သော ဒပ်ချ်နှင့် မာကာဆားတို့၏ စစ်ပွဲကြောင့် မာကာဆားလူမျိုးများ စစ်ရေး ရှုံးနိမ့်ခဲ့ရာ ၎င်းတို့ မူလနေရာ စီးလီးဘီးမြို့မှ ဒေးအမည်ရှိမင်းသားနှင့်အတူ မြန်မာပြည်တောင်ပိုင်းကမ်းခြေအငူသို့ ထွက်ပြေးလာကြသည်။ ၎င်းတို့ နေထိုင်ရာ နေရာကို ပူးလောင်း ဒူးဝါး ဟူ၍ ခေါ်ဆိုလာခဲ့ပါသည်။ အဓိပ္ပာယ်မှာ ပူလောင်း(ကျွန်း)၊ ဒူးဝါး(နှစ်) ကျွန်းနှစ်လုံးရှိသော မြို့ဖြစ်သည်။ အယုဒ္ဓယပိုင်နယ်မြေ အချိန်တွင် ကော့စောင်းကော့ (ကျွန်း) စောင်း(နှစ်) ဟူသော အဓိပ္ပာယ်ပင် ဖြစ်ပါ သည်။ ယခုအခါ မြန်မာစကား အရ ကော့သောင်းမြို့ ဖြစ်လာလေသည်။ ယင်းဒေသတစ်ဝိုက်တွင် ပူလို(ပုလော)၊ ပူလိုတုံတုံ (ပုလောတုံး တုံး)၊ စူငါဘာလှိုင်း၊ နိုင်ငွာ၊ စူငယ်ပါဒ စသဖြင့်မြို့ရွာများသည် ပသျှူး အသံထွက် အမည် မှည့် များဖြစ်ကြ သည် ။

၎င်းတို့ ပြောဆိုသော စကားမှာ ဩစထရိုနီရှန်း ဘာသာစကား ဖြစ်သည်။ မော်ကင်း စကား နွယ်ပါသည်။ ယခုအခါတွင် တိဗက်တိုဘာမင်း စကားများကို ပြောဆို နေလာကြပါပြီ။ ၎င်းတို့သည် အစ္စလာမ် ဘာသာကို ကိုးကွယ်ကြသူများ ဖြစ်ပါသည်။ ထိုအပြင် ဒုတိယ ကမ္ဘာစစ်အတွင်းက အင်္ဂလိပ်နှင့် ဂျပန်တို့ကို တော်လှန်စဉ်က ဗမာတပ်မတော်တွင် မြန်မာနိုင်ငံတောင်ပိုင်းရှိ ပသျှူး အချို့သည် စစ်သားများအဖြစ် ပါဝင်ခဲ့သည်။

### မွန်ပြည်နယ်မှ ပသျှူးတို့ခြေရာ

ထိုအပြင် မော်လမြိုင်၊ မုတ္တမ၊ ရေး တို့တွင် ပသျှူးလူ မျိုး များ ပြန့်နှံ့နေထိုင်လျက်ရှိနေပါသည်။ မွန်ပြည်နယ်၊ ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာတွင် ပသျှူးလူမျိုးအချို့ ပိုက်လာစီးရင်း အိုးအိမ်ထူထောင် သွားခဲ့သော ပသျှူးများကို တွေ့မြင်ရပါသည်။ လွန်ခဲ့သော နှစ်တစ်ရာခန့်ကပင် ဖြစ်သည်။ ယင်းကျေးရွာတွင်

ပသျှူးစစ်ရွှေ၏ ဝတ်ပြုဆောင် ရှိခဲ့သည်။ ဦးကြီးစိန်-ဦးကျင်ဖေရေး ယခင်-ယခု မော်လမြိုင် (မော်လမြိုင်မှတ်တမ်း) စာအုပ်တွင် ပသျှူးလူမျိုးတို့နှင့် ပတ်သက်သော အကြောင်းအရာ များကို တွေ့ရပါသည်။ မလေးကျွန်းဆွယ်မှ မလေး (ပသျှူး) လူမျိုးတို့သည် မော်လမြိုင်သို့ ပြောင်းရွှေ့ လာပြီး ၎င်းတို့ နေထိုင်ရာ လမ်းကိုမလေးလမ်း၊ပီနန်လမ်းအဖြစ်ခေါ်ဝေါ်ခဲ့ကြကြောင်း ဖော်ပြထား ပါသည်။ သို့သော် မော်လမြိုင်မြို့ရှိ ၁၈၇၂အထိရှိနေသည့် လူမျိုးအလိုက် လူဦးရေစာရင်းတွင် ပသျှူးအုပ်စု အဖြစ် ထည့်သွင်းဖော်ပြထားခြင်း မတွေ့ရှိရသော်လည်း မလေးလူမျိုးစာရင်းများအရ မော်လမြိုင်မြို့တွင် ၁၈၃၈ခုနှစ်၌ မလေး ၇၃ယောက်၊ ၁၈၄၁ ခုနှစ်၌ ၆၁ ယောက်ရှိကြောင်း သိရှိရပါသည် ။



မွန်ပြည်နယ်၊ ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာရှိ
ဝတ်ပြုဆောင် (ဓာတ်ပုံ-သောင်းထိုက်)

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သဲဖြူကုန်းကျေးရွာအုပ်စု၊ ပသျှူးပိုင်းကျေးရွာတည်ရှိပါသည် ။ ထိုကျေးရွာရှိ လူမျိုးစုများတွင် ပသျှူးလူမျိုးများ ပါဝင်ပါသည်။ ယင်းတို့သည် ၁၈၂၄ခုနှစ်မတိုင်မီက ပီနန်မှ လာရောက် အခြေချနေသူများ ဖြစ်ကြသည်။ ပန်းတိမ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နေကြသည်။ ၎င်းကျေးရွာတွင် ဗလီ ၊ စာသင်ကျောင်း မာဒါဆာလ်၊ ဝတ်ပြုဆောင်များ လွန်ခဲ့သော နှစ်၂၀၀ ကျော်က တည်းက တည်ရှိနေပါသည်။ ၎င်းကျေးရွာတွင် ပသျှူးလူမျိုးများနှင့်အတူ တမိလ်လူမျိုး (ဟိန္ဒူဘာသာဝင်) များ၊ ကရင်၊ မွန်များ နေထိုင်ကြပါသည်။

**နှစ်နှစ်ရာကျော်က ပသျှူးစကား**

ဘိုးတော်ဘုရား (၁၇၈၁-၁၈၁၉ ) လက်ထက် ပြုစုသော စကားစုဘုရားပုရပိုက်၌ ပသျှူးစကားများ ကို မြန်မာစကားနှင့် သိသာအောင် ပြန်ဆိုမှတ်တမ်း တင်ထားသည်ကို တွေ့ရှိရပါသည်။ ထိုပုရပိုက်အမည်မှာ အရပ်ရပ်အမျိုးတို့၏မူလဘာသာစကားအခေါ်အဝေါ်ကို မြန်မာစကားနှင့် သိသာအောင်ပြန်ဆိုချက် စကားစုဘုရား ဖြစ်သည်။ ယင်း ပသျှူးစကားနှင့်အတူ ပသီစကား၊ ဘင်္ဂလီစကား၊ အရမနီစကား၊ အင်္ဂလိပ်စကား၊ ဘရင်ဂျီစကား၊ပုဏ္ဏားစကား၊ဟိန်ဒူစကား၊ဝေသာလီစကား၊ အက္ကပတ်စကား၊ ကလယ်စကား စသည့်တို့ကိုလည်း တင်ပြထားပါသည်။ ပသျှူးစကားလုံးပေါင်း ၁၂၅လောက်ကို မြန်မာစကား အသံ ထွက် အက္ခရာဖလှယ် ပုံစံ ရေးသားထား ပါသည်။ လွန်ခဲ့သောနှစ်များစွာက ပသျှူးလူမျိုးတို့ပြောဆိုသော စကားများ ကိုဖော်ပြထားရာ ယခုခေတ်တွင် ပြောဆိုသုံးစွဲမှု တူမတူ ကိုကား ထပ်မံလေ့လာရန် လိုအပ်ပါသည်။ ထို ပုရပိုက် အတွင်းမှ ရှေးပသျှူးတို့၏ စကားအသုံးအနှုန်း ကို သိရှိစေရန် တင်ပြလိုက်ပါသည်။

| | မြန်မာစကား | ပသျှူးစကား |
|---|---|---|
| ၁ | ကုန်သည် | စုတ်ခါးကရ်ိ |
| ၂ | ဆင်၊ မြင်း | ဂါဂျား၊ ကူဒါး |
| ၃ | ရထား | ကရယ်တာ |
| ၄ | စစ်သည်၊ ဗိုလ်ပါ | ဂျမဒတ်ရာဘစ၊ ဂျမဒတ်ကစ္စည်း |

| | | |
|---|---|---|
| ၅ | မြည်း၊ လား | ဝံတား၊ ရှူစား |
| ၆ | ကျွဲ၊ နွား | ဂရဘော့၊ လွံဘု |
| ၇ | ဆိတ်၊ ဝက် | ကံမြင်၊ ဘာပျီ |
| ၈ | ကြက်၊ ငှက် | အာယံ၊ ဘူရွံ |
| ၉ | ကြိုးကြာ | ဘူရွှအာပိ |
| ၁၀ | အရှေ့၊ အနောက် | ခါပံ၊ ဘလာကံး |
| ၁၁ | တောင်၊ မြောက် | ဘူကော့၊ စဘလားစာနာ |
| ၁၂ | အပျိုလား | အန္တဒါရာလား |
| ၁၃ | ချစ်တဲ့လား | ကစ္စယိလား |
| ၁၄ | ကြိုက်ကဲ့လား | မထင် |
| ၁၅ | ချစ်ပါတယ် | ကစ္စယံ |
| ၁၆ | ကြိုက်ပါဘူး | ကရဆုကာ |
| ၁၇ | အမိရှိလား | မအဒလား |
| ၁၈ | အဘရှိလား | ဘပအာလား |
| ၁၉ | အမိရှိဘူး | အမတာဒ |
| ၂၀ | အဘရှိငဲ့ | ဘပအာလား |
| ၂၁ | မာပါလား | အာဒါတာအိလား |
| ၂၂ | ပြားသလား | ဒမိမလား |
| ၂၃ | သည်ကိုလာခဲ့ | မာရိရှိနီး |
| ၂၄ | မလားဘူး | တံမိုးမာရီ |
| ၂၅ | ဘာပြုတုံး | အာပဖွိုက် |
| ၂၆ | အလကားပဲ | စာဂျာ |
| ၂၇ | ဘယ်ကလာတုန်း | ဒါရီမာနားခုတ္တံး |
| ၂၈ | တောင်ကလာတယ် | ဒတ္တံဒါရိအူးလူး |
| ၂၉ | ဆေးလိပ်ပေးပါ | ဗာကီရော့ကော့ |
| ၃၀ | မပေးဘူး | တံမောဘာဂီ |
| ၃၁ | တကယ်လား | စွံကိုလား |

| | | |
|---|---|---|
| ၃၂ | ကျီစားတယ် | အာကုမိန် |
| ၃၃ | ထမင်းစားမယ် | မကမ်းနတ်စိ |
| ၃၄ | ဟင်းပေးပါ | ဂူလေးကာစိ |
| ၃၅ | ဆန် | ဘရပ်ရှ် |
| ၃၆ | ဆား | |
| ၃၇ | ဆေး၊ ဆီ | ထန်းဘတ်တိုး၊မြိုည |
| ၃၈ | ငါးပိ | ဘလပ်စန်း |
| ၃၉ | ငရုတ်သီး | စားဘေး |
| ၄၀ | ကြက်သွန် | ဘာဝမ်း ပုတေး |
| ၄၁ | လက်ဖက် | ဒဝန်စား |
| ၄၂ | ကွမ်း | ရှည့်စေ့ |
| ၄၃ | ထုံး | ကာပြုန်း |
| ၄၄ | ရှားစေး | ဂမ်းဘီး |
| ၄၅ | ကွမ်းသီး | မြည်နန်း |
| ၄၆ | ထန်းလျက် | ဂူလား |
| ၄၇ | သကြား | ဂူလားပါရှေး |
| ၄၈ | မုံ့ | တုံး |
| ၄၉ | ကြံ | တုဘူး |
| ၅၀ | ငှက်ပျောသီး | ပြီဆန်း |
| ၅၁ | အုန်းသီး | ညွှတ် |
| ၅၂ | ဖရဲသီး | တီမန်းဂ |
| ၅၃ | သခွားသီး | တည်မွန် |
| ၅၄ | ခါးရမ်းသီး | တွန့် |
| ၅၅ | သရက်သီး | မပလမ်း |
| ၅၆ | မာကလာသီး | ပွားမလပ်က |
| ၅၇ | သြဇာသီး | လီပွတ်ပလွတ် |
| ၅၈ | ပိန္နဲသီး | ဘွားနံကာ |
| ၅၉ | နာနတ်သီး | နှာနတ်ဆိ |

| | | |
|---|---|---|
| ၆၀ | ရေ | အာယ |
| ၆၁ | အိမ် | ရွှံမား |
| ၆၂ | ဖျာ | တီကာရှည် |
| ၆၃ | သင်ဖြူး | ထိကာရည် |
| ၆၄ | ကမွလာ | ကာရည်း |
| ၆၅ | ကော်ဇော် | ကုတလိ |
| ၆၆ | မွေ့ရာ | တီလံ |
| ၆၇ | ခေါင်းအုံး | ဘန်တားလ |
| ၆၈ | အိပ်ရာခင်း | တီကာရပ် |
| ၆၉ | စောင် | ဆာရုံ |
| ၇၀ | တင်းတိမ် | ဆာရုံ |
| ၇၁ | ကလကာ | မရဒ |
| ၇၂ | ပိုးပုဆိုး | ကာရည်း |
| ၇၃ | ခေါင်းပေါင်း | ကပလာကာရင်း |
| ၇၄ | အင်းကျီ | ဘာဇူ |
| ၇၅ | ပဝါ | စားပူတားဝန်း |
| ၇၆ | ဘိနပ် | ကာဆလု |
| ၇၇ | ထဘီ | စာပူ |
| ၇၈ | တဘက် | ကော်ဘာယာ |
| ၇၉ | ဘီး | စီကပ် |
| ၈၀ | မှန်တင် | အာယီနား |
| ၈၁ | ကုတင် | ကတ္တော |
| ၈၂ | ချင်တောင် | ကလမ္ဘူ |
| ၈၃ | လုံ | လင်းဘင်း |
| ၈၄ | ထား | ပြည်ဆော် |
| ၈၅ | သေ့တ် | စနတ်ပန် |

| | | |
|---|---|---|
| ၈၆ | စိန်ပြောင်း | မရယန်း |
| ၈၇ | အမြောက် | မရယံး |
| ၈၈ | ဘုံး | ဘုံး |
| ၈၉ | ကျည်စေ့ | ပည်းလူယူး |
| ၉၀ | ကြေးနီ | တမ်းဘာဂ၊မယ်ရာ |
| ၉၁ | ကြေးဝါ | တမ်းဘာဂ၊ကူးနိတ် |
| ၉၂ | ခဲမဖြူ | တီမားပူသေး |
| ၉၃ | ငွေ | ရင်းဂစ် |
| ၉၄ | ရွှေ | အော်မတ်ဘိ |
| ၉၅ | သံတာ | မာလှဲ့ |
| ၉၆ | ပုလဲ | မုတီ |
| ၉၇ | မြ | အင်းသံ |
| ၉၈ | စိန် | ဘတ္တာူရင်တံ |
| ၉၉ | ပတ္တမြား | ယာကို့ |
| ၁၀၀ | နီလာ | ဘတ္တာူရင်တံ |
| ၁၀၁ | လူကြီး | ဩရုံဘာဆ |
| ၁၀၂ | လူငယ် | ဩရုံကစ်စည် |
| ၁၀၃ | ယောကျ်ား | ဘုံတံဒတီတိနာ |
| ၁၀၄ | မိမ္မ | ပရုံးပွမ်း |
| ၁၀၅ | လင်၊ မယား | လာကီ၊ ဘိနီး |
| ၁၀၆ | မောင်နှမ | အာတေဘောက |
| ၁၀၇ | ညီအစ်ကို | အတီ၊ အပံ |
| ၁၀၈ | ညီအစ်မ | အာတိကာကကစ်စည်း |
| ၁၀၉ | သားအဖ | အန္တပါန |
| ၁၁၀ | သားအမိ | အန္တအမေ့ |
| ၁၁၁ | မရီး | အာပန်အိနိ |
| ၁၁၂ | ခယ်မ | အတေ့အိနိ |

| | | |
|---|---|---|
| ၁၁၃ | မိထွေး၊ မိကြီး | မာကစ်စည်။ မာဘဇ |
| ၁၁၄ | ဘထွေး၊ ဘကြီး | ဘပွကစ်စည့်၊ ဘပွဘဇ |
| ၁၁၅ | ဦးရီး၊ အရီး | ပါစူ၊ ----စူ |
| ၁၁၆ | ဘိုးဘွား | တို့၊ဘတေ့နား |
| ၁၁၇ | ပေါဘော် | စော်ဝေါ်ဒါယာ |
| ၁၁၈ | ဆွေမျိုး | စော်ဝေါ်ဒါယ |
| ၁၁၉ | ကျေးကျွန် | ဟံပါ |
| ၁၂၀ | မှူးမတ် | တူဝံ |
| ၁၂၁ | သခင် | တူဝံ |
| ၁၂၂ | မင်း | တွန်ဂုပစံ |
| ၁၂၃ | ဆင်းရဲသား | မဆိကဲ |
| ၁၂၄ | သူဌေး | ဝရံကာယား |

အထက်ဖော်ပြပါ မြန်မာစကားနှင့် ပသျှူးစကား အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် လွန်ခဲ့သောနှစ်ပေါင်း နှစ်ရာ နီးပါးက လေ့လာမှတ်တမ်း တင်ထားသော စကားလုံးများ ဖြစ်သည်။ ဝေါဟာရအသီးအသီးမှာ အခု ခေတ်ပသျှူး အသုံးအနှုန်းစကားတို့နှင့်တူညီမှုရှိ မရှိက ထပ်မံလေ့လာဖို့ လိုအပ်နေပါသေးသည်။

## ခုနှစ်အလိုက်တင်ပြထားသော မြိတ်ခရိုင်တွင် နေထိုင်သည့် ပသျှူးလူမျိုးများ

၁၈၈၁ခုနှစ် မြိတ်ခရိုင်တွင် နေထိုင်သော လူမျိုးများပြဇယား တွင် ပသျှူး လူမျိုး-၁၁၂၉ယောက် ဟု စာရင်း တင်ပြထားပါသည်။ ၁၉၀၁ ခုနှစ် မြိတ်ခရိုင်၌ မလေးလူမျိုး-၂၉၀၈ယောက် ဖော်ပြပြီး မြိတ်ခရိုင်ရှိ ပြောဆိုသော ဘာသာစကားအလိုက် လူဦးရေတွင် မလေး-၂၃၄၂ယောက် ရှိကြောင်း သိရှိရပါသည်။ ၁၉၁၁ ခုနှစ်လူမျိုးများ စာရင်းအရ ပသျှူး လူမျိုး-၃၀၀၀ယောက် ဟု ဖော်ပြထားပါသည်။ ၁၉၃၁ခုနှစ် အစိုးရ မှတ်ပုံတင် သန်းခေါင်စာရင်းအရ ဗသျှူး(မလေး) ၆၃၂၂ယောက် ဟုဖော်ပြထားပါသည်။ ၁၉၃၁ခုနှစ် ဘာသာစကားအလိုက် လူဦးရေ စာရင်းတွင် မလေးစကားပြော ၆၃၆၈ယောက်ဟု ညွှန်းဆိုထားပါသည်။ ၁၉၄၉-၅၀ခုနှစ် သန်းခေါင်စာရင်းအရ



ဘုတ်ပြင်းမြို့မှ ပသျှူးနေအိမ် ဓာတ်ပုံ- အောင်စိုးလင်း

မြန်မာပြည်တောင်ပိုင်း ပသျှူးဦးရေ မှာ ၅၀၀၀ကျော် ရှိ ဟုဖော်ပြထားပါ သည်။ ၁၉၅၃ခုနှစ်၏ သန်ကောင်စာရင်းအရ ပသျှူးလူမျိုး ၄၀၂၆ယောက် ရှိလေသည်။ ယင်းနောက်ပိုင်း ပသျှူးလူမျိုးဦးရေ မသိရှိရတော့ပါ။

၁၉၅၃ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ရန်ကုန်မြို့၌ကျင်းပသောပြည်ထောင်စုနေ့ အခမ်းအနားသို့ နိုင်ငံတော်၏ ဖိတ်ခေါ်ချက်အရ ဆလုံ-၁၀ယောက်၊ ပသျှူး-၃ယောက် နှင့် ယိုးဒယား-၂ယောက်တို့အား ဦးသိန်းတင်-ထောက်ပံ့ရေးအုပ်မှ ခေါင်းဆောင်လျက် တက်ရောက်ခဲ့သည်။ ထိုနောက် ပသျှူးလူမျိုးပြ လူဦးရေ စာရင်းများ တိမ်မြုပ်ကာ ၁၉၇၃ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုင်းရင်းသားလူမျိုး (၁၄၄)တရားဝင် အသိအမှတ်ပြုစာရင်းတွင် ပသျှူးလူမျိုးများ ပါဝင်ရေထွက်ခြင်း မရှိတော့ပါ။ သို့သော် စိတ်ဝင်စားစရာ ကောင်းသည့်မှာ ၁၉၇၄ခုနှစ် တနင်္သာရီတိုင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အကြောင်း မှတ်တမ်းတွင် ဘုတ်ပြင်းမြို့နယ် ကိုယ်စားလှယ် အဖြစ် မြန်မာ-ပသျှူး ဦးအောင်မြင့်အား မှတ် တမ်း တင်ထားပါသည်။

**ဒို့သွေးဒို့သားတိုင်းရင်းဖွား) ၁၉၆၇)**

ဒို့သွေး-ဒို့သား-တိုင်းရင်းဘွား စာအုပ်သည် ၂၀-ကြိမ်မြောက် ပြည်ထောင်စုနေ့၊ တိုင်းရင်းသားယဉ်ကျေးမှုလမ်းညွှန် အဖြစ် ပြည်ထောင်စုယဉ်ကျေးမှုဌာန၊ ပြည်ထောင်စုယဉ်ကျေးမှုပြခန်းကော်မိတီမှ ၁၉၆၇ခုနှစ်တွင် ရိုက်နှိပ် ထုတ်ဝေခဲ့သည်။ ဤစာအုပ်ကို ဦးမင်းနိုင်မှ လေ့လာ တင်ပြခဲ့ပါသည်။ ပြည်ထောင်စု တိုင်းရင်းသား အသီးသီးတို့၏ အကြောင်းအရာများကို ပြခန်းပြ တိုင်းရင်းသားတို့၏ အကြောင်းအကျဉ်း လမ်းညွှန် (curator notes) အဖြစ် အကွခရာစဉ် အလိုက်တင်ပြထားပါသည်။ ထိုသို့အကွခရာစဉ် ထားသော တိုင်းရင်းဖွားများမှ ပသျှူးအကြောင်းအရာ ကို တင်ပြရသော်

**အမှတ်စဉ် ၃၈-ပသျှူး**

**ရုပ်ပိုင်း**။။ အသားညို၍ ဆံပင်နက်သည်။ အလုံအရပ်မှာ အခြားတိုင်းရင်းသားနည်းတူပင်ဖြစ်သည်။ ကုလားလူမျိုးနှင့်ပုံပန်း ဆင်သည်။

**ဆင်ယင်ထုံးဖွဲ့မှု**။။ ယောကျ်ားများသည် ပသီဦးထုပ်အနက်ဆောင်းကြသည်။ များသောအားဖြင့် ယောကျ်ား မိန်းမ အားလုံးလိုလိုမြန်မာမှုစလင်များအတိုင်း ဝတ်ဆင်ကြသည်။

**နေထိုင်ရာဒေသ**။။ မြိတ်၊ကော့သောင်း နှင့် ဘုတ်ပြင်းမြို့နယ်များအတွင်း နေထိုင်ကြသည်။ မြန်မာ-ရှမ်း-ကုလား -တရုတ်-ကရင်-ဆလုံ-မွန် စသည့်လူမျိုးများနှင့် ရောနှောနေထိုင် ကြသည်။

**စာပေ**။ ။ အူရဒူစာပေနှင့် မြန်မာစာပေများ ပြောဆိုသုံးစွဲကြသည်။

**ကိုးကွယ်မှု** ။ ။ မူဆလင်ဘာသာ ကိုးကွယ်ကြသည်။

**ရာသီပွဲ** ။ ။ " အစ်ကြီး" " အစ်ငယ်" နှစ်ပွဲသာရှိသည်။

**အလုပ်အကိုင်**။။ လယ်ယာအများဆုံး လုပ်ကိုင်ကြသည်။

**အနုပညာ**။ ။ ပသျှူးအက၊ ပသျှူးဆိုင်း ဟူ၍ရှိသည်။

**ထိမ်းမြားမှု**။။ မူဆလင်ထုံးစံအတိုင်း လက်ထပ်ကြသည်။ ယောကျ်ား ဖြစ်သူက တင်၍ တောင်းရသည်။

**အိမ်ဆောက်လုပ်ပုံ**။။ အိမ်ဆောက်သည့်အခါ အိမ်ဦးနတ်တင်ကြသည်။

**ဓလေ့ထုံးစံ နှင့် အထွေထွေများ**။ ။ မူဆလင်ဘာသာဝင်များ အတိုင်းပင် ဖြစ်ကြသည်။

**မြန်မာ့လူမှုအဝန်းအဝိုင်းမှ ပသျှူးတို့နှင့် ဆက်နွယ်နေသော အကြောင်းအရာများ**

**၁။ ပသျှူးခေါင်းဖြတ်**

ယင်းစကားလုံးမှာ မြိတ်ခရိုင်အတွင်း လူကြီးမိဘများမှ မိမိ၏ ခလေးများကို ခြောက်လန့်ရာတွင် အသုံးပြု သော စကား ဖြစ်သည်။ ယင်းစကားကို Free Mason ဂိုဏ်းတို့၏ စုံစည်းရာ နေရာများတွင် လည်း အသုံးပြုကြပါသည်။

## ၂။ ပသျှူးငါးပိ

ဝေ့ွး(ပုဇွန်ဆိတ်)မှ ပြုလုပ်ထားသော ငါးပိကို ပသျှူးများ သီးသန့်ထုတ်လုပ်ရောင်းချသဖြင့် ထို ငါးပိကို ပသျှူးငါးပိ ဟူ၍ သီးခြားခေါ်ဆိုကြသည်။

## ၃။ ကျွဲသားပျားပအုံး

ကျွဲသားကို အုန်းသီး ၊ဆီ၊ သကြား များဖြင့် အချို၊ နှို့အဆိမ့်အရသာ ထွက်ချက်ထားသော ဟင်းလျာ ဖြစ်သည်။

## ၄။ ဘုတ်ပြင်းမြို့နယ်ရှိ ဘာသာရေးအဖွဲ့များ (၁၉၈၅ခုနှစ်)

| | အသင်းအမည် | နေရာ | ဥက္ကဋ္ဌ | အတွင်းရေးမှူး |
|---|---|---|---|---|
| ၁ | ကြိမ်နီတောင် ဗမာမူစလင် အသင်းကြီး | ကြိမ်နီ တောင်ရွာ | ဦး တာရဲ | ဦးဒူ ကရင် |
| ၂ | စတိန်အုန်းတော ဗလီကျောင်း အသင်း | စတိန်အုန်း တောရွာ | ဦးရာ ရှစ် | ဦး ဟင် မငါး |
| ၃ | နီပါးရွာဗလီ အသင်း | နီပါး ရွာ | ဦးမက် ကတော | ဦး တိုဒင်း |
| ၄ | အုန်းတောကမ်း ဗလီအသင်း | အုန်းတော ကမ်းရွာ | ဦးအီဘ ရာဟမ် | ဦးအလီ |
| ၅ | ကမာချောင် ဗလီအသင်း | ကမာ ချောင်ရွာ | ဦးအပ္ပ ဒူလာ | ဦးကာ ဆင့် |
| ၆ | စတိန်သဲတန်း ဗလီ ကျောင်း | စတိန်သဲ တန်းရွာ | ဦးအ ဟာ မက် | ဦး ကပ်ပါး |
| ၇ | စတိန်တဲဖုံ ဗလီအသင်း | စတိန်သဲဖုံရွာ | ဦးအပ္ပ ဒူလာ | ဦးကို |
| ၈ | စတိန်ချောင်း ဖျားဗလီအသင်း | စတိန်ချောင်း ဖျားရွာ | ဦးဘာ အီ | ဦးအီဒါး |
| ၉ | အစ္စလာမ် ကောင်စီခွဲ (ဘုတ်ပြင်း) | - | ဦး အောင် မြင့် | ဦး မြင့် ဝင်း |

## ၅။ ပသျှူးလူမျိုး ဦးအောင်မြင့်(သို့) ၁၉၇၄ ခုနှစ် တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ဦးအောင်မြင့်သည် တနင်္သာရီတိုင်း၊ကော့သောင်း ခရိုင် ၊ဘုတ်ပြင်းမြို့နယ်၊ ဘုတ်ပြင်းမြို့ ဇာတိသား ဖြစ်သည်။ ၁၉၃၄ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဘုတ်ပြင်းမြို့တွင် မူလတန်းပညာနှင့် မြိတ်မြို့ နေရှင်နယ် အမျိုးသား ကျောင်းတွင် သတ္တမတန်း အောင်မြင်သည် အထိ ပညာ သင်ကြားခဲ့သည်။ ကျောင်းမှထွက်၍ မိဘလုပ်ငန်းများတွင် လုပ်ကိုင်ပြီး ၁၉၃၀ ခုနှစ်တွင် လူငယ်များကြီးပွားရေး စာဖတ်အသင်း၏ အတွင်းရေးမှူး ဖြစ်လာ ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဘုတ်ပြင်းမြို့မသူကြီး ဖြစ်လာပြီး တို့ဗမာအစည်းအရုံးဝင် ဖြစ်လာခဲ့သည်။ ၁၉၄၅ခု နှစ်တွင် ဗမာမွတ်စလင် ကွန်ဂရက်ပါတီဥက္ကဋ္ဌနှင့် မြို့နယ်ဖဆပလအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၃ ခုနှစ် မြိတ်မြို့၌ သူကြီးမွမ်းမံသင်တန်း တက်ရောက်ခဲ့ပြီး ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပသျှူးအမျိုးသားကိုယ်စားလှယ်အဖြစ် ပါဝင် တက် ရောက်ခဲ့သည်။ မြို့မသူကြီး တာဝန်ကို ၁၉၇၀အထိ ဆောင်ရွက်ခဲ့သည်။

## လက်ရှိအနေအထား

မြန်မာနိုင်ငံ တောင်ဖက်ပိုင်းအတွင်းရှိ ဇရှူး၊ ဇသျှူး၊ ပသျှူး အမည်ခေါ်တွင်သော လူမျိုး စုသည် ကိုယ်ပိုင် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ သမိုင်းနောက်ခံနှင့် နိုင်ငံရေးဖြတ်သန်းမှုများတွင်

ကိုယ်ပိုင် Identity အဖြစ်ရပ်တည်လာ ရာမှ ၁၉၈၀ခုနှစ် နောက်ပိုင်းတွင် အစိုးရမှ တရားဝင်အသိအမှတ်ပြု မှုမှ ပြန်လည် ရုပ်သိမ်းခံခဲ့ရသည့် လူမျိုးစုဖြစ်လာသည်။ အစပထမ မြန်မာမြေမှ ဘာသာစကားပြောလူမျိုးစု အုပ်စုကြီး-၄ခု ၏ဩစတိုအေးရှားတစ်အနွယ် စကားပြောအုပ်စုတူ မော်ကင်းလူမျိုးစု(ဆလုံ)နှင့် စကားပြောအုပ်စုတူအဖြစ် အစိုးရကျောင်းသုံးဖတ်စာအုပ်များ၊ မြန်မာ့သမိုင်းစာအုပ်များတွင် မြန်မာနိုင်ငံ တိုင်းရင်းသား ၁၃၅ မျိုး မတိုင်ခင်အထိ ဖော်ပြခံခဲ့ရပြီး မော်ကင်း/ဆလုံ လူမျိုးစုများ ဗမာအုပ်စုတွင် ထည့်သွင်းခံခဲ့ရပြီး နောက်ပိုင်းတွင် ဩစတိုအေးရှားတစ်အနွယ် စကားပြောအုပ်စုဝင်အဖြစ် ဆက်လက် အသုံးပြုခဲ့ခြင်း မရှိတော့ပါ။

ဗမာလူမျိုးစု အုပ်စုဝင် မော်ကင်းလူမျိုးနှင့် ဘာသာစကား အုပ်စုတူသော ပသျှူး လူမျိုးစုများမှာ အစိုးရ တရားဝင်အသိအမှတ်ပြု အဆင့်မှ လျှော့ကျခဲ့ခြင်း ခံရသူများဖြစ်ခဲ့သည်။ ၁၉၅၀ ခုနှစ် တစ်ဝိုက် လူမျိုးစု လေ့လာမှုအရ ထုတ်ဝေသော race of Myanmar မြန်မာ့တိုင်းရင်းသား လူမျိုးစုများ အကြောင်း ဦးမင်းနိုင် ရေးစာအုပ်တွင် ထည့်သွင်းဖော်ပြခံရမှု သက်သေတစ်ခု အဖြစ် တည်ရှိနေပါသည်။ ပြည်ထောင်စုနေ့တွင် မြန်မာ့လူမျိုးစု များ လူရှုခံယဉ်ကျေးမှု (showcase culture) တက်ရောက်သောပွဲများကို ၃ကြိမ် ()မက ဆင်နွှဲခဲ့ဖူးပြီး ၁၉၇၄ခုနှစ် တနင်္သာရီတိုင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဘုတ်ပြင်းမြို့နယ်မှ ရွေးကောက် တင်မြှောက်ခံရသည့် ဦးအောင်မြင့်မှာ မြန်မာပသျှူးလူမျိုး အသိအမှတ်ပြု ကိုယ်စားလှယ် ဖြစ်ခဲ့သည်။ ၎င်းနောက်ပိုင်း ပသျှူးတို့၏ဖြစ်တည်မှုသည် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ၏ တိုင်းရင်းသား အဓိပ္ပာယ်ဖွင့်ဆိုချက်၏ဘောင်အပြင်ဘက်သို့ ရောက်ရှိလာကြောင်း သိရှိရပါသည်။ ယခုတင်ပြသော ပသျှူးလူမျိုးစုများ အရေးမှာ ဆက်လက် လေ့လာရန် များစွာလိုအပ်နေပါသေးသည်။ ထိုလူမျိုး၁၀၁ပါး ဖော်ပြချက် တွင် ဗရှူးဟုဖော်ပြထားခြင်း ယခုလက်ရှိ တောင်ပိုင်းတွင် နေထိုင်ကြသော ပသျှူးတို့နှင့် ဆက်စပ်မှုရှိမရှိ လေ့လာဆောက်ရွက်ရပေအုံးမည် ဖြစ်သည်။

**အကိုးအကားများ**


၁။ Mergui District Gazetter, Volume B, (1907), Rangoon , Office of the Superintendent, Government Printing, Burma.

၂။ တနင်္သာရီတိုင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ်။ ၁၉၇၄။

၃။ အရပ်ရပ်အမျိုးတို့၏မူလဘာသာစကားအခေါ်အဝေါ်ကို မြန်မာစကားနှင့် သိသာအောင်ပြန်ဆိုချက်စ ကားစု ဘုရား ပုရပိုက်။ ။ (တောင်လေးလုံးကျောင်းမှ ဆရာတော်ဦးပညာဇောတ(ကိုပညာ အမရပူရ) လက်ရေးမူမိတ္တူအားမန္တလေးမြို့မင်းတဲအီကင်းရပ်နေ ဆရာဦးထွန်းအုံမှ ကျေးဇူးပြု မျှဝေပါသည်။)

၄။ လူထုဗဟိုပြုစီမံကိန်း(NCDDP) စတုတ္ထနှစ်စက်ဝန်း၊ ပေါင်မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးတွေ့ဆုံမေးမြန်းသူများ။

၅။ ဦးမင်းနိုင် (၁၉၆၇)၊ ဒို့သွေးဒို့သားတိုင်းရင်းဖွား၊ ပြည်ထောင်စုယဉ်ကျေးမှုဌာန။

၁။ ခင်မောင်ဦး။ ။ ပသျှူး၊ သွေးသောက်မဂ္ဂဇင်း၊ ၁၉၅၁ခုနှစ်၊ ဩဂုတ်လ၊ အမှတ်ဖ၇။

၂။ ရွှေမြိတ်မောင်။ ။ ယိုးဒယားမြန်မာနယ်ခြား၊ ရှုမဝမဂ္ဂဇင်း၊အတွဲ၃ ၊အမှတ်၃၃၊ ဖေဖော်ဝါရီ၊ ၁၉၅၀။

၃။ ရွှေမြိတ်မောင်။ ။တောင်ပိုင်းကမ်းခြေ၊ မြဝတီ မဂ္ဂဇင်း၊ အတွဲ၁၃ ၊အမှတ်၁၊ ဒီဇင်ဘာ၊ ၁၉၆၄။

# မြန်မာနိုင်ငံတောင်ဖျားပိုင်းရှိ အစ္စလာမ်ဘာသာဝင် ပသျှူးလူမျိုး

▲ မောင်မောင်ကြီး (မန်း) ▼

*မြန်မာနိုင်ငံတောင်ဖျားပိုင်း၊ တနင်္သာရီကမ်းမြောင် ဒေသပင်လယ်ကမ်းရိုးတန်းတွင် ပသျှူးလူမျိုးများ အစုအဝေးလိုက်နေထိုင်ကြသည်။ ဒေသနယ်ပယ်အားဖြင့် မြောက်ဘက်တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ အရှေ့ဘက်တွင် ယိုးဒယား၊ ထိုင်း (ပတ္တာနီ မွတ်စလင်မ်ဒေသ) တောင်ဘက်တွင် မလေးရှားပြည်ထောင်စု အနောက်ဘက်တွင် ကပ္ပလီပင်လယ်တို့ဖြင့် ဆက်စပ်လျက် တိုင်းရင်းသား ပသျှူးလူမျိုးတို့၏ဒေသအဖြစ် တည်ရှိသည်။*

ပသျှူးလူမျိုးတို့မှာ မြန်မာနိုင်ငံ၏ Racial Gene မူလလူမျိုးနွယ်ရင်းများဖြစ်သည်။ Primi tive man ရှေးကျသောလူများလည်းဖြစ်၍ မြန်မာစာပေလောကတွင် ဘီလူးဟုခေါ်တွင်ပြီး ရက္ခိုပူရတိုင်းသား၊ ရေဘီလူးဟု ဓမ္မစေတီကျောက်စာ၊ မွန်တို့၏ ကလျာဏီကျောက်စာတို့တွင် ရေးထိုးထားကြသည်။

သမိုင်းသုတေသီမှ လေ့လာရာတွင် ပသျှူးလူမျိုးနှင့် ဆလုံလူမျိုးတို့မှာ ဩစတြေးလျလို့က် Australoid လူ့အနွယ်ဝင်တို့၏ အသွင်အပြင်လက္ခဏာ၊ ယဉ်ကျေးမှုအကြွင်းများကိုတွေ့ရပြီး ပင်ကိုယ်အရည်အသွေး၊ အရည်အချင်းရှိပြီး ရိုးသားမှု အပြည့်အဝရှိကြောင်း မှတ်ချက်ချကြသည်။

ရှေးအခါက မြန်မာနိုင်ငံတောတောင်များနှင့် မြစ်ချောင်းများတွင် နေထိုင်ကြသော်လည်း မွန်ဂိုကုန်းမြင့်မှ အဆင်ဆင့် ရွှေ့လာသော မွန်ဂိုအနွယ် (၁) မွန်ခမာလူမျိုးစုကြီးမှ ၁၂ မျိုး၊ (၂) တိဘက် မြန်မာလူမျိုးစုကြီး (၃၂) မျိုး၊ (၃) ထိုင်း၊ တရုတ်လူမျိုးနွယ်ကြီးမှ (၁၁) မျိုးတို့ဝင်ရောက်လာမှုကြောင့် သဘာဝတရားအရ ရောနှောဆက်ဆံ ထွေးယှက်ဝင်ကာနေထိုင်ကြသကဲ့သို့ အချို့မှာ အုပ်စုလိုက်၊ တကောင်း၊ ပခုက္ကူ၊ စစ်ကိုင်းတောင်ရိုး၊ မြင်းခြံ၊ ပုံတောင်ပုံညာ၊ မကွေး၊ ချောက်၊ စလေ၊ ပုပ္ပား၊ မင်းဘူး၊ တောင်ငူ၊ မုတ္တမ၊ သထုံ၊ ဘီးလင်း၊ ဘီလူးကျွန်းများသို့ အဆင့်ဆင့်ပြောင်းရွှေ့နေထိုင်ခြင်းဖြင့် ပင်လယ်ကမ်းမြောင်ဒေသနှင့် ကျွန်းများသို့ အခြေစိုက်နေထိုင်ခဲ့ကြခြင်းဖြစ်သည်။

ပသျှူးလူမျိုးများ နေထိုင်ရာ ဒေသအား ကွင်းဆင်းစာရင်းပြုစုရာတါင် ကျေးရွာအုပ်စု ၃၀ ကျော်တွင် အိမ်ခြေ

ဦးရေ ၇၀၇၄ အိမ်ရှိသည်ဟု သိရပေသည်။

ပသျှူးလူမျိုးတို့မှာ မိမိတို့ ကူညီသူ အချင်းချင်း စုရုံးကာ အတည်တကျ သံ၊ သွပ်၊ ဝါး၊ တိုက်အိမ် အဆောက်အဦတို့နှင့် အခိုင်အမာအိမ်များ ဆောက်လုပ်နေထိုင် လျက် ရှိကြသည်။

## ကော့သောင်းမြို့နယ်

| | | အိမ်ခြေ | ဆူးရောင်းဝတ်ကျောင်း |
|---|---|---|---|
| ၁ | ကော့သောင်းမြို့ | ၄၂၀ | ၄ |
| ၂ | ၇၊၈၊၉မိုင် | ၂၀၄ | ၃ |
| ၃ | ရခိုင်ချောင်းဝ | ၁၉၂ | ၁ |
| ၄ | ပလုံတုံကျွန်း | ၂၉၆ | ၁ |
| ၅ | ၁၀မိုင် | ၆၅၈ | ၃ |
| ၆ | ပါဆယ်ပါညန်း | ၂၈၇ | ၁ |
| ၇ | ဟားမက်တိုက်ရွာ | ၂၀ | ၁ |
| ၈ | မာဖူကေး | ၁၆၃ | ၁ |
| ၉ | ကွာလရှမ်ဖန်ဘာနွမ်း | ၁၇၁ | ၁ |
| ၁၀ | ပရိနိမ်-ဘန်ခွမ်း | ၂၂၅ | ၁ |
| ၁၁ | ဝါလန်-ကမ်းနား | ၁၀၁ | ၁ |
| ၁၂ | အောက်ကျင်းဘွန်ပန် | ၁၇၇ | ၁ |
| ၁၃ | အထက်အောက်ကြပ် | ၁၅၃ | ၁ |
| ၁၄ | အောက်အောက်ကြပ် | ၁၆၀ | ၁ |
| ၁၅ | ဘန်ဇွန် | ၁၅၁ | ၁ |
| ၁၆ | စိုင်းဒင်ကျေးရွာ | ၁၅၅ | ၁ |
| ၁၇ | ဆူမာဘာလိုင်ကျွန်း | ၁၀၅ | ၁ |
| ၁၈ | ပလောဘလိုင်ကျွန်း | ၁၅၆ | ၁ |
| ၁၉ | အောင်သာကျွန်းသူကြီးလမ်း | ၂၀၁ | ၁ |

## ဘုတ်ပြင်းမြို့နယ်

| | | အိမ်ခြေ | ဆူးရောင်းဝတ်ကျောင်း |
|---|---|---|---|
| ၁ | ဘုတ်ပြင်းမြို့ | ၄၅၃ | ၂ |
| ၂ | ဘုန်းတောကမ်း | ၁၈၉ | ၁ |
| ၃ | နိပါး | ၁၁၀ | ၁ |
| ၄ | စတိမ် | ၁၅၂၅ | ၄ |
| ၅ | အလယ်မင်ကျွန်း | ၂၀၂ | ၁ |
| ၆ | ကြယ်နီတောင်ကျွန်း | ၁၄၆ | ၁ |
| ၇ | ------ | ၁၀၆ | ၁ |
| ၈ | ရေကန်တောင်ကျွန်း | - | ၁ |
| ၉ | ချောင်းကဖီးကျွန်း | ၁၅၇ | ၁ |

## အသက်မွေးဝမ်းကျောင်း

ရှေးအခါက သစ်ထုတ်၊ အမဲလိုက်၊ ရေလုပ်ငန်းများ လုပ်ခဲ့ကြပြီး တောင်ယာစပါး စိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေများတွင် ငရုတ်ကောင်း၊ ဘူး၊ ဖရုံ၊ သခွား၊ စသောသီးနှံများ စိုက်ပျိုးသည်။ ရသမျှသီးနှံများကို လဲလှယ်ရောင်းချစားသုံးကြသည်။

အုန်းလုပ်ငန်းနှင့် ရေလုပ်ငန်းများသည် ယခုအချိန်တွင် အဓိကလုပ်ငန်းအဖြစ် ဆောင်ရွက်လာကြသည်။

ကမ်းရိုးတန်းသွား ရောင်းဝယ်မှုများလည်း ရွက်လှေစက်အသုံးပြုကာ စီးပွားရေးလုပ်ကိုင်မှုများပင် ပြုလုပ်လျက်ရှိကြသည်။

## ဝတ်စားဆင်ယင်မှု

အမျိုးသားများမှာ ဦးထုပ်ဆောင်းလျက် ပုဆိုးကို အပြစ်လိပ်ဝတ်ကြသည်။ အင်္ကျီမှာ စွပ်ကျယ်အင်္ကျီပုံစံ ဘေးကွဲလည်ဟိုက် ဝတ်ဆင်ကြပြီး၊ အမျိုးသမီးများမှာ

ဦးခေါင်းတွင် ပဝါခြုံ၍ ခေါင်းအင်္ကျီရင်စေ့လက်ရှည်၊ ထဘီခြေမျက်စိဖုံးဝတ်ဆင်ကြသည်။ "ရှေးနန်းတွင်း အပျိုတော်များ၊ လူပျိုတော်များကဲ့သို့ သဏ္ဌာန်တူသည်။

## နေထိုင်ရာ အဆောက်အဦ

အိမ်များမှာ အများစုမြေစိုက်အိမ်များ ဖြစ်ကြသည်။ ခြေတန်ရှည်အိမ်များလည်း ရှိကြသည်။ သဲကျောက်အသုံးပြုသည့် ခေတ်မီနေအိမ်၊ တိုက်တာ အဆောက်အဦများလည်း တစ်စတစ်စ ဆောက်လုပ်နေထိုင်လျက်ရှိသည်။

အိမ်သစ်ကိုမင်္ဂလာယူ၍ အိမ်တက်မင်္ဂလာ "ဖာတေဟာ" မော်လွဒ်၊ ကျမ်းတော်မြတ် ကုရ်အာန်ဖတ်ရွတ်မှုများ ပြုလုပ်ကြသည်။ ခွေးလုံးဝ မမွေးကြ။

## အုပ်ချုပ်ရေး

ဖားစည်သည် ညီအစ်ကိုထော် ကရင်၊ ကယား၊ မွန်၊ ပလောင့်၊ မြူးမာတို့ကဲ့သို့ အထူးအမြတ်ထားကာ သာရေး၊ နာရေး၊ လူမှုရေးတို့တွင် သင်္ကေတအချက်ပေး၍ လူစုဝေးရန် အသုံးပြုသည်။

## အစ္စလာမ့်သုတ

သူကြီးများဖြင့် အဆင့်ဆင့်အုပ်ချုပ်မှုများ ဆောင်ရွက်ကြပြီး ခေါင်းဆောင်အကြီးအကဲတို့၏ အမိန့်ကို တသွေမတိမ်း နာခံကြသည်။

အကျင့်သီလ သိက္ခာထိန်းသိမ်းရန်နှင့် စိတ်ဓာတ်ကို တည်ကြည်ဖြူစင်စေရန် အသေးအဖွဲ့ကိစ္စများပင် မျက်ခြည်မပြတ် ဆောင်ရွက်တည့်မတ်ကြသည်။

ကာသွီ တရားသူကြီး (ဓမ္မဘတ်မှူး) များက စည်းကမ်းကျူးလွန် ဖောက်ဖျက်မိသူကို တရားရေးရာ အဆုံးအဖြတ်ပြုရာတွင် ကျူးလွန်မိသူ အပြစ်ဒဏ်ခံရရေး အတွက် နောက်နောင် ဤကဲ့သို့ မကျူးလွန်ရန် အသိဖြင့် နောင်ကြဉ်ရန် ဆောင်ရွက်ကြသည်။

## ပညာရေး

ပညာသင်ကြားမှုသည် အမျိုးသား၊ အမျိုးသမီးတိုင်း နှစ်သက်မြတ်နိုးကြသည်။ ဂျာဝီစာပေ၊ အာရဗီစာပေ၊ မြန်မာစာပေများကို အရေး၊ အဖတ် ကျွမ်းကျင်စွာ သင်ယူကြသည်။ ဆရာသမားများကို သုခမဟု ခေါ်ကြသည်။

ခေတ်ပညာ သင်ကြားတတ်မြောက်၍ ဘွဲ့ရရှိသူများစွာ ရှိသည်။

အဆင့်မြင့် အာရဗီပညာသင်ကြားရေးကို သာလိုင်းစာသင်ဌာနတွင် သင်ကြားလိုသူတိုင်း မိမိစရိတ်ဖြင့် မိမိကျောင်းပတ်ဝန်းကျင်တွင် ကိုယ်ထူကိုယ်ထ မြေစိုက်တစ်ယောက်နေ၊ နေအိမ်များ ဆောက်လုပ်နေထိုင်ကာ ပညာသင်ယူကြသည်။

အမျိုးသား၊ အမျိုးသမီးတိုင်း တဂျဝီဒ် သဒ္ဒါနည်းကျကျ၊ ကျွမ်းကျင်စွာ ကျမ်းတော်မြတ် ကုရ်အာန် ဖတ်ရွတ်နိုင်ကြသည်။

## ယဉ်ကျေးမှု

ပသျှူးတို့ ဒေသသို့ အစ္စလာမ် သာသနာ၊ အေဒီ ၈-၁ ခုတွင် စတင်ဝင်ရောက်ရှိသည်။ ရခိုင်ပြည်မြောက်ပိုင်း (ကွီယာပူဟနီဖာတောင် Conni Bol ကာနီဘော်တို့ဒေသသို့ မောင်လာအလီ သူခင်၏ သားတော် မုဟမ္မဒ်ဟနီဖ် စစ်သည်များ ဝင်ရောက်လာမှုသည် နှစ် ၁၀၀ ကျော်နောက်ကျပြီး မလ္လာကကျွန်းသို့ အစ္စလာမီ သာသနာရောက်သည့်နှစ်ထက် နှစ် ၂၀၀ နောက်ကျသည်ဟု အစ္စလာမ် သာသနာပြုသမိုင်းသုတေသီ စိုလိုင်မံနှင့် အေဒီ ၉၀၂ ခုသို့ ရောက်ရှိလာသည့် ပထဝီသမိုင်းပညာရှင် အိဗနုဖာကီးရ်တို့၏ မှတ်တမ်းတွင် ဖော်ပြထားသည်။ မော်ရိုကိုပြည်သား ကမ္ဘာလှည့်သုတေသီ အိဗနေဘတူတာ Ibni Batuta ၏ အေဒီ ၁၃၄၅ ခု မှတ်တမ်းတွင် အာရင်နွယ်ဝင် Al Malik ul Zahir Ibni como အုပ်ချုပ်လျက်ရှိကြောင်း ဖော်ပြထားသည်။ ပသျှူးအမျိုးသားများမှာ မိမိတို့ ရိုးရာဓလေ့ ယဉ်ကျေးမှုများကို မြတ်မြတ်နိုးနိုး တန်ဖိုးထားကျင့်သုံးသည့် ကောင်းမြတ်သော အမွေအနှစ်အဖြစ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြသည်။

## မဟာ တမန်တော်နေ့

အီးဒ်-မိလာဒွန်နဗီ၊ တမန်တော်နေ့ အခမ်းအနားများကို သိုက်မြိုက်ခမ်းနားစွာ မေတ္တာပို့သခြင်း၊ စုပေါင်းဖာတာ ရွတ်ဖတ်ခြင်း၊ ကဗျာ၊ ရဆွီဒါလင်္ကာများ ရွတ်ဖတ်ခြင်းနှင့် ကလေးငယ်များ၊ စာပေပြိုင်ပွဲများ ပြုလုပ်ခြင်း၊ ကေရအတ် ရွတ်ဖတ်ပြိုင်ပွဲများ ပြုလုပ်ကျင်းပကြသည်။ ရှာဖေအီမဇဟပ် များပင်ဖြစ်သည်။

အီးဒ်-အီးဒ်ဒုလ်အဒုဟာတွင် ကျွဲများကို စွန့်လွှတ်လှူဒါန်းကြပြီး ကျွေးမွေးဧည့်ခံကြသည်။

လရမ်သွာန်လတွင် နေ့ညဥ့်မပြတ် အမျိုးသား၊ အမျိုးသမီးတိုင်း ဆူရောင်းဗလီ ဝတ်ကျောင်းတော်အတွင်း ကျမ်းထော်မြတ် ကုရ်အာန်ဖတ်ရွတ်ကြသည်။ ဆွလာတ်ဝတ်ပြုမှုကို ဝတ်ကျောင်းတော်တွင် အမျိုးသား၊ အမျိုးသမီး ကလေးသူငယ်များ စုပေါင်း၍ နေ့စဉ် ၅ ကြိမ် ဝတ်ပြုကြသည်။ ပသျှူးဟာဂျီဟာဂျီမများစွာ ရှိသည်။

အီးဒ် အီးဒ် ဖိတ်ရ်တွင် ဝါကျွတ်အထိမ်းအမှတ် တက္ကဗိရ်တိုင် ဟစ်ကြွေးလျက် ဆူရောင်းဝတ်ကျောင်းတော်သို့ လာရောက်ကြပြီး ဆွလာတ်ဝတ်ပြုကြသည်။ တစ်ဦးနှင့်တစ်ဦး စိတ်ရောကိုယ်ပါ ဖတ်လှဲတငင် နှုတ်ဆက်ကြရင်း မိမိက ကိုယ်နှုတ်နှလုံး သုံးပါးတို့ဖြင့် ပြောဆိုပြုမူခဲ့သော အပြစ်ရှိက ခွင့်လွှတ်ရန် တစ်ဦးကိုတစ်ဦးက တောင်းပန်ခြင်း၊ ခွင့်လွှတ်ခြင်းပြုကြသည်။ ထူးခြားသည်က လိုင်လတွရ်ကဒရ်နှင့် ယုဗေ့ဘရအတ်နေ့များကို အီးဒ်နေ့များဟု သတ်မှတ်ကြသည့် ဂျွန်မာနေ့တွင် ခွဲက်သာ (ဩဝါတော်ကို ဂျမအတ်တွင်းမှ မည်သူမဆို တက်ရောက်တင်ပြပြောဆိုခွင့်ရှိသည်။

တစ်အိမ်နှင့်တစ်အိမ်၊ တစ်မိသားစုနှင့် တစ်မိသားစု သွားရောက်လည်ပတ်ကြသည်။ အမျိုးသား၊ အမျိုးသမီးတိုင်း ကွယ်လွန်သူများ၏ သင်္ချိုင်းသို့သွား၍ မေတ္တာပို့ကြသည်။

ကျွေးမွေးဧည့်ခံမှုများကိုလည်း အိမ်တိုင်း ကောက်ညှင်း၊ အုန်းသီး၊ နွားနို့ဖြင့် ပြုလုပ်သော အာဟာရများ မုန့်လုံးများ ကျွေးမွေးကြသည်။

ယုဗေ့ဘရာဘတ်၊ ညဥ့်မြတ်မင်္ဂလာတွင် ကျမ်းမြတ် ကုရ်အာန်ဖတ်ရွတ်ကာ စားသုံးကြသကဲ့သို့ ကောက်သစ်ပေါ်ချိန်၌ စုပေါင်းဖာတာ ဖတ်ရွတ်ပွဲများ ကျင်းပကြသည်။ ငရုတ်ကောင်း အသီးအနှံမျိုးစုံဖြင့် မုန့်ဟင်းခါးများ ချက်ပြုတ်ကျွေးမွေးကြသည်။ နာရေးတွင် အထူးသဖြင့် ----------မြေပုံပေါ်တွင် တဲသုံး၍ အသံစဲ ကျမ်းမြတ် ကုရ်တန်ဖတ်ရွတ်ပွဲများကို ၇ ရက်၊ ၇ လ ပြုလုပ်ကြသည်။ (သို့မဟုတ်) လပေါက် ပြုလုပ်ကြသည်။ အမျိုးသား၊ အမျိုးသမီးတိုင်း ဖတ်ရွတ်ကြသည်။ ထိုနေရာမှာပင် ဧည့်ခံကျွေးမွေးကြသည်။

ကလေးမွေးဖွားသန့်စင်ပြီး အမည်ပေး ကင်ပွန်းတပ်တွင် ကလေးငယ်အား အလယ်တွင်ထား၍ ----- ရှေ့ဆောင်ဆရာများက ဝိုင်းဖွဲ့လျက် "ဆွ ဝါတီမေတ္တာတော်" ချီးမြှင့်ရွတ်ဆိုကြသည်။ နောက် မိမိတို့ ရပ်ရွာရှိ အေမာမ် ရှေ့ဆောင်ဆရာများမှ ကလေးငယ်၏ လျှာဖျားတွင် ပျားရည် ၃ ကြိမ်၊ ၃ စက်ချ၍ ကလေး၏ ဘွဲ့အမည်ကို ရေရွတ်လိုက်ရာ အားလုံးမှ ၃ ကြိမ်၊ ၃ ခါလပ် မိုက်ထူးကြရသည်။ ပြီးလျှင် ကလေးအား ပုခက်အတွင်း ထည့်၍ လွှဲကာ ကောင်းချီးဩဘာပေးကြသည်။ အမည် ပညတ်ရာတွင် အမျိုးသားဆိုလျှင် ဘာလီ၊ ဆာလီ၊ ကူလေးမန်း၊ နော်ဝင်၊ လာရန်ဟူ၍လည်းကောင်း၊ အမျိုးသမီးဆိုလျှင် တရဟား၊ မီရှား၊ ခေတ်ရီဇာ၊ ပရီဒါ၊ ရမ်းမလာဟူ၍ ခေါ်ဝေါ်ကြသည်။

အိမ်ထောင်ရေးနှင့်ပတ်သက်၍ မိဘများမှ သင့်တော်သူနှင့် အိမ်ထောက်ဘက် ပြုလုပ်ပေးမှုရှိသကဲ့သို့ မိမိတို့ အောင်သွယ်တော် သူကြီး သူမများ၏ စေ့စပ်မှုလည်းရှိသည်။ အချင်းချင်း နှစ်သက်မြတ်နိုး၍ လူကြီး၊ မိဘတို့အား ဖွင့်ဟ တောင်းခိုင်းမှုလည်းရှိသည်။

အမျိုးသမီးကစ၍ အမျိုးသားအား နှစ်သက်မြတ်နိုးလျှင် အမျိုးသား၏ ခြေရာမှုန့်ကိုယူ၍ လက်ကိုင်ပဝါ ထောင့်တွင်ထုတ်၍ ဓိဋ္ဌာန်ပြီး "မင်း၏ အသည်းနှလုံး ခေါင်းအုံးအိပ်လိုက်ပြီ" ဟု ရွတ်ဆိုကာ ခေါင်းအောက်တွင် ထား၍ အိပ်လိုက်လျှင် သူမနှစ်သက်သော အမျိုးသား အညို့ခံရသကဲ့သို့ ဘယ်ဒေသကိုမျှ မသွားနိုင်တော့ဟု ဆိုစမှတ်ပြုကြသည်။

မဟာရ် အကြွေးဟူ၍ မရှိ၊ တတ်နိုင်သမျှ အပြတ်တင်ကြသည်။ သမီးရှင်မှ ဧည့်ခံကျွေးမွေးမှုများ ဆောင်ရွက်ကြသည်။ မဟာရ်သည် တစ်သက်တစ်ခါ အမျိုးသမီးအား ဂုဏ်ပေးသောအရာဖြစ်၍ သင့်တင့်လျောက်ပတ်သော

ဂုဏ်ပေးမှုဖြစ်ရမည်ဟု ခံယူကြသည်။

သတို့သား၊ သတို့သမီး အခန်းဝတွင်ထိုင်၍ လူပျို၊ အပျိုများ ရံလာချိန်၌ ဧည့်သည်မှ သတို့သားအား ဆေးလိပ်တိုက်လျှင် သတို့သမီးကမီးညှိပေးသောအလေ့မှာ "မောင်အတွက် မယ်ကူညီရန် အသင့်ဖြစ်နေကြောင်း သရုပ်သဏ္ဌာန်" ကို နိမိတ်ပုံပြ ကြော်ငြာမှုဖြစ်၍ အားလုံးသြဘာပေးကြသည်။ ကောင်းချီးပေးကြသည်။

မင်္ဂလာပွဲအကြောင်းပြု၍ ပြဇာတ်နှင့် ကောင်ဝါလီပွဲများ စည်ကားလှပြီး မုန့်ဆိုင်များတွင် ဖွင့်လှစ်ရောင်းချကြသည်။ အရက်ဆိုင်၊ မူးယစ်ဆေးဝါး လုံးဝမရှိ၊ ကြီးလေးစွာ "တားမြစ်"ထားသည်။ အားကစားတွင် မြန်မာ့လက်ဝှေ့ပညာ၌ ထူးချွန်ကြသည်။

ချစ်စရာ တိုင်းရင်းသား ပသျှူးအမျိုးသားလူအစုအဝေး၏ ကောင်းမြတ်သော ဓလေ့ထုံးနှင့် ယဉ်ကျေးမှုများ မကွယ်ပျောက်ရေး နိုင်ငံတော်တွင်း လုံးဝတာဝန်ရှိပေသည်။ အမိမြေပေါ်၌ နေထိုင်ကြသည့် ထိုထိုသော သွေးချင်းများသည် မိမိတို့ညီနောင်များ၏ ဇစ်မြစ်ရိုးရာ ဓလေ့ယဉ်ကျေးမှုတို့ကို သိရှိထားကြရမည်။ ကာလတစ်ကန့်မှ ပျူလူမျိုးတို့ ကွယ်ပျောက်သွားခဲ့သည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်ကွယ်မည်မှာ အမှန်ဖြစ်၍ ပသျှူးလူမျိုးများ မပျောက်ကွယ်ရေးကို တိုင်းရင်းသားညီနောင်များ ဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်သာဖြစ်ပါသည်။

**မောင်မောင်ကြီး (မန်း)**
**ကမ်းနားလမ်း၊ စိန်ပန်း။**
**မန္တလေးမြို့။**

**အစ္စလမ့်သုတစာစောင်၊ နိုဝင်ဘာလ ၁၉၉၁ မှ ကောက်နုတ်ဖော်ပြပါသည်။**

# ပသျှူးဆိုတာ ဘာလဲ

▲ ထွန်းဇော်ဌေး ▼

*ငယ်ငယ်ကလေးဘဝကလိုချင်တာမရလို့ငိုပြီဆိုရင် ''တိတ်သေးဘူးလား၊ ဟိုမှာ ''ပသျှူး ခေါင်းဖြတ်ကြီးလာနေ ပြီ'' လို့ပြောတိုင်း အငိုတိတ်ခဲ့ရတာ။ အဲဒီအချိန်ကတည်းက ''ပသျှူး'' ဆိုတဲ့ စကားစတင်ကြားဘူးခဲ့တာ။ ပသျှူးကြီး ကပဲ ခေါင်းပြတ်ကြီးနဲ့သွားနေတာလား။ ပသျှူး ကောင်ကြီးကပဲ ခေါင်းဖြတ်တာလားမသိ။ ခြောက်လို့ ကြောက်ခဲ့တာပဲသိတယ်။ သိတတ်တဲ့ အရွယ်ရောက်တော့ ပသျှူးဆိုတာ လူမျိုးတစ်မျိုးရဲ့အမည်ဆိုတာ သိလာရတယ်။ ဒါထက် မပိုခဲ့ ပါဘူး။*

စာစုံဖတ်တဲ့အရွယ်ရောက်တော့ ငယ်ငယ်ကစွဲခဲ့တဲ့ ''ပသျှူး''အကြောင်းကို မထင်မှတ်ဘဲ ဖတ်လိုက်ရတယ်။ ငယ်ငယ်ကလိုတော့ ကြောက်စိတ်မရှိတော့ပါဘူး။''ပသျှူး'' ဆိုတာ ''မလေး'' စကား။ မြန်မာလိုတော့''ဦးလေး'' လို့ အဓိပ္ပာယ်ရသတဲ့။ ဒီတော့ မကြောက်တဲ့အပြင် ရင်းနှီး စိတ်ဝင်လာသလိုလိုပါပဲ။ ''ဦးလေး''ဆိုတဲ့ အဓိပ္ပာယ် ဟုတ်ခြင်း မဟုတ်ခြင်းတော့ အခုထိ အတည်မပြုနိုင်ပါဘူး။ အတည်ပြုဖို့လည်း အကြောင်းမဆုံခဲ့ပါဘူး။ မှတ်သားခဲ့ရဖူး တာလေး သတိရလို့ ပြောရုံပါ။

မလေးဆိုတာ တစ်ချိန်က ''မာလ္လာယု'' လို့ ခေါ်ခဲ့ ကြတာ။ အင်္ဂလိပ်တို့က မလေးကျွန်းဆွယ်ကို မာလ္လာယု ကျွန်းဆွယ်လို့ ခေါ်ခဲ့ကြတာကိုး။ အခုတော့ မလေးရှားကျွန်း ဆွယ်ပေါ့။ မလေးတွေကိုတော့ ''မွန်ဂိုလွိုက်'' မျိုးနွယ်ဝင် တွေလို့ဆိုကြပါတယ်။ အဲဒီ မာလ္လာယုကျွန်းဆွယ်မှာနေတဲ့ မလေးလူမျိုးတွေကို မြန်မာတို့က ''ပသျှူး''လို့ ခေါ်ခဲ့ကြ တယ်လို့ ဆိုပါတယ်။ ဒါဆို ပသျှူးဆိုတာ ဘယ်အချိန်က တည်းက မြန်မာနိုင်ငံထဲ ရောက်နေသလဲဆိုတာ စိတ်ဝင်စားစရာ ပါ။

မလေးနဲ့ အနီးဆုံးကတော့ ကော့သောင်းမြို့ပါပဲ။ ကော့သောင်းအငူပေါ်မှာ မြို့တည်ထားလို့ ကော့သောင်းမြို့ပေါ့။ ဗြိတိသျှတို့ကတော့ "ဝိတိရိယအငူ"လို့ အမည်ပေးခဲ့ကြပါတယ်။ ဒါကလည်း ဗြိတိသျှဘုရင်မကြီး "ဗစ်တိုးရီးယား"ကို ဂုဏ်ပြုတဲ့အနေနဲ့ ဖားပြီးခေါ်ခဲ့တယ်လို့ ဆိုကြပါတယ်။ ကော့သောင်းအငူကို ထိုင်းတို့ကတော့ "ကော့စွန်းအငူ"လို့ ခေါ်သတဲ့။ ကျွန်းနှစ်ကျွန်းလို့ အဓိပ္ပာယ်ရတာပေါ့။ ကော့သောင်းအနီးမှာ "ဖောင်းနင်းနဲ့ ဖောင်းဝါ"ဆိုပြီး ကျွန်းနှစ်ကျွန်း ရှိတာကိုး။ ပသျှူးတို့ကတော့ သူတို့ဘာသာစကားအရ "ပူလိုဒူးဝါးရွာ"လို့ ခေါ်ဟန်ပါပဲ။ ဒါကလည်း "ကျွန်းနှစ်ကျွန်းရွာ"လို့ အဓိပ္ပာယ်ရတယ်လို့ ဆိုပါတယ်။

အချို့မှတ်တမ်းတွေကတော့ "၁၈၆၃ ခုနှစ်မှာ "တာထန်း"ဦးဆောင်တဲ့ ပင်လယ်ဓားပြအဖွဲ့ဝင်သုံးဆယ်တို့ဟာ ပါချန်မြစ်ဘေး တဲဆောက်လုပ်နေထိုင်ရာက ကော့သောင်းမြို့စခဲ့တယ်"လို့ ဆိုပါတယ်။ တချို့မှတ်တမ်းတွေကတော့ "၁၈၆၅ မာလာယုမှ ပသျှူးလူမျိုး နာဟူဒါအာမက်" မိသားစု ၁၃ စုမှ ဆွေမျိုးတစ်စု ပင်လယ်ပြင် ငါးဖမ်းရင်း ဖောင်းနင်းကျွန်းနဲ့ ဖောင်းဝါကျွန်းမှာ အခြေချနေထိုင်ရာက "ပူလိုဒူးဝါးရွာ"လို့ခေါ်တဲ့ တံငါရွာလေးကနေ ကော့သောင်း" အဖြစ် ရောက်ရှိမြို့တည်လာခဲ့တာလို့ ဆိုပါတယ်။

ဒီအချက်တွေအရကြည့်ရင် ၁၈၆၅ မှ ပသျှူးလူမျိုးတွေ မြန်မာနိုင်ငံထဲရောက်ရှိခဲ့သယောင်ယောင် ထင်မြင်စေပါတယ်။ ဒါပေမဲ့ ၁၈၂၅-၂၆ အင်္ဂလိပ်တို့ ကောက်ယူခဲ့တဲ့ သန်းခေါင်စာရင်းမှာတော့ "ထားဝယ်ခရိုင်တွင် ပသျှူး ၂၁ ဦးရှိသည်"လို့ ဆိုပါတယ်။ ဒီသန်းခေါင်စာရင်းအရဆိုရင် ၁၈၂၆ မတိုင်မီကတည်းက ရောက်ရှိခဲ့တယ်လို့ ဆိုရမှာပါ။ ထားဝယ်ရော ကော့သောင်းရောဟာ တနင်္သာရီတိုင်းထဲမှာ ရှိနေတာဆိုတော့ တစ်ချိန်က တနင်္သာရီမြို့အကြောင်းဘက် လှည့်ကြည့်မိတယ်။

ဦးမေအောင်က "တနင်္သာရီ"ဆိုတာ "တနင်းညီ" ဆိုတဲ့ မွန်ဘာသာစကားကနေ ရွေ့လျားလာတယ်"လို့ ဆိုတယ်။ အချို့ကလည်း တနိန်သရေကနေ ပြောင်းလာတယ်ဆိုရဲ့။ ဒါကတော့ မွန်နဲ့ပါဠိရောထားတာ။ ကျက်သရေရှိတဲ့မြို့ပေါ့။ ယိုးဒယားတို့ကတော့ "ထနောင်စီ၊ ထနောင်စီရိ၊ ထနောင်သီရိ"လို့ ခေါ်ကြတယ်။ ဒါကို အစွဲပြုပြီး ၁၈ ရာစုမှာ ကုန်သွယ်ရင်းရောက်ခဲ့တဲ့ တရုတ်တို့ကတော့ "ထနောင်း Ta-Noa လို့ ခေါ်ခဲ့ကြတယ်။ သူတို့ကတော့ ယိုးဒယားအသံကို ဖလှယ်ထားပုံပါပဲ။ ပသျှူးတို့ကတော့ "တာနာဆာရီ Tanansari လို့ ခေါ်သတဲ့။ အဓိပ္ပာယ်ကတော့ "ပန်းမာလ်ဒေသ"ပေါ့။ ဒီအချက်နဲ့ပတ်သက်ပြီး ဦးတင်လှကတော့ ၁၉၆၃ သုတေသနဆွေးနွေးပွဲမှာ "မွန်တို့မှတစ်ဆင့် ရောက်ရှိသွားတဲ့ စကားလုံးများဖြစ်နိုင်"လို့ ခန့်မှန်းခဲ့ပါတယ်။

ဦးရည်စိန်ကတော့ မက္ကာရေလက်ကြားကိုဖြတ်ပြီး ရေလမ်းခရီးကနေ မြန်မာနိုင်ငံကိုရောက်ရှိလာတဲ့ တရုတ်လူမျိုးတို့ခြေရာကိုကောက်ရင်း ခရီးသွားဟန်လွဲ ပသျှူးအကြောင်းကို ပြောခဲ့တာတော့ရှိရဲ့။ သူက "ပသျှူးပြည်"ကနေ ကွမ်းသီးနဲ့ရွှေကို ဝယ်ယူကူးသန်းမှုပြုခဲ့ကြောင်း ရေးသားခဲ့တယ်။ အဲဒီကတစ်ဆင့် တနင်္သာရီမြို့နဲ့ အရောင်းအဝယ်လုပ်ခဲ့ကြောင်း ဖော်ပြချက်အရ ၁၈ ရာစုကတည်းက ပသျှူးတို့ရောက်ရှိနေဟန် ဖော်ပြထားတာပါ။ ဒါဆိုရင်တောင် ပသျှူးတို့ အခြေချနေထိုင်ခဲ့တာ နှစ်ပေါင်း နှစ်ရာကျော်သုံးရာနီးပါးရှိခဲ့ပြီပေါ့။

ဒါတွေကတော့ မှတ်သားထားမိသမျှ ပြန်စဉ်းစားမိတာတွေပါ။ အခုတလော မြန်မာနိုင်ငံအတွင်း နေထိုင်ကြတဲ့ လူမျိုးစုအသီးသီးရဲ့ မိမိတို့လူမျိုးစုဆိုင်ရာ သမိုင်းစာအုပ်တွေ အတော်များများ ထွက်ပေါ်လာကြတယ်။ ရေးကြသမျှ စာအုပ်တွေမှာတော့ မိမိတို့လူမျိုးတွေဟာ ဌာနေတိုင်းရင်းသားတွေဖြစ်ကြောင်း မနုဿဗေဒအကိုးအကားတွေနဲ့ ဖော်ပြထားတာတွေကို တွေ့ရတယ်။ အားလုံးကတော့ စစ်ဝါဒီတွေ ထည့်သွင်းထားတဲ့ ဆော့ဝဲ Software ထဲကနေ ရုန်းမထွက်နိုင်ကြဟန်မရှိသေးတာကိုပဲ တွေ့နေရတယ်။ အဓိက ရိုက်သွင်းခံနေရတာက "ဌာနေတိုင်းရင်းသား"ဆိုတဲ့ Concept ပါပဲ။

တကယ်တော့ မြန်မာအဘိဓာန်အရကြည့်ရင် "ဌာနေ"ဆိုတာ မွေးရာအရပ်ဒေသဖြစ်သလို ဒေသတစ်ခုတွင် ကြာရှည်စွာ နေထိုင်လာသူကို ခေါ်တာပါ။ "တိုင်းရင်းသား" ဆိုတာလည်း မိမိတို့ ဘိုးဘွားစဉ်ဆက်နေထိုင်လာသည့် တိုင်းပြည်တွင် မွေးဖွားနေထိုင်သူလို့ ဖွင့်ဆိုပါတယ်။ ဒီလိုနေထိုင်တာကို သက်သေပြဖို့အတွက် ကမ္ဘာဦးအစကနေ ကျော်ခေတ်တွေအထိ ပြန်ပြောနေကြတာကိုး။ ဒါကလည်း မဆလခေတ်သမိုင်းရဲ့ ဆော့ဝဲကနေ ထွက်လာခဲ့တဲ့ Concept တစ်ခုပါပဲ။

မြန်မာ့ရာဇဝင်မှာ "မြန်မာအစ တကောင်းက" ဆိုတဲ့အယူအဆနဲ့ "မြန်မာအစ ကျောက်ဆည်က"ဆိုတဲ့

အယူအဆနှစ်ခုက အားပြိုင်လာခဲ့ကြတာကိုး။ “မဆလ” ကာလရောက်လာတော့ “မြန်မာအစဥ္ဆာနေက” ဆိုတဲ့ အယူဆကို ဖော်ထုတ်လာကြတယ်။ ဒါမှလည်း “မဟာဗမာ”သဘောတရားထုတ်ပြလို့ အဆင်ပြေမှာကိုး။ ဒီတော့ ပုံတောင်ပုံညာဘက်ကတွေ့တဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတွေနဲ့ သက်သေပြလာတယ်။ အဲဒီ ဗိုင်းရပ်စ်က အကူးစက်မြန်လေတော့ ကျန်လူမျိုးစုတွေဆီ ပျံ့နှံ့လို့ အခုထိ ကုမရတဲ့ရောဂါတစ်ခုလို ပါပဲ။

အခုလည်း မြန်မာနိုင်ငံအတွင်းနေထိုင်ခဲ့ကြတဲ့ လူမျိုးစုငယ်ဖြစ်တဲ့ “ပသျှူးလူမျိုး”အကြောင်း စာအုပ်လေး တစ်အုပ်ထွက်လာတယ်။ စာအုပ်နာမည်က “တိုင်းရင်းသား ပသျှူးအမျိုးသား”တဲ့။ ပြုစုသူက ဦးမောင်မောင်ကြီး(မန်း) ပါ။ ပထမအကြိမ်ထုတ်က ၁၉၇၂ မဆလအုပ်ချုပ်ချိန်ကာလ က ထုတ်ဝေခဲ့တာ။ အဲဒီအချိန်ကတော့ “တိုင်းရင်းသား” ဆိုတဲ့ ဝေါဟာရမပါရင် မပြည့်စုံသလိုဖြစ်ခဲ့ဟန်မို့ ဖြည့် စဉ်းစားလို့ရပါတယ်။

ဦးမောင်မောင်ကြီး(မန်း) က ဒီစာအုပ်ကိုရေးတဲ့ အကြောင်းရင်းကို ခန့်မှန်းတွက်ကြည့်မိတယ်။ ၁၉၇၂ ခုနှစ်ဟာ မြန်မာနိုင်ငံတွင်း မှီတင်းနေတဲ့ “တိုင်းရင်းသား” လူမျိုးစုငယ်တွေအတွက် တုန်လှုပ်စရာကိစ္စရပ်တွေဖြစ်ခဲ့တယ်။ မဆလတရားဝင်မဖြစ်သေးတဲ့ အမြဲတေကာလထဲမှာ ပဲ မြန်မာနိုင်ငံတွင်းမှာရှိတဲ့ “တိုင်းရင်းသားလူမျိုးစာရင်း” ကို အုပ်ချုပ်သူတွေက ထုတ်ပြန်လိုက်တယ်။ အရင်က ရှိဖော်ပြခဲ့တဲ့ လူမျိုးစု ၁၄၄ မျိုးကနေ စစ်အာဏာသိမ်းပြီး နောက် ၁၃၅ မျိုးဆိုပြီး သတ်မှတ်လာတယ်။ အဲဒီသတ်မှတ် ချက်ထဲမှာ “ပသျှူး”အပါအဝင် အခြားလူမျိုးစုငယ်တွေ ကျန်နေခဲ့ပါတော့တယ်။ ဒါကြောင့် သူ့စာအုပ်ဟာ အချိန် အခါအလျောက် လိုအပ်ချက်ကြောင့် ရေးသားပြုစုခဲ့ဟန်ရှိပါ တယ်။

သူ့စာအုပ်မှာ အခန်း (၃) ခန်းခွဲထားတယ်။ အခန်း (၁) ကိုတော့ “တိုင်းရင်းသားပသျှူးအမျိုးသား” ဆိုတဲ့ ခေါင်းစဉ်ပါ။ စာမျက်နှာတစ်မျက်နှာခွဲခန့် ဖော်ပြထား တယ်။ ပသျှူးလူမျိုးတော်ဟာ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် မှာ နေထိုင်ကြောင်း။ ပသျှူးနဲ့ စလုံဟာ ဩစတြေးလွိုက် Australoidအနွယ်ဝင်ဖြစ်ကြောင်း။ ရှေးအခါက ရက္ခပူရပူရ တိုင်းသား ရောဘီလူးလို့ ဓမ္မစေတီကျောက်စာနဲ့ ကလျာနီ ကျောက်စာတို့မှာ ရေးထိုးခဲ့တာရှိကြောင်း။ အဆုံးသတ်မှာ တော့ ပသျှူးတို့နေထိုင်ရာ ကျေးရွာအုပ်စု ၃၀ ကျော်မျာ အိမ်ခြေ ၇၀၃၄ ရှိပြီး လူဦးရေ ၃၉၅၀၂ ယောက်ရှိကြောင်း ဖော်ပြထားတယ်။

အခန်း (၂) ကတော့ ပသျှူးလူမျိုးတို့ရဲ့ ဗလီဝတ် ကျောင်းတော်နဲ့ အိမ်ခြေစာရင်းကို ပြုစုပေးထားတာပါ။ စာရေးသူကိုယ်တိုင် ကွင်းဆင်းခဲ့ဟန်ပါပဲ။ အခန်း(၃)က တော့ ပသျှူးလူမျိုးတို့ရဲ့ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စတွေကို ရေးသားထားတာပါ။ စာမျက်နှာပေါင်း ၄၃ မျက်နှာရှိတဲ့ အထဲက သူရေးတာကတော့ မာတိကာ၊ နိဒါန်း၊ အချုပ်၊ အတိုမှတ် စာရင်းအပါအဝင် ၁၆ မျက်နှာပဲရှိတယ်။ ကျန် တာက နောက်ဆက်တွဲ ဖော်ပြချက်တွေပါပဲ။

တကယ်တော့ ဌာနေတိုင်းရင်းသားဖြစ်ခြင်းထက် မျိုးဆက်နှစ်ဆက်သုံးဆက်လောက်အနေကြာလာရင် နိုင်ငံ သားဖြစ်ခွင့်ရရှိရေးက ပိုလို့ လိုအပ်ချက်တစ်ခုပဲဖြစ်မှာပါ။ မျိုးဆက် နှစ်ဆက်ဆိုရင်တောင် နှစ်တစ်ရာကျော်လောက် ရှိနေပါပြီ။ အခုထိ တချို့နိုင်ငံသားဖြစ်ခွင့်မရကြသေးဘူး။ ဒီတော့လည်း တိုင်းရင်းသားဖြစ်ကြောင်း သက်သေပြလို ကြတာ အပြစ်တော့ တင်လို့မရပေဘူးပေါ့။

ဒီနိုင်ငံ၊ ဒီရေမြေမှာ မိဘ၊ ဘိုးဘွားကတိုင် နှစ် ရှည်စွာနေထိုင်ခဲ့ကြသူတွေ၊ နိုင်ငံ့အကျိုးယုတ်လျော့စေမယ့် လုပ်ရပ်ကိုမလုပ်ဘဲ နိုင်ငံသားကောင်းပီသစွာ နေထိုင်လိုသူတွေ ဟာ ဘယ်သူမဆို နိုင်ငံသားဖြစ်ခွင့်ပေးသင့်တာပါ။ တစ် ခရီးထဲသွား၊ တစ်လှေထဲစီးတွေပဲ ကိုယ်စီးတဲ့လှေ ကိုယ် တိုင်ထိုးမဖောက်ဖို့ဘဲလိုတာပါ။ ဒီလိုအခြေအနေဖြစ်ပေါ်ဖို့ အတွက် လမ်းကြောင်းသစ်တွေ ရှာကြရမှာပါ။ ၁၈ ရာစု ကိုလိုနီလက်ကိုင်တုတ် မနုဿဗေဒလောက်နဲ့ လုပ်လို့မရတော့ ဘူး။ ဒီလိုပဲ ၂၀ ရာစု ဌာနေတိုင်းရင်းသားအယူအဆနဲ့ လည်း မလုံလောက်ဘူး။ မဆလခေတ် မဟာလူမျိုးကြီး “ဆောဖ့်ဝဲ”ရဲ့ Conceptထဲက ရုန်းထွက်ပြီး ၂၁ ရာစုရဲ့ လမ်းကြောင်းသစ်ရှာဖို့ လိုနေပြီလို့သာ သုံးသပ်တင်ပြလိုက်ရပါ တယ်။

■

# ပသျှူး

▲ ခင်မောင်ဦး ▼

*ဗမာပြည်တောင်ဘက်အစွန်းတွင် နေထိုင်လျက်ရှိသော မလေးကျွန်းဆွယ်မှ မလေးလူမျိုး၊ ဗမာအခေါ် ပသျှူးလူမျိုးတို့ကို ပြည်ထောင်စု ဗမာနိုင်ငံတော်သားတိုင်းက သိကြလိမ့်မည် မဟုတ်။ သိရှိသော်လည်း ၎င်းတို့၏ ဇစ်မြစ်ကို တိတိကျကျ ပြောပြနိုင်သူ အလွန်ရှားပေလိမ့်မည်။ ဒါကြောင့် ကျွန်တော်က ''ပြည်ထောင်စုက မသိသေးသည့် ပြည်ထောင်စုသား'' ဖြစ်သော ဤမလေးခေါ် ပသျှူးလူမျိုး၏အကြောင်းကို ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။*

''ပသျှူးခေါင်းဖြတ်တွေလာပြီ''ဟု ကလေးဘဝကပင် လူကြီးမိဘများ၏ ခြောက်လှန့်ခြင်းကို ခံခဲ့ရ၏။ ထိုကလေးဘဝတွင် လူကြီးမိဘများ၏ ခြောက်လှန့်မှုကြောင့် ကျွန်တော်တို့မှာ ''ပသျှူး'' ဟူသောစကားကို ကြားရသောအခါ အလိုလို လန့်နေမိ၏။ လူလားမြောက်သည့်အရွယ် မြို့ပေါ်တွင် သွားလာနေသည့် ပသျှူးတို့ကို တွေ့ပြန်တော့လည်း ''သူလို ငါလိုပါလား''ဟု ငယ်စဉ်က ဖြစ်ပေါ်သော သံသယစိတ်များမှာ ပျောက်လုနီးနီးဖြစ်နေဆဲတွင် ပသျှူးတို့၏ ခတ်ဆေးမှာ ထက်မြက်လှကြောင်း တစ်ဆင့်စကားကြားရပြန်သဖြင့် ပသျှူးလူမျိုးတို့ တွေ့မြင်လျှင် ခပ်ဝေးဝေးမှ ရှောင်ရှားခဲ့မိ၏။ သူတို့နေထိုင်သည့်အိမ်ကိုလည်း မသွားလာရဲ၊ သူတို့ကျွေးမွေးသည့် အစားအသောက်များလည်း မစားသောက်ရဲ။

သို့နှင့်ပင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသောအခါ ကျွန်တော်မှာ အစိုးရအလုပ် ဝတ္တရားနှင့် ဘုတ်ပြင်းမြို့သို့ ပြောင်းရွှေ့ရန် အမိန့်စာရသောအခါ မိဘဆွေမျိုးများနှင့် မိတ်သင်္ဂဟများက ဘုတ်ပြင်းမြို့သို့ ရောက်လျှင် အစားအသောက်အနေအထိုင်ဆင်ခြင်ရန် သတိပေးကြ၏။ အဘယ်ကြောင့်ဆိုသော် ဘုတ်ပြင်းမြို့သည် ပသျှူးလူမျိုးများ ရာခိုင်နှုန်းများသော မြို့နယ်ဖြစ်သောကြောင့်ပင်။

ကျွန်တော်က ပသျှူးလူမျိုးကို မတွေ့ဝံ့ဝံ့။ တွေ့ဝံ့ဝံ့နှင့်ပင်၊ ဘုတ်ပြင်းမြို့သို့ ရောက်ရှိခဲ့၏။ အစစ အရာရာ ဆင်ခြင်ပြီး နေထိုင်ခဲ့၏။ ပသျှူးလူမျိုးများကို သိပ်အရောမဝင်ဘဲ သူတို့နေအိမ်များသို့လည်း သွားရောက်လည်ပတ်ခြင်းမပြု။ သူတို့ကျွေးမွေးသည့် အစားအသောက်တွေကိုလည်း မစား။ သူတို့နှင့် အဝေးပေါင်းပေါင်းလျက် ၆ လကျော်မျှ နေထိုင်ခဲ့ပြီးနောက် ဘုတ်ပြင်းမြို့မှ မြိတ်မြို့သို့ ပြောင်းရွှေ့ခဲ့ရပါသည်။

ယခု ကျွန်တော်က "ပင်လယ်ရေပြင်မှ သိုက်ကျွန်းဘုရင်"ဟု အမည်ပေးလိုသော လမ်းပိကျွန်းမှ ကျွန်တော်တို့လူစုအပြန်တွင် ပသျှူးလူမျိုးနေထိုင်ရာ ကျေးရွာများသို့ သွားရောက်လည်ပတ်မည်ဆိုသဖြင့် အထက်ဖော်ပြခဲ့သည့်အတိုင်း ငယ်စဉ်က အခြောက်အလှန့်ခံရသော ပသျှူးတို့နှင့် မတွေ့ဝံ့ဝံ့၊ တွေ့ဝံ့ဝံ့ဖြစ်ရသော ကျွန်တော်မှာ ပသျှူးတို့၏အကြားဝယ် ၆ လကျော် စိတ်တထင့်ထင့်နှင့် နေထိုင်ခဲ့ရပြီး ပသျှူးတို့၏ အစွမ်းအစကို အခြောက်အလှန့်ခံခဲ့ရသလို ဘာမှမတွေ့ကြရသဖြင့် ရှေးလူကြီးတွေ ဘာကြောင့် ပသျှူးလူမျိုးများကို ကြောက်ရွံ့ခဲ့ကြသနည်း။ ဘာကြောင့် အထင်အမြင်သေးခဲ့ကြသနည်းဟူသောအချက်ကို စဉ်းစားနေမိသည်။

တကယ်ဆိုသော ပသျှူးလူမျိုးသည် အနေအထိုင် အစားအသောက် ညစ်ပတ်ကြ၏။ ဒါကိုတော့ ကျွန်တော်က ကိုယ်တွေ့မို့ ဝန်ခံပါ၏။ ဤသို့ အနေအထား၊ အစားအသောက် ညစ်ပတ်မှုကြောင့် ပသျှူးလူမျိုး မပေါင်းသင်းရအောင် ခြောက်လှန့်တာလား။ အစားအသောက် ညစ်ပတ်သော ပသျှူးတို့၏ အကျွေးအမွေးကို မစားမိအောင် ခြောက်လှန့်တာလား၊ ကျွန်တော်က ဒါပဲ တွေးနေမိ၏။

သို့ဖြစ်၍ ကျွန်တော်က ကျွန်တော့်ကိုယ်တွေ့၊ ပသျှူးလူမျိုး၏ နေထိုင်စားသောက်မှုကို အနည်းငယ် ဖော်ပြလို၏။

၎င်းတို့၏နေအိမ်များမှာ ခပ်ကုပ်ကုပ်နှင့် တစ်ထပ်တည်း ဆောက်လုပ်ထားသည့်အိမ်များဖြစ်ပြီး လေကောင်းလေသန့်ဝင်နိုင်ရန် ပြတင်းပေါက်မရှိဟုဆိုလောက်အောင်နည်း၏။၊ ရှိသည့် ပြတင်းပေါက်များကိုလည်း အမြဲမပြတ်ပိတ်ထားတတ်၏၊ နေအိမ်တံခါးပေါက်ဝ သို့မဟုတ် အိမ်ပေါ်သို့တက်ရန် လှေခါးထိပ်များ၌ ပသျှူးမတို့၏ ထမီများ လှန်းထားတတ်လေသည်။

ပသျှူးမများမှာ ရေချိုးသည့်အကြိမ်ကနည်း၍ အိမ်တွင်းမှ အိမ်ပြင်မထွက်ဘဲ အိမ်တွင်းအောင်းနေတတ်ကြသည်။ သို့ဖြစ်၍ ကျန်းမာရေးနှင့် မညီညွတ်သော ၎င်းတို့တွင် "ဖက်ခွက်နာ" "တောင်အူနာ" အစရှိသည့် အနာကြီးများ အမြဲပေါက်ကြ၏။ ရှေးအစဉ်အလာကို မပယ်ရှားကြသေးသော ပသျှူးမများမှာ အမြဲတစေ ထမီပိုတစ်ထည်ဖြင့် ခေါင်းခြုံ၍သာ နေတတ်ကြလေသည်။ ဤအလေ့အထမှာ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ် ကျေးရွာများရှိ ပသျှူးမများ ယနေ့တိုင် ပြုကျင့်နေကြသေး၏။ သို့သော် ဘုတ်ပြင်းမြို့ပေါ်မှ ခေတ်မီ၍ ပိုက်ဆံကြေးငွေပေါများသူတို့နှင့် ကော့သောင်းမြို့ပေါ်ရှိ ပသျှူးမများမှာတော့ ထမီဖြင့် ခေါင်းခြုံခြင်း မပြုတော့ဘဲ ပိတ်ပါးပိုးလက်ကို ပုဝါ သို့မဟုတ် ဇာပိုင်းများအသုံးပြုသည်ကို တွေ့မြင်ရလေသည်။

ကော့သောင်းမြို့သည် ယိုးဒယားပြည်နှင့် နီးကပ်သောကြောင့်လောမသိ။ ဘုတ်ပြင်းမြို့နယ်ရှိ ပသျှူးများထက် ကော့သောင်းမြို့နယ်မှ ပသျှူးများက ခေတ်မီ၏။ ကော့သောင်း ပသျှူးမများသည် စီးကရက်ကို နှစ်နှစ်ခြိုက်ခြိုက် သောက်ကြ၏။ လက်ဖက်ရည်ဆိုင်များတွင် ဘာသာမတူသည့် အခြားလူမျိုးကွဲများနှင့် ရောရောနှောနှော စားသောက်ကြ၏။ ဘုတ်ပြင်းပသျှူးကဲ့သို့ ဇာတ်သိပ်မကြီးကြ။

ဤသည်တို့ကား ပသျှူးလူမျိုး၏ နေထိုင်စားသောက်မှု တစ်စိတ်တစ်ဒေသဖြစ်လေသည်။ ၎င်းတို့သည် မည်သို့စတင်ဖြစ်ပေါ်လာပုံနှင့် မည်သည့်အဆက်အနွယ်မှ ပေါက်ဖွားဆင်းသက်ခဲ့ပြီး ဗမာနိုင်ငံတော်အတွင်းသို့ မည်သည့်အချိန်အခါက မည်သို့မည်ပုံ ဝင်ရောက်လာကြပုံကို လမ်းပိကျွန်းမှ အပြန် ပသျှူးရွာများသို့ လှည့်လည်ကြည့်ရှုစဉ်က စုံစမ်းသိရှိသမျှ ဆက်လက်ဖော်ပြလိုပေသည်။

ပသျှူးလူမျိုးသည် အာရေဗျနယ် အာရပ်လူမျိုးမှ ဆင်းသက်လာသည့် လူမျိုးတစ်မျိုးဖြစ်လေသည်။

၇ ရာစုနှစ်လောက်က အာရပ်တို့သည် အီရန်နိုင်ငံကို တိုက်ခိုက်သိမ်းယူပြီးနောက် ၎င်းတို့၏ မဟာမေဒင် သာသနာကို အီရန်နိုင်ငံ၌ ပျံ့နှံ့စေ၏။ ထိုနောက် အီဂျစ်၊ အာဖရိကမြောက်ပိုင်း၊ စပိန် အစရှိသည့်နိုင်ငံများသို့ ချီတက်တိုက်ခိုက်ပြီး အီစလံ သာသနာပြုကြလေသည်။ ပြင်သစ်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ကြသောအခါ

ခရစ်ယာန်တို့က ဥရောပတစ်တိုက်လုံး ခရစ်ယာန်သာသနာ ပြုထားပြီဖြစ်သောကြောင့် ၎င်းတို့၏ တိုင်းပြည်တွင်းသို့ ကျော်လွန်၍ မလာနိုင်စေရန် အာရပ်တို့နှင့် စစ်ပြိုင်ကြလေသည်။ ၎င်းတို့၏ ဘာသာရေးစစ်ပွဲမှာ သွေးချောင်းစီးမျှ တိုက်ကြပြီး အာရပ်တို့မှာ အရေးနိမ့်လေသည်။

ယင်းသည့်နောက်တွင် အာရပ်တို့သည် အရှေ့ဘက်သို့ ဦးလှည့်ခဲ့ကြပြန်ရာ အိန္ဒိယကျွန်းစွယ်နှင့် ကုန်ကူးသန်းရောင်းခြင်းပြုပြီး ၎င်းတို့၏ မဟာမေဒင်သာသနာကို အိန္ဒိယပြည်တွင်း၌ ပြန့်ပွားစေပြန်သည်။ ၅၀ ပြည့်နှစ်တွင် အိန္ဒိယတိုင်းရင်းသားများက မခံရပ်နိုင်သဖြင့် ပုန်ကန်သောအခါ အာရပ်တို့သည် အိန္ဒိုမြစ်ဝှမ်းဒေသမှ ဆုတ်ခွာထွက်ပြေးရလေသည်။ သို့သော် မဟောမေဒင် သာသနာမှာ အချို့ချို့သော မင်းတို့က ယုံကြည်ကိုးကွယ်သဖြင့် အမြစ်တွယ် ကျန်ရစ်လေသည်။

အမှန်မှာ အာရပ်တို့သည် ဘိုးဘေးအစဉ်အဆက်က ကုန်သည်များဖြစ်သောကြောင့် ကုန်ကူးသန်းရောင်းဝယ်ရင်း ၎င်းတို့၏ မဟာမေဒင်သာသနာကို ဖြန့်ခဲ့ကြ၏။ ရောမလူမျိုး ထွန်းကားလာသောအချိန်၌ အာရပ်တို့မှာ စီးပွားရေးအခြေအနေ ပျက်ပြားလောက်အောင် ဖြစ်ခဲ့ကြရသည်။ သို့ဖြစ်၍ အိန္ဒိကျွန်းမှ အရှေ့နှင့် တောင်ဘက်ကျွန်းစုများဆီသို့ စီးပွားရေးနယ်သစ်ချဲ့ခဲ့ကြရာ မာလာယုခေါ် မလေးကျွန်းစွယ်၊ စူမတြား၊ ဂျာဗားကျွန်းများသို့ ရောက်ခဲ့ကြပြန်သည်။

၁၃၇၇ ခုနှစ်တွင် စူမတြားနှင့် ဂျာဗားတို့ မသင့်မတင့်ဖြစ်ကြသဖြင့် စူမတြားမှ အိန္ဒိယလူမျိုးအချို့သည် မလေးကျွန်းစွယ်သို့ ကူးပြေးကြပြီး မြို့သစ်ထူထောင်နေကြပြန်သည်။ ထိုအချိန်တွင် အိန္ဒိယနိုင်ငံရှိ အာရပ်လူမျိုးမှ ဆင်းသက်သော မဟာမေဒင် ဘာသာဝင်များမှာလည်း မွန်ဂိုဘုရင် ''တမာလိန်'' ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် မလေးကျွန်းစွယ်နှင့် စူမတြားမြောက်ပိုင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ဤတွင် ယခင်က ကုန်ကူးသန်းရောင်းဝယ်ပြုလုပ်နေကြသော အာရပ်ကုန်သည်များနှင့် ပူးပေါင်းမိပြန်သဖြင့် မလေးကျွန်းနှင့် စူမတြားကျွန်းတွင် မဟာမေဒင် သာသနာမှာ လျင်မြန်ပြန့်ပွားသွားလေတော့သည်။

ဤသို့ ဖြစ်ပျက်ခဲ့ပြီးနောက် ၁၈၅၀ ခုနှစ်တွင် တရုတ်ပြည်တောင်ပိုင်းဒေသ၌ ထကြွသောင်းကျန်းသော ''တေပင်'' ခေါ် တရုတ်သူပုန်ရန်ကြောင့် အင်ဒိုချိုင်းနား၊ မလေး၊ စူမတြားကျွန်းသူ ကျွန်းသားများမှာ အလိုလို ထိတ်လန့်ကြောက်ရွံ့လာကြပြီး မိမိတို့နေထိုင်ရာ တိုင်းပြည် အသီးသီးမှ ဘေးကင်းငြိမ်းရာ ဒေသများသို့ ထွက်ပြေးတိမ်းရှောင်ကြသည်တွင် မလေးကျွန်းဆွယ်နှင့် စူမတြားကျွန်းမှ မဟာမေဒင်သာသနာဝင်အာရပ်အမျိုးအနွယ်အစုစုတို့မှာ ယိုးဒယားပြည် အနောက်ပိုင်းနှင့် ဗမာပြည်တောင်ပိုင်းဆီသို့ ရောက်ခဲ့ကြလေသည်။

ဗမာပြည်တောင်ပိုင်းသို့ ရောက်ခဲ့သည့် မဟာမေဒင် အာရပ်အမျိုးအနွယ်အစုကို အုပ်စီးလာသူမှာ ''တို့မု'' ဆိုသူဖြစ်ပြီး ၎င်းတို့သည် ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာတွင် စခန်းချကြ၏။ ထိုနေရာတွင်ပင် ရွာတစ်ရွာတည်ထောင်ပြီး ''တို့မု'' က ၎င်းတို့တည်ထောင်သည့် ကျေးရွာအမည်ကို ''ဂျူးနွီး'' ဟု ခေါ်စေ၏။ ''ဂျူးနွီး'' မှာ ''တို့မု'' ၏ ချစ်စနိုးသော သားတော်မောင်၏ နာမည်ဖြစ်သည်ဟုဆိုလေသည်။ ထိုအခါက ကော့သောင်းမြို့နယ်သည် ယိုးဒယားလက်အောက်တွင်ရှိနေသေး၏။ ပသျှူးများက ကျွန်းနှစ်ကျွန်းကိုအကြောင်းပြုပြီး ကော့သောင်းကို ''ပူလောင်းဒူးဝါး'' ဟု အမည်ပေးကြ၏။ ''ပူလောင်း၏ ဗမာ့အဓိပ္ပာယ်ကား ကျွန်းနှစ်ကျွန်းတည်း။

''တေပင်'' သူပုန်ရန်ကြောင့် တရုတ်ပြည်တောင်ပိုင်းမှ ထွက်ပြေးလာကြသော တရုတ်တစ်စုမှာ ကော့သောင်းမြို့နှင့် သုံးမိုင်မျှသာ ကွာဝေးသည့် ယိုးဒယားပြည်ခိုင်ရနောင်းမြို့တွင် ကျေးရွာတည်ထောင်လျက်နေထိုင်ပြီး ဖြစ်လေရာ တို့မုတို့ထံသို့ မကြာခဏ လာရောက်နေထိုင်ကြလေသည်။ မဟာမေဒင်သာသနာဝင် တို့မုတို့လူစုမှာ တရုတ်များ ဤကဲ့သို့ မကြာခဏ လာရောက်နေတတ်သည်နှင့် မြောက်ပိုင်းဘက်သို့ ရွှေ့ပြောင်းခဲ့ကြသည်။ အချို့ချို့သော မဟာမေဒင်တို့မှာ တို့မုနောက်သို့ ဆက်လက်လိုက်ပါခြင်းမပြုတော့ဘဲ လမ်းခရီးတွင် ကျန်ရစ်ကြပြီး ရွာသစ်များ ထူထောင်နေထိုင်ကြလေသည်။

တို့မုတို့ မြိတ်မြို့သို့ ရောက်ရှိသောအချိန်မှာ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်သည် ထိုစဉ်အခါက ဗမာဘုရင်နန်းစိုက်ရာမြို့တော်ဖြစ်လေသ်။ ထို့နောက် တိုမုတို့လူစုသည် မလိဝမ်းသို့ ပြန်လှည့်ခဲ့ကြပြီး မလိဝမ်းတွင်ပင် အတည်တကျနေထိုင်ရန် ဆုံးဖြတ်ကြလေသည်။ ၎င်းတို့သည် တံငါအလုပ်နှင့် မြေလွတ်မြေလပ်များတွင် အုန်းပင်များ စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ရှာဖွေကြလေသည်။ ထိုအချိန်တွင် တနင်္သာရီနယ်တွင် ကျန်ရစ်ခဲ့သည့် ပသျှူးအချို့မှာ ကျေးရွာ

များ ထူထောင်နေထိုင်ကြပြီဖြစ်သောကြောင့် မြိတ်နှင့် ကော့သောင်းနယ်အကြားဝယ် ပလျှုကျွန်းစွယ်မှ မဟာမေဒင် သာသနာဝင်အာရပ် အမျိုးအနွယ်များ ပြန့်ပွားနေလေပြီ (ပသျှူးကျွန်းစွယ်မှလာသူများဖြစ်သောကြောင့် ၎င်းတို့ကို ပသျှူးဟု ခေါ်ကြခြင်းဖြစ်ဟန်တူလေသည်။)

ဤသို့ ပလျှူးကျွန်းစွယ်မှ ပလျှူးတို့သည် ဗမာပြည် တောင်ပိုင်းတွင် ကျေးရွာများ တည်ထောင်လျက် အခြေတကျ နေထိုင်မိသောအခါ ဗမာပြည်တောင်ဘက်အစွန်းနှင့် မလေးစူမတြားကျွန်းသားများသည် ကူးသန်းသွားလာ ဆက်ဆံနေထိုင်လာကြလေသည်။ အဆိုပါ ကုန်လှေများကို အကြောင်းပြုပြီး မလေးကျွန်းစွယ်မြောက်ပိုင်း "ကေဒါနှင့် ပါရ်လစ်" နယ်သားပလျှူးတို့သည် "စကော်နာ" ခေါ် ရွက်လှေများဖြင့် လိုက်လံတိုက်ခိုက်ကြလေတော့သည်။ တစ်ခါတစ်ရံ "ကေဒါနှင့် ပါရ်လစ်" နယ်သား ပလျှူးပင် လယ်ဓားပြများသည် ဗမာပြည်တောင်ဘက်သို့ ကျူးကျော် ဝင်ရောက်လာတတ်ကြလေသည်။ အင်္ဂလိပ်-ဗမာ ပထမ စစ်ကြီးအတွင်းက "ဒါတို့ဂျူဟန်" ခေါင်းဆောင်သော ပသျှူးပင်လယ်ဓားပြတစ်စုသည် မြန်မာစစ်သည်တော်များနှင့် တိုက်ပွဲဖြစ်သွားသည်ဆို၏။ ထိုတိုက်ပွဲ၌ "ဒါတို့ဂျူဟန်" မှာ ဝမ်းဗိုက်တွင် ကျည်သင့်ပြီး ကျဆုံးခဲ့သည်ဟု ပသျှူး သက်ကြီးများက ဝန်ခံနေသေးသည်။

ဤပသျှူးပင်လယ်ဓားပြများမှာ ထိုခေတ်အခါက ကြမ်းကြုတ်ရက်စက်လွန်းသဖြင့် ရှေးလူကြီးများက ၎င်း အချက်ကိုအကြောင်းပြုပြီး "ပလျှူးခေါင်းဖြတ်" တွေဟု ဆိုလိုခြင်းဖြစ်ဟန်တူပေသည်။

ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာတွင် အခြေစိုက်နေကြသော "တို့မှ တို့လူစုမှာလည်း ၎င်းတို့စိုက်ပျိုးသော အုန်းပင်မှ အသီးသီးချိန် (၁၀နှစ်ကျော်) တွင် ယိုးဒယားဘုရင်က ဝိတိုရိယဘုရင်မကြီးအား ကော့သောင်းမြို့နယ်ကို လက်ဆောင်အဖြစ် ပေးလိုက်သောကြောင့် "မစ္စတာဘု" ခေါ် အင်္ဂလိပ်လူမျိုး အုပ်ချုပ်ရေးအရာရှိတစ်ယောက်သည် မလိဝမ်းမြို့နယ်သို့ ရောက်ရှိလာခဲ့၏။ ပသျှူးတို့က ၎င်း၏ ဘုရင်ကို "ရာဂျာ"ဟု ခေါ်လေ့ရှိသည်နှင့် "မစ္စတာဘု" ကိုလည်း "ရာဂျာဘု"ဟု ခေါ်ဆိုကြလေသည်။

ယိုးဒယားက အင်္ဂလိပ်လက်သို့ ကော့သောင်းမြို့နယ်ကို ပေးအပ်ချိန်တွင် မလေးကျွန်းစွယ်မှ ပသျှူးများ ဗမာပြည်တွင်းသို့ ရောက်ရှိခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ကြာခဲ့လေပြီ၊ ကော့သောင်းမြို့တွင်လည်း ပလျှူးတို့၏ အိမ်ခြေ ၂၀ ကျော်နှင့် လူမျိုးပေါင်း ၂၀၀ ခန့်ရှိနေကြလေပြီ။

ယနေ့ ကော့သောင်းမြို့နယ်နှင့် ယိုးဒယားပြည် အနောက်ပိုင်း "စတွေး"ပါတာနီ၊ ဘန်နာရားနှင့် ဂျာ--တွင်နေထိုင်လျက်ရှိသော ပသျှူးများမှာ စူမတြားမြောက်ပိုင်း "အာချင်"နယ်သားမှ ဆင်းသက်လာသည်များဖြစ်၍ ဘုတ်ပြင်းနယ်မှ ပသျှူးများမှာ "ကေဒါနှင့် ပါရ်လာ" နယ်သားမှ ဆင်းသက်သူများဖြစ်ကြလေသည်။ ပသျှူးချင်း တူသော်လည်း ဒေသမတူသည်နှင့် ကော့သောင်းပသျှူးနှင့် ဘုတ်ပြင်းပသျှူးတို့၏ ပြောစကားမှာ မသိမသာ ကွဲပြားခြားနားနေလေသည်။ ကော့သောင်းပသျှူးတို့၏ ပြောစကားမှာ "နက်" သည်ဟု ဆိုရပေမည်။ ဗမာစကားကိုပင် လွဲအောင်ပြောတတ်ကြသည်။ ၎င်းတို့သည် ဝစ္စနှစ်လုံးပေါက်ကို သုံးရမည့်နေရာတွင် အသုံးမပြုဘဲ မသုံးသင့်သည့်နေရာတွင် ထည့်သွင်းအသုံးပြုကြလေသည်။ ဥပမာဆိုသော် "ရေပုံးထဲတွင် ရေကိုလောင်းလိုက်ပါကို ရေးပုံထဲက ရေးကို လောင်းလိုက်ပါ"ဟု ပြောဆိုတတ်ကြ၏။

၎င်းတို့သည် အာရပ်အမျိုးအနွယ်မှ ဆင်းသက်လာသူများဖြစ်၍ ကိုယ်ကာယထွားကျိုင်းသန်မာကြပြီး သိုင်းပညာတွင် အထူးကျွမ်းကျင်သူများဖြစ်လေသည်။ အာရပ်သွေးမကင်းသဖြင့်လည်း စစ်တိုက်ခိုက်ရေးတွင် ဝါသနာပါမည့် လူမျိုးတစ်မျိုးဟု အကဲခတ်မိပါသည်။ ထို့ကြောင့် မဟုတ်ပါလော။ တရုတ်ပြည်တောင်ပိုင်း "တေပင်"သူပုန်ကြောင့် ထွက်ပြေးလာခဲ့သည့် လူအပ နောက်ထပ် ဗမာနိုင်ငံတော် အတွင်းသို့ ဝင်လာသည့် ပသျှူးများမှာ ပင်လယ်ဓားပြအဖြစ် တိုက်ရင်းခိုက်ရင်းက ရောက်လာသူများဖြစ်သည်ကို တွေ့မြင်နိုင်သည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အင်္ဂလိပ်နှင့် ဂျပန်တို့ကို တော်လှန်စဉ်က ဗမာ့တပ်မတော်တွင် ဗမာပြည်တောင်ပိုင်းက ပသျှူးအချို့သည် စစ်သားကောင်း အဖြစ် ပါဝင်ခဲ့ကြလေသည်။

ပသျှူးထီးများ သန်မာထွားကျိုင်းသည်နှင့် ပသျှူးမများမှာတော့ သေးသွယ်၍ ကျော့ရှင်းလှပသော ကိုယ်ဟန် အနေအထားနှင့် ရှိကြသည်။ အစဉ်အလာအရ အမြဲတစေ ခေါင်းမြီးခြုံထားရသော်လည်း ခေတ်ကြီး ပြောင်းလဲခဲ့သည်နှင့် အညီ ခေါင်းပေါ်တွင် ပဝါပိုင်းဇာပိုင်းတင်ရုံမျှ တင်ထား သည်ဖြစ်သောကြောင့် တစ်မျိုးအားဖြင့် ကြည့်ရကောင်းသည်ဟု ဆိုပေမည်။ ၎င်းတို့၏ သဘင်ပညာမှာ မလေးဆန်ပြီး

အရှေ့တိုင်း အရိပ်အငွေ့မကင်းသဖြင့် ပျော့ပျောင်းနူးညံ့သိမ်မွေ့လေသည်။

၁၉၄၉-၅၀ ခုနှစ် သန်းခေါင်စာရင်းအရ ဗမာပြည်တောင်ပိုင်း ပသျှူးဦးရေမှာ ငါးထောင်ကျော်ရှိနေ၏။ ယိုးဒယားပြည်ရှိ ပသျှူးဦးရေကား ငါးသိန်းကျော်သောကြောင့် ယခုအချိန်တွင် ယိုးဒယားပြည် ကက်ဘိနက်အဖွဲ့၌ ဝန်ကြီးတစ်နေရာ ရလေသည်။ ဗမာပြည် ပသျှူးတို့မှာ ယိုးဒယားပြည်မှာကဲ့သို့ ဝန်ကြီးတစ်နေရာ ရသော်လည်း ပသျှူးရာခိုင်နှုန်းများသည် ကျေးရွာတို့တွင် ပသျှူးလူမျိုးကို ရွာသူကြီးအဖြစ်တင်မြှောက်ထားလေသည်။ ဘုတ်ပြင်းမြို့ ရွာသူကြီး မစ္စတာ ရှာဒွေး ခေါ် ဦးအောင်မြင့်မှာ မြန်မာစာနှင့် အင်္ဂလိပ်စာကို အလယ်တန်းအထိ သင်ကြားတတ်မြောက်သူ တစ်ဦးဖြစ်လေသည်။

ကျယ်ပြန့်သော သောင်ပြင်နှင့် အုန်းရိပ်သာအောက်ရှိ ပသျှူးတို့၏ ရွာကလေးများမှာ နေထိုင်ချင့်စဖွယ်ကောင်းပေသည်။ ရွက်ဖြူကလေးများမှာ ဖွင့်လျက် ကြည့်နေကြသော ပသျှူးတံငါ လှေကလေးတို့သည် ညနေစောင်းမှဖြင့် ဝင်လုဆဲဆဲ နေရောင်ဝယ် စီရရီမြင်သည်မှာလည်း ကြည်နူးစဖွယ်ပင်။

အကယ်၍ ပသျှူးတို့သည် စားသောက်နေထိုင်ရေးတွင် ညစ်ညစ်ပတ်ပတ်မရှိလျှင် ပြီးတော့ ဇာတ်မကြီးလျှင် ၄င်းတို့နှင့် ပေါင်းသင်းဆက်ဆံရေးမှာ ဘယ်လောက် ပြေပြေပြစ်ပြစ်ရှိလိမ့်မလဲ။

ကျွန်တော်က ကျွန်တော့်အမြင်ကို ထိုထက်ရေးသားရပါမူ ပသျှူးတို့သည် ယခုအချိန်တွင် လုံးဝလွတ်လပ်သောပြည်ထောင်စုနိုင်ငံတော် တစ်နိုင်ငံဖြစ်နေသည့် သူတို့၏ မူလဋ္ဌာနရင်းဖြစ်သော အင်ဒိုနီးရှားပြည်သို့ပင် ပြန်လည်သွားရောက်နေထိုင်ကြဖို့ စိတ်ကူးတော့မည်မဟုတ်။ ၄င်းပြင် ပြည်ထောင်စု ဗမာနိုင်ငံတော်၏ သစ္စာတော်ကို စောင့်သိရိုသေသည့် တိုင်းရင်းသားများကို ပြပါဟုဆိုလျှင် ကျွန်တော်က သူတို့လည်း အပါအဝင်ဖြစ်ကြောင်း ပြရပေလိမ့်မည်။

(ဤဆောင်းပါးရေးသားရာတွင် အကူအညီပေးကြသော ကော့သောင်းမြို့ လူဝင်လူထွက် ကြီးကြပ်ရေး အင်စပိတ်တော် ဦးကျော်စိန်၊ ကော့သောင်း ရွာသူကြီး မစ္စတာ ဂျာဖွားနှင့် ဘုတ်ပြင်း ရွာသူကြီး ဦးအောင်မြင့်တို့အား ကျေးဇူးတင်ပါသည်။

**သွေးသောက်မဂ္ဂဇင်း၊ ၁၉၅၁ ခု၊**
**ဩဂုတ်လ အမှတ် ၆၇ မှ**
**ကောက်နုတ်ဖော်ပြထားပါသည်။**

# ပသျှူးလူမျိုးအကြောင်း

▲ မောင်ပြေချမ်း (မြိတ်) ▼

*မြန်မာနိုင်ငံတောင်ဖျားပိုင်း၊ တနင်္သာရီကမ်းမြောင် ဒေသပင်လယ်ကမ်းရိုးတန်းတွင် ပသျှူးလူမျိုးများ အစုအဝေးလိုက်နေထိုင်ကြသည်။ ဒေသနယ်ပယ်အားဖြင့် မြောက်ဘက်တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ အရှေ့ဘက်တွင် ယိုးဒယား၊ ထိုင်း (ပတ္တာနီ မွတ်စလင်မ်ဒေသ) တောင်ဘက်တွင် မလေးရှားပြည်ထောင်စု အနောက်ဘက်တွင် ကပ္ပလီပင်လယ်တို့ဖြင့် ဆက်စပ်လျက် တိုင်းရင်းသား ပသျှူးလူမျိုးတို့၏ဒေသအဖြစ် တည်ရှိသည်။*

မကပ်ဆာလူမျိုး (ခေါ်) ပသျှူး လူမျိုးတို့သည် ဆီးလီးဗီးနပ်၊ မကပ်ဆာမြို့အား ဒတ်ချ်လူမျိုးတို့ မသိမ်းပိုက်မီကပင် ယိုးဒယား၌ ခိုလှုံနေကြသူများဖြစ်လေသည်။

ထိုအချိန်က ပသျှူးလူမျိုးတို့မှာ ရိုင်းစိုင်းကြမ်းကြုတ် ရက်စက်သတ်ဖြတ်မှုတွင် ဗိုလ်မထား၊ လက်ရဲဇက်ရဲသူများဖြစ်၍ ၎င်းတို့ အားတုပြိုင်ရန် မရှိသလောက်ဖြစ်ခဲ့လေသည်။ မကြာခဏဆိုသလို သူပုန်ထလေ့ရှိကြသဖြင့် "ဂျားဗေ့" ဆိုသူ စာရေးဆရာကြီးက ပသျှူးလူမျိုးတို့ ယိုးဒယားတွင် နေထိုင်ကြသည်မှာ လိုသည်ထက်ပင် ပိုနေကြောင်း၊ အကြောင်းကား ၎င်းတို့သည် မဟာမေဒင်များဖြစ်ကြသည့်အတွက် ထိုသို့များပြားခြင်းဖြစ်ကြောင်း၊ အင်ဒီး(စ်) ကျွန်းစုများတွင် ထိုလူမျိုးတို့သည် အဆိုးဆုံးဖြစ်ကြောင်း၊ ယိုးဒယားပြည်၌ ရာဇဝတ်မှုကျူးလွန်သမျှ သူတို့ချည်းပင်ဖြစ်၍ ပင်ကိုသဘာဝအရ ရိုင်းစိုင်းပြီး ရက်စက်ကြမ်းကြုတ်သူများဖြစ်ကြောင်း၊ ၎င်းတို့အား အရေးယူနှိပ်ကွပ်အပြစ်ဒဏ်ပေးခြင်း မပြုပါက သူပုန်ထရန်ကိုပင် လှုံ့ဆော်ပေးတတ်ကြောင်း၊ ၎င်းတို့ အများအပြားလာရောက်နေထိုင်ကြသည်မှာ ကြောက်စရာကောင်းလှကြောင်း၊ သူတို့သည် ကြမ်းကြုတ်ရက်စက်ပြီး စုန်းကဝေ အောက်လမ်းအတတ်များကိုပါ လိုက်စားတတ်ကြကြောင်းဟူ၍ ရေးသားခဲ့ဖူးလေသည်။ ၎င်းတို့သည် လက်နက်များကို မစွဲကိုင်ကြ၊ လက်နက်ကိုင်လျှင်ပင် ပင်ကိုသတ္တိမရှိရာကျ၍ စွမ်းအားမရှိရာ၊ ဓားကိုင်မကျွမ်းကျင်ရာရောက်၏ဟု ယူဆထားကြလေသည်။

အာရပ်အနွယ် မဟာမေဒင် ဘာသာဝင်များသည် မလေးကျွန်းဆွယ် (ခေါ်) ပသျှူးကျွန်းဆွယ်မှ ရောက်ရှိလာကြသည့် လူမျိုးများဖြစ်သောကြောင့် ၎င်းတို့အား ပသျှူးလူမျိုးဟု ယနေ့တိုင် ခေါ်ဝေါ်နေကြခြင်းပင်ဖြစ်ပေသည်။

ပသျှူးလူမျိုးတို့သည် မြိတ်ဒေသအတွင်း ကော့သောင်းမြို့နယ်ရှိ ဘန်ကချွန်းနှင့် တခြားကျေးရွာများတွင်လည်းကောင်း၊ ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်းမြို့ စတိန်၊ သံဇုံး၊ နီးပါး၊ အုန်းတောကမ်း၊ ဗျောချောင်း၊ ချောင်းကဖီး၊ ကြိမ်နီတောင်၊ ကြိမ်မဲတောင်၊ ကျားတောင်နှင့် တခြားကျေးရွာများတွင် နေထိုင်ကြလေသည်။ ၎င်းအပြင် တနင်္သာရီမြို့နယ်ရှိ အရှေ့မော်တုံးကျေးရွာနှင့်အနောက် မော်တုံးကျေးရွာတို့တွင်



**စာရေးသူနှင့် အမှတ်တရ**

လည်း နေထိုင်ကြသေးသည်ကို တွေ့ရှိရပြန်လေသည်။ များသောအားဖြင့် ဘာသာတူများ စုဝေးနေထိုင်တတ်ကြပြီး ဒေသအလိုက် သီးနှံများ စိုက်ပျိုးခြင်း၊ ရေလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် အသက်မွေးမြူတတ်ကြလေသည်။ အတည်တကျ နေထိုင်သူများလည်း ဖြစ်ပေသည်။ သို့သော် ယိုးဒယားတွင် နေထိုင်ကြသော ပသျှူးတို့နှင့်ကား အဆက်အသွယ်မကင်းကြသေးပေ။

ငှင်းတို့သည် မဟာမေဒင် ဘာသာဝင်များပီပီ ဇာတ်ကြီးကြသည်။ နေအိမ်များမှာ ခပ်ကုပ်ကုပ်နှင့် တစ်ထပ်တည်း ဆောက်လုပ်ကြ၍ ပြတင်းပေါက်များရှိသော်လည်း အမြဲတစေ ပိတ်ထားတတ်သည်ကို တွေ့ရှိရလေသည်။ အာရပ်အမျိုးအနွယ်မှ ဆင်းသက်လာကြသူများဖြစ်၍လည်း ကိုယ်ကာယ သန်မာထွားကျိုင်းကြသည်။ သိုင်းပညာတွင် အထူးကျွမ်းကျင်သူများဖြစ်သောကြောင့် တိုက်ခိုက်ရေးတွင် ဝါသနာပါသည်။ အောက်မြန်မာပြည်အား အင်္ဂလိပ်များ သိမ်းပိုက်ပြီးသည့် အချိန်အထိ ပသျှူးတို့သည် "စကော်နာ"ခေါ် ရွက်လှေများဖြင့် ပင်လယ်ရေပြင်အတွင်း ကျက်စားသွားလာကြသည်။ ပသျှူးအမျိုးသားတို့မှာ သန်မာထွားကျိုင်းသည်နှင့်အမျှ ပသျှူးအမျိုးသမီးများမှာ ကိုယ်ကာယ သေးသွယ်ပျော့ပျောင်းပြီး ဖြူဝင်းသော အသားအရေတို့ဖြင့် ကျော့ရှင်းလှပသိမ်မွေ့ကြသူများဖြစ်လေသည်။ ပသျှူးအမျိုးသမီးများမှာ အစဉ်အလာအရ ခေါင်းမြီးခြုံထားရသူများလည်း ဖြစ်ကြသည်။ အချို့မှာ Fascination Bewitching ပြုစားခြင်း ပြုတတ်ကြသည်ဟုဆိုကြသည်။ သူမတို့အနေဖြင့် တစိမ်းတရံစာများရှိလျှင် အခန်းအောင်းနေတတ်လေ့ရှိကြလေသည်။

စာရေးသူတို့ငယ်စဉ်က "ပသျှူးခေါင်းဖြတ်လာပြီဟေ့"ဆိုလျှင် အသံပင် တုတ်တုတ်မလှုပ်ရဲတော့ပေ။

ထိုလူမျိုးတို့၏စာပေမှာ စုမတြား၊ ဂျာဗားမှ အာရဗီစာပေများပင်ဖြစ်ပြီး ဘာသာစကားမှာလည်း စုမတြား၊ ဂျာဗားတို့တွင် ပြောဆိုလျက်ရှိသည့် ဘာသာစကားနှင့် အတူတူပင်ဖြစ်လေသည်။ သို့ရာတွင် ဒေသအတွင်း ငှင်း

တို့ပြောဆိုသောစကားများမှာ မသိမသာ ကွဲပြားခြားနား လျက်ရှိသည်ကို တွေ့ရပေသည်။

သူတို့သည် တစ်ချိန်သောအခါက မည်သို့ပင် ဆိုး သွမ်းရက်စက်ကြမ်းကြုတ်လာခဲ့စေကာမူ မြန်မာ၊ မြန်မာ အစ္စလာမ်ဘာသာဝင်အပေါင်းတို့နှင့် ကြာရှည်လေးမြင့်စွာ ပြည်ထောင်စုသားများပီပီ ပေါင်းသင်းဆက်ဆံနေထိုင်လာကြ သောအခါ သဘာဝစရိုက်များ ပြောင်းလဲလာခဲ့ကြလေသည်။ ရိုးသားပွင့်လင်းသော တိုင်းရင်းသားလူမျိုးများအဖြစ် တွေ့ရှိလာရသည်။ ခေတ်ပြောင်းလာသည်နှင့်အမျှ လွတ်လွတ် လပ်လပ်နေထိုင်လာကြပြီး အမျိုးသမီးများ၏ အဝတ်တန် ဆာများနှင့်ပါ တသီးတသန့်ဖြစ်လာကြသည်။ ၎င်းတို့သည် အလုပ်ကို အပတ်တကုပ်လုပ်ကိုင်တတ်ကြပြီး ရွှေများကို အမြတ်တနိုး စုဆောင်းကာ ဝတ်ဆင်တတ်ကြသည်။ သို့ သော် ၎င်းတို့၏ ဝတ်စားဆင်ယင်မှုမှာ အစဉ်အလာကို ပယ်ဖျက်ခြင်းမရှိကြဘဲ အထူးသဖြင့် အမျိုးသမီးများမှာ စုမတြား၊ ဂျာဗားဆင်ယင်ထုံးဖွဲ့မှုအတိုင်းပင် ရှိကြသေးလေ သည်။ အနုသုခုမပညာမှာ မလေးဆန်၍ အရှေ့တိုင်းအငွေ့ မကင်းသဖြင့် ပျော့ပျောင်းနူးညံ့သိမ်မွေ့သည်။ တူရိယာ ပစ္စည်းများမှာ ခန့်ခန့်ညားညား ဆန်းဆန်းပြားပြားမဟုတ် သော်လည်း ဗုံရှည်၊ ပလွေတို၊ မောင်းတို့ဖြင့် တီးမှုတ်သီဆိုကြ သည်မှာ သာယာနာပျော်ဖွယ် ကောင်းလှပေသည်။

ပသျှူးတိုင်းရင်းသားတို့ နေထိုင်ရာကျေးရွာများမှာ ပင်လယ်ကမ်းစပ် သဲသောင်ထွန်းသည့်နေရာ၌ စိမ်းလဲ့ဝေ ဆာသော အုန်းပင်များရှိတတ်၍လည်း မိုးသောက်ချိန်နှင့် နေဝင်ဆည်းဆာအချိန်များတွင် တွေ့တတ်သော သဘာဝ အလှမှာ ၎င်းတို့၏ဘဝကို ထင်ဟပ်ပြနေသည့်အလား ထင်မှတ်ရပေသည်။

မည်သို့ပင်ဖြစ်စေကာမူ ပသျှူးတိုင်းရင်းသားတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ လွန်ခဲ့သော နှစ်ပေါင်း ငါးရာကျော်မှစ၍ တစ်စတစ်စ ဝင်ရောက်လာကြပြီး အခြေတကျနေထိုင်လျက် တံငါအလုပ်နှင့် မြေလွတ်မြေလပ် များတွင် ဥယျာဉ်စိုက်ပျိုးခြင်း၊ အထူးသဖြင့် အုန်းခြံများ စိုက်ပျိုးစေခြင်းဖြင့် အသက်မွေးနေသော တိုင်းရင်းသားများ ဖြစ်ကြပေရာ ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုကို အတွင်းကျကျ လေ့လာမှတ်တမ်းတင်ထားသင့်လှပေတော့သည်။

**မောင်ပြေချမ်း (မြိတ်) ခေတ်ပုံကပြောသော မြိတ် သမိုင်းမှတ်တိုင်များ ၁၉၈၉ ခုနှစ်ထုတ်စာအုပ် စာမျက်နှာ ၁၇၄-၁၈၁ မှ ကောက်နုတ်ထားပါသည်။**

# ပသျှူးလူမျိုး

▲ သန်းမြင့် (သမဝါယမ) ▼

ဆလုံနှင့်ပတ်သက်သော ဆောင်းပါးများကို စာစောင်များတွင် မကြာခဏ ဖတ်ရှုခဲ့ရသော်လည်း မြန်မာ နိုင်ငံတောင်ပိုင်း မြိတ်ခရိုင်အတွင်း၌ နေထိုင်ကြသည့် ပသျှူးတိုင်းရင်းသားများအကြောင်းကိုမူ ရေးသားသူမရှိသလောက် နည်းပါးသည်ကို တွေ့ရှိရပေသည်။

ပသျှူးတိုင်းရင်းသားဦးရေသည် ဆလုံးလူမျိုးဦးရေထက်များ၍ တခြားပြည်ထောင်စုဘွား တိုင်းရင်းသားများဖြစ်သော ကရင်၊ ကယား၊ ကချင်၊ ချင်းနှင့် ရှမ်းတိုင်းရင်းသားလူမျိုးဦးရေထက် နည်းပါးလေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာ့ရိုးရာ ယဉ်ကျေးမှုများကို ဖော်ထုတ်ရာတွင် ကရင်၊ ကယား၊ ကချင်၊ ချင်း၊ ဆလုံနှင့် ရှမ်း စသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုရိုးရာများကို ချန်လှပ်ထား၍ မရသကဲ့သို့ ပသျှူးတိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုရိုးရာများကိုလည်း ဝကွက်ထား၍ မဖြစ်နိုင်ပေ။

မည်သို့ပင်အရေအတွက်အားဖြင့် နည်းပါးသည့် တိုင်းရင်းသားလူမျိုးတစ်မျိုးပင် ဖြစ်စေကာမူ ပသျှူးတို့သည် လူမျိုးကြီးတစ်မျိုးမှ ဆင်းသက်လာကြသူများဖြစ်သည်ကိုမူ သတိချပ်ရန် လိုအပ်ပေလိမ့်မည်။

၇ ရာစုနှစ်က အာရပ်လူမျိုးတို့သည် မိမိတို့၏ မဟာမေဒင် သာသနာပြန့်ပွားစေရန် အီရန်နိုင်ငံကို တိုက်ခိုက်သိမ်းယူခဲ့လေသည်။ ထိုမှတစ်ဆင့် အီဂျစ်၊ အာဖရိကမြောက်ပိုင်း၊ စပိန် အစရှိသည့် နိုင်ငံများသို့ ချီတက်တိုက်ခိုက်ပြီး မဟာမေဒင် သာသနာကို ပျံ့နှံ့စေခဲ့သည်။ အာရပ်တို့သည် မဟာမေဒင် သာသနာကို တစ်ကမ္ဘာလုံး လွှမ်းမိုးစေအံ့ဟူသော ရည်ရွယ်ချက်ဖြင့် ပြင်သစ်နိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်ကြပြန်ရာ ခရစ်ယာန်တို့က ခရစ်သာသနာပြုထားပြီးဖြစ်သောကြောင့် ဘာသာရေးစစ်ပွဲမှာ သွေးချောင်းစီးမျှတိုက်ခိုက်ရပြီး အာရပ်တို့ အရေးနိမ့်ခဲ့ကြရလေသည်။

အာရပ်တို့သည် ဘေးဘိုးအစဉ်အဆက်က ကုန်သည်များဖြစ်ကြပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးသန်းရောင်းဝယ်ခြင်းပြုလျက် မိမိတို့၏ မဟာမေဒင်သာသနာကို ပြန့်ပွားစေခြင်းဖြစ်ရာ အနောက်တွင် အရေးနိမ့်ခဲ့သဖြင့် အရှေ့ဘက် အိန္ဒိယပြည်နှင့် ကုန်ကူးသန်းအရောင်းအဝယ်ပြုလုပ်၍ အိန္ဒိယပြည်အတွင်း၌ မဟာမေဒင် သာသနာကို ပြန့်ပွားစေပြန်သည်။ အိန္ဒိယတိုင်းရင်းသားများက မခံမရပ်နိုင်၍ ပုန်ကန်သောအခါ အာရပ်တို့သည် အိန္ဒိယမှ အရှေ့နှင့် တောင်ဘက်ကျွန်းစုများဖြစ်သည့် မလေးကျွန်းဆွယ်၊ စူမတြား၊ ဂျာဗားကျွန်းများသို့ ရောက်ခဲ့ကြပြန်သည်။ သို့ရာတွင် အိန္ဒိယပြည်၌ မဟာမေဒင်သာသနာမှာ အမြစ်တွယ်ရစ်ခဲ့ပြီးဖြစ်လေသည်။

အာရပ်လူမျိုးများ မလေးကျွန်းဆွယ်၊ စူမတြားဂျာဗားသို့ ရောက်ပြီးနောက် ၁၃၇၇ ခုနှစ်တွင် စူမတြားနှင့် ဂျာဗားတို့ မသင့်မတင့်ဖြစ်ကြသဖြင့် စူမတြားမှ အိန္ဒိယလူမျိုး မဟာမေဒင် ဘာသာဝင်အချို့သည် မလေးကျွန်းဆွယ်သို့ ကူးပြောင်းလာသည့်အချိန် အိန္ဒိယပြည်တွင်လည်း မွန်ဂိုဘုရင် ''တမာလိန်''က ဝင်ရောက်တိုက်ခိုက်သဖြင့် အာရပ်လူမျိုးမှ ဆင်းသက်သော မဟာမေဒင် ဘာသာဝင်တို့သည်လည်း မလေးကျွန်းဆွယ်သို့ ထွက်ပြေးတိမ်းရှောင်လာကြပြန်သောကြောင့် မလေးကျွန်းဆွယ်တွင် အာရပ်တို့၏ မဟာမေဒင် ဘာသာဝင်များမှာ အင်အားကြီးမားလျက် မဟာမေဒင်သာသနာမှာလည်း အရှိန်ပြင်းစွာ ပြန့်ပွားသွားလေသည်။

ယင်းသို့ မလေးကျွန်းဆွယ်၌ အာရပ်တို့သည် အခြေအနေစိုက်မိသည့်အချိန်မှာပင် ယိုးဒယားပြည်နှင့်လည်း ကူးသန်းရောင်းဝယ်ဖောက်ကားမှု အဆက်အသွယ်ပြုလုပ်လျက်ရှိသောကြောင့် အာရပ်အနွယ် မဟာမေဒင်ဘာသာဝင် ကုန်သည်အချို့သည် ယိုးဒယားပြည်နှင့် နောက်ပိုင်းတွင် ယိုးဒယားပိုင် မြန်မာပြည်တောင်ပိုင်းသို့ တစ်စတစ်စ ချဉ်းနင်းဝင်ရောက်နေထိုင်လျက်ရှိခဲ့ပြီဖြစ်၏။ ယိုးဒယားဘုရင်သည် ၎င်း၏ကုန်သည်များအား အထူးအခွင့်အရေးပေးနေသည့် အချိန်အခါဖြစ်၍ မဟာမေဒင် ဘာသာဝင်ကုန်သည်များမှာ မည်သူတစ်ဦးတစ်ယောက်ကမှ အနှောင့်အယှက်မပေးဝံ့ဘဲ မျက်နှာပွင့်လန်း ဩဇာအာဏာအပြည့်အဝဖြင့် အခွင့်အရေးများ ဆုံးရကြသည့်အချိန်ဖြစ်ခဲ့လေသည်။ ၁၆၈၈ ခုနှစ်မှ ၁၆၈၇ ခုနှစ်အတွင်း ယိုးဒယားအစိုးရ၏ အရာရှိအရေကို ခြုံလျက် ဘင်္ဂလားပင်လယ်အော်၌ ပင်လယ်ဓားပြဗိုလ်ကြီးဖြစ်ခဲ့သည့် မျက်နှာဖြူလူမျိုး ''ဆင်မြူရယ်ဝှိုက်''မှာ မြိတ်မြို့တွင် ဆိပ်ကမ်းအရာရှိအဖြစ် အုပ်ချုပ်လာသောအခါ ''ဝှိုက်''၏ ဒဏ်ကို အာရပ်အမျိုးအနွယ် မဟာမေဒင် ဘာသာဝင်တို့မှာ အလူးအလဲခံကြရသည်ဟုဆိုလေသည်။ ယင်းသည့် အချိန်ကာလအတွင်းက အာရပ်အမျိုးအနွယ်များမှာ မြန်မာပြည်တောင်ပိုင်း၌ အရေအတွက်အားဖြင့် ပြောပလောက်အောင် မရှိသေးသော်လည်း ၁၈၅၀ ခုနှစ်တွင် တရုတ်ပြည်တောင်ပိုင်းဒေသ၌ ''တေပင်''ခေါ် တရုတ်သူပုန်များ ထကြွသည့်အချိန်ကျမှ မလေးကျွန်းဆွယ် စူမတြားနှင့် ဂျာဗာရှိ မဟာမေဒင် ဘာသာဝင် အိန္ဒိယလူမျိုးနှင့် အာရပ်အမျိုးအနွယ်တို့မှာ ယိုးဒယားပြည်အနောက်ပိုင်းနှင့် မြန်မာပြည်တောင်ပိုင်းဆီသို့ အလုံးအရင်းဖြင့် ဝင်ရောက်တိမ်းရှောင်ရောက်ရှိလာတော့မှ လူဦးရေများပြားလာခြင်းဖြစ်လေသည်။

အာရပ်အနွယ် မဟာမေဒင် ဘာသာဝင်များသည် မလေးကျွန်းဆွယ် (ခေါ်) ပသျှူးကျွန်းဆွယ်မှ ရောက်ရှိလာကြသည့် လူမျိုးများဖြစ်သောကြောင့် ၎င်းတို့အား ပသျှူးလူမျိုးဟု ယနေ့တိုင် ခေါ်ဆိုနေကြခြင်းပင်ဖြစ်သည်။ ၎င်းတို့သည် မဟာမေဒင် ဘာသာဝင်ပီပီ ဇာတ်ကြီးကြသည်။ နေအိမ်များမှာ ခပ်ကုပ်ကုပ်နှင့် တစ်ထပ်တည်းဆောက်လုပ်၍ ပြတင်းပေါက်များရှိသော်လည်း အမြဲတစေ ပိတ်ထားတတ်ကြသည်။ နေအိမ် တံခါးပေါက်ဝနှင့် အိမ်ပေါ်သို့တက်သည့် လှေကားထိပ်များ၌ ပသျှူးအမျိုးသမီးတို့၏ ထမီများ လှန်းထားတတ်ကြသည်။ အာရပ်အမျိုးအနွယ်မှ ဆင်းသက်လာသူများဖြစ်၍ ကိုယ်ကာယ ထွားကျိုင်းသန်မာကြသည်။ သိုင်းပညာတွင် အထူးကျွမ်းကျင်၍ အာရပ်သွေးမကင်းသဖြင့်လည်း တိုက်ရေးခိုက်ရေးတွင် ဝါသနာပါကြသည်။ အောက်မြန်မာပြည်အား အင်္ဂလိပ်များ သိမ်းပိုက်ပြီးသည့်အချိန်အထိ ပသျှူးတို့သည် ''စကော်နာ''ခေါ် ရွက်လှေများဖြင့် ပင်လယ်ရေပြင်အတွင်း ကျက်စားသွားလာကြသည်။ ပသျှူးအမျိုးသားများမှာ သန်မာထွားကျိုင်းသည်နှင့်အမျှ ပသျှူးအမျိုးသမီးများမှာ ကိုယ်ကာယ သေးသွယ်ပျော့ပျောင်း ကျော့ရှင်းလှပ သိမ်မွေ့သူများဖြစ်ကြလေသည်။ ပသျှူးအမျိုးသမီးများသည် အစဉ်အလာအရ ခေါင်းမြီးခြုံထားရသူများဖြစ်ကြသည်။ သို့သော် ခေတ်ပြောင်းလာသည်ဖြစ်၍ ခေါင်းမြီးခြုံခြင်းမရှိတော့ဘဲ လွတ်လွတ်လပ်လပ်ပင် နေထိုင်လျက် ရှိကြလေသည်။ အိမ်တံခါးပေါက်ဝများနှင့် လှေကားထိပ်များတွင်လည်း

ထမီလုန်းသည့် အလေ့အထများ ပျောက်ကွယ်ခဲ့လေပြီ။

စာရေးသူတို့ ငယ်စဉ်က မိဘ၊ ဘိုးဘွားများက ''ပသျှူးခေါင်းဖြတ်လာပြီ''ဟု ခြိမ်းခြောက်တတ်ကြသည်။ ကြီးပြင်းလာသည်အထိ ပသျှူးအမျိုးသားများကိုမြင်လျှင် အလိုလို ကြောက်နေမိသည်။ ၄င်းအပြင် ပသျှူးတို့သည် ဆေးခတ်တတ်သည်ဟု အဆိုရှိသဖြင့် အလိုလို ကြောက်နေမိပါသည်။ တကယ်တမ်း ပသျှူးတိုင်းရင်းသားများနှင့် လက်ရေတပြင်တည်း တွေ့ဆုံရသည့်အခါ ရိုးသားပွင့်လင်းသော တိုင်းရင်းသားလူမျိုးအဖြစ် တွေ့လာရသည်ဖြစ်သောကြောင့် လူကြီးမိဘများ၏စကားများမှာ ဒဏ္ဍာရီပုံပြင်သဖွယ် ဖြစ်နေပါတော့သည်။

ယနေ့ မြိတ်ခရိုင်အတွင်းရှိ ပသျှူးတိုင်းရင်းသားလူမျိုးတို့၏ စာပေမှာ စူမတြား၊ ဂျာဗားမှ အာရဗီစာပေပင်ဖြစ်ပြီး ဘာသာစကားမှာလည်း စူမတြား၊ ဂျာဗားတွင် ပြောဆိုလျက်ရှိသည့် ဘာသာစကားနှင့် အတူတူပင်ဖြစ်လေသည်။ သို့ရာတွင် တစ်ခရိုင်တည်းတွင် နေထိုင်ကြစေကာမူ ကော့သောင်းမြို့နယ်မှ ပသျှူးနှင့် ဘုတ်ပြင်းမြို့နယ်မှ ပသျှူးတို့၏ ဘာသာစကားသည် မသိမသာ ကွဲပြားခြားနားလျက်ရှိနေသည်။ ဆင်ယင်ထုံးဖွဲ့မှုနှင့် အနုသုခုမပညာများကို လေ့လာကြည့်ပါက ပသျှူးအမျိုးသားများသည် အစဉ်အလာကို ပယ်ဖျက်ခြင်းမရှိသေးဘဲ အမျိုးသမီးများသာလျှင် စူမတြား၊ ဂျာဗား ဆင်ယင်ထုံးဖွဲ့မှု အငွေ့အသက် အနည်းငယ်မျှဖြင့် အတော်ပင် ခေတ်ဆန်လျက် ရှိနေကြလေသည်။ အနုသုခုမပညာမှာ မလေးဆန်၍ အရှေ့တိုင်း အရိပ်အငွေ့မကင်းသဖြင့် ပျော့ပျောင်းနူးညံ့ သိမ်မွေ့လျက်ရှိပါ၏။ တူရိယာပစ္စည်းများ ခန့်ခန့်ညားညား မဟုတ်သော်လည်း ဗုံရှည်၊ ပုလွေတို၊ မောင်းတို့ဖြင့် နားခံရသည်မှာ သာယာကြည်နူးဖွယ်ကောင်းလှပေသည်။

ပသျှူးတိုင်းရင်းသားတို့၏ နေထိုင်ရာ ကျေးရွာများမှာ ပင်လယ်ကမ်းစပ် သဲသောင်ထွန်းသည့် နေရာများဖြစ်သည့် အပြောကျယ်သည့် သောင်ပြင်ထက်၌ စိမ်းလဲ့ဝေဆာသော အုန်းတောများရှိသည်ဖြစ်၍ နေဝင်ဆည်းဆာအချိန်များတွင် သဘာဝပန်းချီကားချပ်သဖွယ် ဖြစ်နေတတ်သည်။ ယင်းအချိန်တွင် လေအဝှေ့ဖြင့် ပြန့်လွင့်လာသည့် ဗုံ၊ ပုလွေ၊ မောင်း၊ သုံးမျိုးသော တူရိယာဖြင့် တီးမှုတ်နေသည့် ပသျှူးတို့၏ တေးသံမှာ ကြားရသူတိုင်းအဖို့ လွမ်းစရာ၊ ဆွေးစရာ ဖန်တီးနေမည်သာဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ပသျှူးတိုင်းရင်းသားတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀ ကျော်ကစ၍ တစ်စတစ်စ ဝင်ရောက်လာပြီး အခြေတကျ နေထိုင်လျက် တံငါအလုပ်နှင့် မြေလွတ်မြေလပ်များတွင် ဥယျာဉ်စိုက်ပျိုးခြင်း၊ အထူးသဖြင့် အုန်းခြံများ စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ရှာဖွေကြသည့် တိုင်းရင်းသားများဖြစ်ကြလေသည်။

သို့ဖြစ်၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှုများကို ဖော်ထုတ်နေချိန်တွင် ပသျှူးတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများကို ဝကွက်ထား၍ မဖြစ်တော့ကြောင်း တင်ပြလိုက်ရပေသည်။

**သန်းမြင့် (သမဝါယမ)**

**မြိတ်မဂ္ဂဇင်း၊ ၁၃၃၆ ခုနှစ်၊ (၁၉၇၄) ထုတ်မှ ကောက်နုတ်တင်ပြပါသည်။**

# ပသျှူးတို့ရဲ့ အိမ်နောက်

▲ ဧအောင်စိုးလင်း ▼

“သံတော်အရာရှိတို့ ရထားစီးနင်းပြီးလျှင် စက်ဘီးပူမြို့လမ်းသေးလမ်းမ၊ ထောင်ထားရာအရပ်၊ စစ်သည်ထားရာ အရပ်၊ ခံမြို့ခံကတုတ်ရှိရာအရပ်၊ သစ်ပင်မျိုးစုံ စိုက်ပျိုးသည့် ဗိုလ်တန်နိဂတ်ဂါရတင်းဥယျာဉ်များသို့ လှည့်ပတ်ကြည့်ရှုကြသည်။ ၄င်းမြို့တွင်တရုတ်လူမျိုးတစ်သန့်၊ ပသျှူးလူမျိုး တစ်သန့်၊ သိုးဆောင်းလူမျိုး တစ်သန့် ခြားလျက် ခြားလျက် တိုက်၊ နေအိမ်၊ ဈေးကနား၊ ဥယျာဉ်သစ်ပင်များနှင့် အကြီးအကျယ်လှပကောင်းမွန်ရှိသည်”

ဒီစာပိုဒ်လေးက ကင်းဝန်မင်းကြီး ဦးကောင်းရဲ့ ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်တမ်းထဲက စင်ကာပူနိုင်ငံမှာ တစ်ထောက်နားစဉ် ၁၉၇၄ ဧပြီလ ၁၀ ရက်နေ့က စင်ကာပူရုက္ခဗေဒဥယျာဉ်က (Singapore Botanic Garden) သို့ သွားလည်တာကို ရေးထားတာပါ။ ဒီမှတ်တမ်းထဲမှာ ထူးခြားတာက ပသျှူးလူမျိုးဗျ။ ကျွန်တော်သိတဲ့ ခေတ်သစ်စင်ကာပူမှာ လူမျိုးစု သုံးစုရှိပါတယ်။ မလေးလူမျိုး၊ တရုတ်လူမျိုး၊ အိန္ဒိယလူမျိုးဆိုပြီး သုံးစုရှိရာမှာ ကင်းဝန်မင်းကြီး အနေနဲ့ မြန်မာတွေက “ကုလား”လို့ခေါ်နေတဲ့ အိန္ဒိယလူမျိုးတွေကို မသိစရာမရှိပါ။ အဲဒီတော့ ကင်းဝန်မင်းကြီး ပြောတဲ့ ပသျှူးလူမျိုးဆိုတာ မလေးလူမျိုးတွေကို မြန်မာတွေက ခေါ်တာလား၊ ဘယ်လိုပုံနဲ့ ခေါ်တာလည်းဆိုတာကို ရှာဖွေကြည့်ဖို့ ဖြစ်လာရပါတယ်။

မြန်မာတွေရဲ့ လူမျိုးတစ်ရာ့တစ်ပါး သတ်မှတ်ချက်မှာ ကုလားမျိုးခြောက်ဆယ်ဆိုပြီး သတ်မှတ်ထားပါတယ်။ ဒါပေမဲ့ ကုလားခြောက်ဆယ် ခွဲခြားသတ်မှတ်ပုံကတော့ တစ်ခုနဲ့တစ်ခု မတူကြပါဘူး။ ပသျှူး သို့မဟုတ် ဗသျှူး ဆိုတာကိုတော့ တချို့ကျမ်းတွေမှာ ကုလားမျိုး ခြောက်ဆယ် အောက်မှာ ထည့်သွင်းထားတာ တွေ့ရပါတယ်။ ပထမဆုံး လက်လှမ်းတမီ ဖတ်ရတာကတော့ အမရပူရ ပထမမြို့တည် နန်းတည် ပဒုံမင်း ခေါ် ဘိုးတော်ဘုရားလက်ထက်က မကွေးတိုင်း၊ ရေစကြိုမြို့နယ် ကြူရွာအုပ်စု၊ ဆင်ကြိုးရွာ သုံးထပ်ယွန်းကျောင်းတိုက်အတွင်းက ရှင်ပင် ပွင့်လန်းစေတီတော်မှာ ရေးဆွဲထားတဲ့ လူမျိုး ၁၀၁ ပါး နံရံဆေးရေးပန်းချီမှာ ဗသျှူးလို့ ထည့်ဆွဲထားပြီး ရေးဆွဲပြီးတဲ့ခုနှစ်က ၁၇၉၇ ခန့်ဖြစ်ပါတယ်။ နောက်တစ်ခုက ကျီးသဲလေးထပ်ဆရာတော်ကြီးရဲ့ ၁၈၆၅ ခုနှစ်ခန့်မှာ ရေးသားပြီးစီးတဲ့ စွယ်စုံကျော်ထင်ကျမ်း၊ အမေးပုစ္ဆာ ၁၁၁၄ ကို ဖြေဆိုရာမှာ ဇမ္ဗူဒိပ်ကျမ်းကို ကိုးကားပြီး ကုလားဝယ် ကားဆိုပြီး ပုဏ္ဏား–ပရှူးဆိုပြီး ဖြေထားတာတွေ့ရသလို ရမ်းဗြဲတောင်ကျောင်းဆရာတော်

ဦးစန္ဒာမာလာလင်္ကာရက ၁၉၃၀ ခန့်မှာ ရေးသားပြီးစီးတဲ့ ရခိုင်ရာဇဝင်သစ်ကျမ်းမှာလည်း လူမျိုးတစ်ရာ့တစ်ပါး ဖြစ်ပွားခြင်းအကြောင်း ခေါင်းစဉ်အောက်မှာ ကုလားဝယ်ကား၊ ကလယ်,ပသီ၊ ဘရင်ဂျီနှင့် ဇော်ဂီ,မာလီ၊ ဘော်ရီ,ဟိန္ဒူ၊ ရေဆူ,သောကုတ်၊ လပုတ်,ဒေါရား၊ ပုဏ္ဏား,ဗသျှူး ဆိုပြီး ရေးထားတာကို ထပ်တွေ့ရပါတယ်။

နောက်ထပ်မှုကွဲတွေဖြစ်တဲ့ အင်းဆောက်ရာဇဝင်မှာလည်း တောင်လာ၊ ရမံ၊ တောင်သူ၊ ပသျှူး၊ လင်သေ၊ တကျံည် ဆိုပြီး ဖော်ပြထားတာတွေ့ရပါတယ်။ အထက်ပါ အထောက်အထားများဖြင့် မြန်မာတို့က ဗသျှူး၊ ပသျှူး၊ ပရှူး ခေါ်သော လူမျိုးတစ်စုကို သိရှိပြီး အချို့ကျမ်းများမှာ ကုလားမျိုး ၆၀ အောက်မှာ ထည့်ထားတာ တွေ့ရပါတယ်။

လူမျိုးအမည်အပြင် ပသျှူးရွာဆိုပြီး တွေ့ရတာကတော့ ၁၉၆၀ ခုနှစ်မှာ ဆရာကြီး ဦးဖေမောင်တင်နဲ့ ဂျေအက်စ် ဖာနီဗဲလ် တို့ တည်းဖြတ်တဲ့ စမ္ဗူဒီပဦးဆောင်းကျမ်းရဲ့ ပုဒ်မ-၂ နိုင်ငံရေးပထဝီဝင်ခေါင်းစဉ်၊ စာမျက်နှာ (၉) မှာ ပုသိမ်နယ်ချဲ့ နယ်နိမိတ်ကို ပြဆိုရာမှာ တောင်ကိုလား သော်ပင်လယ်အုန်း ကျွန်းပသျှူးဆိုပြီး ပြသလို ၄င်းစာအုပ်ရဲ့ စာမျက်နှာ ၄၆၊ ပုဒ်မ-၇ အောက် မြစ်စဉ်တစ်လျှောက် ၉၆၃ ခု။ ဒုတိယအပိုဒ်မှာ အနောက် ကိုလားသော် နဂါး ရစ်ရိုး ပသျှိရွာ (နဂရာဇ်ရိုးမ၊ ဗသျှူးရွာ) လို့ ထပ်မံပြဆို ထားပါတယ်။ ယခုခေတ် မော်တင်စွန်းဝန်းကျင်ဖြစ်မယ်လို့ ထင်ပါတယ်။

ကင်းဝန်မင်းကြီး ဦးကောင်းဟာ သူ့ခရီးစဉ်မှာ တွေ့ရတဲ့ ပသျှူးနဲ့ မလေးအသုံးအနှုန်းကို အလှယ်အဖယ်နဲ့ သုံးစွဲသွားတာ တွေ့ရပါတယ်။ မော်လမြိုင်ဆိပ်ကမ်းက ခွာပြီးနောက် ပထမဆုံးရောက်တဲ့ ပီနန်ကျွန်းမှာ တွေ့ရတဲ့ လူမျိုးစုများကို ဖော်ပြရာမှာ "၄င်းမြို့တွင် ရှိရင်း ပသျှူး လူမျိုး၊ တရုတ်လူမျိုး၊ သိုးဆောင်းလူမျိုး၊ မြန်မာလူမျိုး၊ ယိုးဒယားလူမျိုးတို့ ပြွမ်းလျက်ရှိသည်" လို့ ဖော်ပြပါတယ်။ ထို့နောက် ပီနန်းမှထွက်လာပြီး မလက္ကာသို့ မရောက်မီ သူမြင်ရပုံကို "ကမ်းခြေတစ်လျှောက် မြင်သည့်ကျွန်းကို မလာကကျွန်းခေါ်သည်။ ပသျှူးလူမျိုး၊ မလေးလူမျိုးတို့ နေရပ်အရင်းဖြစ်သည်"ဟုလည်းကောင်း၊ နောက်တစ်ခါ မလက္ကာကျွန်းနားမှာ ကျောက်စွဲရပ်နားထားစဉ် "မာလာက ကျွန်းသား ပသျှူးလူမျိုးတို့သည် စင်ကာပူမြို့သို့လိုက်ရန် အများပင် သင်္ဘောသို့ တက်စီးကြသည်"ဟု ပသျှူးဆိုသည်မှာ ဘယ်သူတွေဖြစ်သည်ဟု ရှင်းလင်းစွာ ထပ်မံဖော်ပြထားပါတယ်။ ပသျှူးဆိုသော အသုံးနှင့်ပတ်သက်၍ အင်္ဂလိပ်တို့၏ မှတ်တမ်းမှာတွေ့ရတာက ၁၈၉၀ ခုနှစ်ကထုတ်တဲ့ မြိတ်ကျွန်းစုက ဆလုံလူမျိုးများစာအုပ် စာမျက်နှာ (၁) မှာ မြန်မာများက မလေးတွေကို ပသျှူး (သို့မဟုတ်) ပသီလို့ ခေါ်ဆိုကြောင်း ၁၈၆၆ ခုနှစ်ထုတ်တဲ့ မက်စ်ဝဲလ်ရဲ့ စာအုပ် တစ်အုပ်ကို ရည်ညွှန်းပြီး ပြောထားတာကို တွေ့ရပါတယ်။

နောက်ထပ် အလွယ်တကူ ရှာဖွေကြည့်လို့ရတာကတော့ ၁၉၂၁ အိန္ဒိယ လူဦးရေသန်းခေါင်စာရင်း၊ ဗမာပြည် အတွက် အတွဲ ၁၀၊ စာမျက်နှာ (၁၃၇) မှာ မလေးအုပ်စု၌ မလေးနှင့် ဆလုံလူမျိုးစု နှစ်စုပါပြီး မှတ်ချက်နေရာမှာ မလေးအတွက် ပသျှူး၊ ဆလုံအတွက် မော်ကင်းလို့ သူတို့ နောက်ထပ်ခေါ်တဲ့ အမည်တစ်ခုကို မှတ်ချက်ပေးထားပြန်တာကို တွေ့ရပါတယ်။ ဒါကြောင့် ပသျှူးဆိုသည်မှာ မလေးတွေအတွက် သီးသန့်သုံးသော အသုံးတစ်ခုဖြစ်သည်မှာ ထင်ရှားလာပါတယ်။ သူတို့တစ်တွေ မြိတ်ကျွန်းစုထဲ ဘယ်လိုရောက်လာသလဲဆိုတော့ ဘယ်သူမှ တိတိကျကျ ပြောထားတာ မဖတ်မိသေးပါ။ သူတို့သုံးစွဲတဲ့ ဘာသာစကားကို အခြေခံပြီး မလေးရှားနိုင်ငံ ကီဒါပြည်နယ်သုံး မလေးဒေသိယ စကားဖြစ်တယ်လို့ မလေးလူမှုရေးအဖွဲ့အစည်းတွေက ဆိုရှယ်မီဒီယာတွေမှာ ရေးတာတော့ ဖတ်ရပါတယ်။

သူတို့နဲ့ ကီဒါပြည်နယ် အဆက်အစပ်ရှိနိုင်ပုံကို Malay Kingship in Kedah: Religion, Trade, and Society ဆိုတဲ့စာအုပ် စာမျက်နှာ ၁၁၃ မှာ၊ ၁၆၈၁ ကီဒါပြည်တွင်းစစ်တွင် အချို့အုပ်စုများသည် မြိတ်ကျွန်းစုထဲကို ခိုလှုံဝင်လာတယ်လို့ ယူဆကြပါတယ်။ ဒါအပြင် ၁၈ ရာစုနှစ်လယ်လောက်မှာ ကီဒါရေတပ် အကြီးအကဲတွေက မြိတ်ကျွန်းစုထဲက ၄က်သိုက်လုပ်ငန်းတွေကို အုပ်စီးထားဖို့ ပင်လယ်ပျော်တွေကို ထိန်းချုပ်ထားတယ်လို့ ဆက်ရေးထားပါတယ်။ နောက်တစ်ခုကတော့ ၁၈၃၈-၁၈၃၉ ထိုင်းတွေကို တော်လှန်တဲ့ ကီဒါတို့ရဲ့ မအောင်မြင်တဲ့တော်လှန်ရေးမှာ

တော်လှန်ရေးခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ ဝမ် အလီခေါ် မိုဟာမက်အလီဟာ မြိတ်ကျွန်းစုထဲကို ခိုလှုံလာတယ်လို့ ၎င်းစာအုပ်ရဲ့ စာမျက်နှာ ၁၁၇ နဲ့ ၁၁၈ မှာ ရေးထားတာတွေလည်း တွေ့ရပါတယ်။ မည်သို့ပင်ဆိုစေကာမူ ကီဒါပြည်နယ်က ဆူလတန်ဘုရင်တွေဟာ မြိတ်ကျွန်းစုအထိ ရေပြင်ကို စိုးမိုးထားခဲ့ပုံကတော့ သေချာပါတယ်။

ရှေးမြန်မာတွေခေါ်တဲ့ (melayu) မလာယုကျွန်းသား မလေးလူမျိုးတွေကို ဘာကြောင့် ပသျှူလို့ အသံထွက်တာလည်းဆိုတာကို ဘုတ်ပြင်းမြို့ဇာတိ ပသျှူးအမျိုးသားကြီးတစ်ယောက်က Suku melayu (suku = ethnic, tribe) ဆုကူးမလာယု (မလေးလူမျိုး) လို့ ပြောဆိုသုံးနှုန်းမှုကနေ ဆုကု/ဆုကူးမှ တစ်ဆင့် ပသျှူး/ဗသျှူးလို့ဖြစ်လာတာလို့ ပြောပြပါတယ်။ ဒီနေရာမှာ မြိတ်တို့၊ ထားဝယ်တို့ ဒေသယိ အသံထွက်တွေမှာ ပြည်မက မြန်မာတို့နဲ့ မတူတဲ့အသံထွက်ပုံများ၊ သံညှင်း၊ သံပြင်း ပြောင်းလဲမှု၊ အသံထွက်ပုံ ထူးခြားချက်များကို Slip of tongue, လျှာချော်ခြင်း၊ အတိုချုံးပြောတာလေးတွေ ရှိပါတယ်။ မြိတ်ဒေသဘက်မှာ ငါးပိကို ပိ၊ လေယာဉ်ပျံကို လေပျံ၊ လက်ဖက်ရည်ကို ဖက်ရည် စသဖြင့် အသံချုံ့ပြောလေ့ရှိတာတွေက ပြည်မက မြန်မာတွေနဲ့ မတူကြပါဘူး။

မောင်လေးတင့်ရဲ့ ထားဝယ်ဒေသယိကစကား ရှေ့ပြေးလေ့လာချက်စာအုပ်ထဲမှာ မြန်မာတို့နဲ့ မတူတဲ့ အသံထွက်ပုံတွေကို အကျယ်တဝင့် ရှင်းလင်းပြဆိုထားတာ အင်မတန် စိတ်ဝင်စားဖွယ်ကောင်းပါတယ်။ ဥပမာ-မြန်မာတို့က ထုံးဘူးကို ထားဝယ်သံနဲ့ ထူးဖူး၊ နင့်အစ်ကိုနဲ့ အတူတူလားကိုနန့်နောင်နတူဒူးလား စသည်ဖြင့် အသံထွက်ရော စကားလုံးပါ ပြောင်းလဲသွားတာတွေကို တွေ့ရပါတယ်။ ဒါကြောင့် ဆုကူး/ ဆုကုကနေ ပသျှူး/ဗသျှူး အသံဖြစ်လာဖို့၊ ကီဒါမလေး အသံထွက်ကနေ ထားဝယ်တို့ မြိတ်တို့က ဒေသယိအသံထွက်မှတစ်ဆင့် မြန်မာအသံထွက်ဖြစ်လာပုံကို အသံထွက်စနစ် (phonetics)ဖြင့် စနစ်တကျ လေ့လာအားထုတ် ခွဲခြမ်းစိတ်ဖြာသင့်ပါတယ်။ သတိပြုမိတာလေးတစ်ခုက Riau Island ရီယာကျွန်းက မလေးလူမျိုးတွေ အုပ်စုနှစ်စုရှိရာမှာ တစ်စုက Suku Melayu လို့ ခေါ်ကာ သူတို့တစ်တွေဟာ orang laut တွေကနေ ဆင်းသက်လာပြီး ကုန်းပေါ်မှာ နေထိုင်သူများကို ခေါ်တာဖြစ်ပါသတဲ့။

ပသျှူးတွေရဲ့ အဝတ်အစားနဲ့ပတ်သက်ပြီး ကင်းဝန်မင်းကြီးက သူ့ရဲ့ခရီးသွားမှတ်တမ်းမှာ ဧပြီ ၈၊ ၁၈၇၄ နေ့တွင် မလက္ကာကျွန်းနားမှာ ကျောက်ချထားရာမှာတော့-

“မလာကကျွန်းသား ပသျှူးလူမျိုးတို့သည် စင်ကာပူမြို့သို့လိုက်ရန် အများပင် သင်္ဘောသို့ တက်စီးလာကြသည်။ ၎င်းလူတို့ အသွင်အပြင်မှာ တရုတ်၊ မွန်၊ ယိုးဒယားများနှင့် အသွင်အတူတူရှိသည်။ ဝတ်ပုံမှာ ခေါင်းတုံးဦးပြည်း စူလတီဦးထုပ်သဏ္ဍာန်ဆောင်းသည်။ သိုးဆောင်းလူမျိုးတို့ အင်္ကျီကို ဝတ်သည်။ တရုတ်ဘောင်းဘီပေါ်တွင် လုံချည်ထပ်၍ ဝတ်သည်”

ကင်းဝန်မင်းကြီး ဖော်ပြသော အဝတ်အစားသဏ္ဍာန်နဲ့ ကော့သောင်းဘက်က မလေးလူမျိုး ဝတ်စားပုံနဲ့ ဆရာမောင်ပြေချမ်းစာအုပ်ထဲက ဓာတ်ပုံရှင် ဘုတ်ပြင်းဘက်က မလေးလူမျိုး၊ ပသျှူးလူမျိုးတို့ရဲ့ ဝတ်စားပုံမှာ တစ်ထပ်တည်းကျနေတာကို တွေ့ရပါတယ်။

“ကျွန်တော်တို့ တွေ့ဆုံမေးမြန်းထားသော ဘုတ်ပြင်းဘက်မှ ပသျှူးအမျိုးသားကြီးက သူတို့ဘိုးဘေးမှာ ကဒါပြည်နယ် မလေးဘုရင် စလ်တားန်ဝါဟားဗ် ဆိုသူတစ်ပါးဖြစ်ပြီး မလေးမှာ ပြဿနာဖြစ်ကြလို့ မြိတ်ကျွန်းစုဘက်သို့ ထွက်ခွာလာရာ အလယ်မန်ဘက်ကို စတင်အခြေချမိပြီး ရွာတည်နေထိုင်လာခဲ့ကြသည်။ ဘုရင့်ဇနီး နာမည်က တီဂျားလို့ ခေါ်ပါသတဲ့။ ဘုရင်ကြီး စလ်တားန်ဝါဟားဗ်လာချိန်တုန်းက လက်ရေးမှုနဲ့ ရေးထားတဲ့ ကုရ်အန်ကျမ်းတစ်ဆူ၊ ထူးခြားတဲ့ လှိုင်းသဏ္ဍာန် ၃ ခုပါတဲ့ ဓားတစ်လက်လည်းပါလာတယ်”

သူပြောပြတဲ့ အခြားထူးခြားဆန်းပြားတဲ့ အချက်အချို့တို့ကိုတော့ ချန်ထားခဲ့ပါမယ်။ ဒီဘုရင်ကြီးနဲ့ မိဖုရားတီဂျာကနေ သားသမီး ၈ ဦး ထွန်းကားပါတယ်။ သူတို့ရဲ့ နာမည်များမှာ (၁) စူလ်တန် အဗ်ဒုလ်ဟမီးဒ်၊ (၂) ဇိုင်မားဟ်၊ (၃) ဗီဗာဟ်၊ (၄) နူရီယာဟ်၊ (၅) ဇိုင်ဒါးဟ်၊ (၆) ကီဂျားလ်၊ (၇) အဟ်မဒ်၊ (၈) အူမဲရ် တို့ဖြစ်ပါတယ်။ အထက်ပါ သားသမီး ၈ ယောက်အနက် သားအကြီးဆုံး စူလ်တန်အဗ်ဒုလ်ဟမီးဒ်နဲ့ တို့မိုးန်ဆိုသူ အမျိုးသမီးတို့ အိမ်ထောင်ကျပြီး သားသမီး ၆ ဦး ထပ်မံထွန်းကားရာ




မြန်မာတို့၏ ဂန္တဝင် အီနောင် နန်းတွင်းဇာတ်တော်ကြီး

(၁) ဖာတီမားဟ်၊ (၂) အီစမန်အီးလ်၊ (၃) ကုရ်ဈွန်း၊ (၄) ရိုကီယားဟ်၊ (၅) စကီးနာဟ်၊ (၆) လူးဒီးန်တို့ဖြစ်ပြီး အခုဒီဇာတ်လမ်းကိုပြောပြသူ ဘုတ်ပြင်းမြို့က အမျိုးသားကြီးက တော့ ဘုရင်ကြီးရဲ့ မြေးအကြီးဆုံးဖြစ်သူ ဖာတီမာဟ်ရဲ့သမီး (ဘုရင် ကြီးရဲ့မြစ်) အအီရှာဟ်ကနေ မွေးတဲ့သား၊ ဘုရင်ကြီးရဲ့တီဖြစ်ပါတယ်။ သူ့ရဲ့ အဘိုး၊ အဘွားလက်ထက်ကတည်းက သူတို့အမျိုးနွယ်တွေ အကုန်လုံးလိုလို ဇာတိမြေမလေးကို ပြန်သွားကုန်ကြပြီး သူတို့အနည်းငယ်ပဲ ကျန်ခဲ့ပါတယ်။

အဲဒီပြန်သွားကြသူများအနက် စူလ်တန်အဗ်ဒုလ်ဟမီးဒ်ရဲ့ သားအငယ်ဆုံး လူးဒီးန်ပြန်တဲ့အချိန်မှာ အဘိုးရဲ့ဓားနဲ့ ကုရ်အန် ပြန်ယူသွားခဲ့တယ်လို့ဆိုပါတယ်။ စူလ်တန်ဝါဟတ်ဗ်ရဲ့ အခြားအိမ်ထောင်နဲ့ မွေးဖွားလာသူတွေ ထားဝယ်ဘက်မှာလည်းရှိတယ်လို့သိရပြီး အခုတော့ ဗုဒ္ဓဘာသာကိုးကွယ်တယ်လို့ ဆိုပါတယ်။ အဲဒီနောက်နောက် သူကိုယ်တိုင် ဂျာဝီအက္ခရာနဲ့ရေးထားတဲ့ သူ့မျိုးဆက်သမိုင်း၊ ကာ့ဖ်၄၀ အမလ်၊ မောင်လူးဒ်ဖတ်တာကောင်းကြောင်း ပြဆိုထားတဲ့ ဟဒီးသ် စသည်တို့ကို ပြသခဲ့ပါတယ်။ ဖုန်းကင်မရာနဲ့ ရိုက်ထားရပါလို့ မကြည်လင်ပါဘူး။ ပထမဆုံးပုံက သူရေးထားတဲ့ သူတို့မျိုးဆက်သမိုင်းစာအုပ်ထဲက ဓာတ်ပုံရိုက်ခွင့်ပြုတဲ့ စာမျက်နှာဖြစ်ပါတယ်။

သူ့အဆိုအရ ဘုရင်စူလ်တန်ဝါဟတ်ဗ်လိုပဲ၊ ဟိုဘက်မှာ ပြည်တွင်းရေး မငြိမ်မသက်ဖြစ်ရင် အခြားအကြီးအကဲတွေလည်း မြိတ်ကျွန်းစုထဲမှာ လာရောက်ခိုလှုံကြပြီး သူ့အရင် ရှေ့ကရောက်ခဲ့သူတွေနဲ့ သူ့နောက်မှ ရောက်ခဲ့သူတွေလည်းရှိခဲ့ပြီး ပထမမျိုးဆက်တွေ အားလုံးလိုလိုက ပြန်ကြကုန်ပြီလို့ ဆိုပါတယ်။ အထက်ပါဇာတ်လမ်းဟာ သူပြောပြတာကို ပြန်လည်ရေးပြခြင်းသာဖြစ်ပြီး သမိုင်းမှတ်တမ်းအမှန်၊ အမှားဆိုတာထက် သူတို့မျိုးဆက် ဝင်ရောက်လာတဲ့ နှစ်အရေအတွက်ဟာ ရာစုနှစ် တစ်ခုမက ရှိနေပြီဖြစ်ကြောင်း တွေးဆနိုင်ပါတယ်။

နောက်ဆုံးအနေနဲ့ ကင်းဝန်မင်းကြီးက ယနေ့ခေတ် အခေါ် ဂျိုဟိုးဆူလတန်နဲ့ တွေ့ဆုံရာမှာ "၄င်းအစည်းအဝေးတွင် ဂျာဟိုရာဇာ ခေါ် ပသျှူးမင်းနှင့်တွေ့၍မေးရာ ချိပ်၊ ငရုတ် ကောင်းများ အလွန်ပေါကြောင်း၊ အီနောင်ဇာတ်လည်း ကောင်းနိုင်ငံကအရင်းမူလဖြစ်ကြောင်း၊ ပဇာင်တောင်စသော စာပါစကားရပ်များလည်း ၄င်းနိုင်ငံတွင်ရှိကြောင်း၊ ၄င်းအီနောင်စာကိုယ်လည်း ပသျှူးဘာသာနှင့် ယခုတိုင် ထင်ရှား ရှိကြောင်းများကို ပြောဆိုကြားသိရသည်ကို ရည်ညွှန်း၍ အီနောင်ခံ ဣန္ဒာဝုငယ်၊ မျိုးပသျှူးဂျာဟို ပွတ်စပါး၊ စရကားတစ်ပြည်စံနှင့်၊ ပဇာင်ဘယာဘိငယ်လို့၊ အရှိကြည်ဖွယ်သား၊ များလှထိုထို၊ သည်စာမူ၊ သည်ပြည်ထွက်ကယ်မို့၊ စာလက်ကိုင် ခုတိုင်ရှိသည်ဟု၊ ညွှန်းတံ့ဘိနုတ်ချို၊ ဂျာဟိုမိန့်ခွန်း" စသည်ဖြင့် ကင်းဝန်မင်းကြီးက မြန်မာတို့၏ ဂန္ထဝင်ဇာတ်တော် အီနောင်နန်းတွင်းဇာတ်ဇကြီး၏ မူရင်းမှာ မလေးပြည်မှဖြစ်ကြောင်း၊ ထိုအချိန်က ပသျှူးဘာသာစကား (ဂျာဝီ)အက္ခရာဖြင့် ရေးသားပုံကို "သည်စာမူ၊ သည်ပြည်ထွက်ကယ်မို့၊ စာလက်ကိုင် ခုတိုင်ရှိသည်"ဟု ရေးဖွဲ့သွားပါသည်။



၁၇၈၇ ကပသျှူးဘာသာဂျာဝီအက္ခရာဖြင့်ရေးသားသောအီနောင်ဇာတ်ကိုဗြိတိသျှစာကြည့်တိုက်မှအွန်လိုင်းတင်ထားသည်ကို တစ်မျက်နှာကူးလာသည်။

Reference Title ; Hikayat Ceke1 Waneng Pati, in Malay in Jawi script_17



အောက်ပါ ပသျှူးဘာသာ (ဂျာဝီ) အက္ခရာနဲ့ အီနောင်ဇာတ်မှာ ဗြိတိသျှစာကြည့်တိုက်မှ ဒီဂျစ်တိုက်လုပ်ထားသော စာမျက်နှာတစ်ခုကို ကူးလာခြင်းဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် လူမျိုး ၁၀၁ ပါးပါ၊ ကုလားမျိုး ၆၀ အစုအဝင် ဗရှူး၊ လူမျိုးတို့အကြောင်းကို ပိုမိုသိရှိလာစေရန် လေ့လာသင့်ပြီး ပသျှူးအမည်ခေါ်တွင်လာပုံ၊ မြန်မာ့သမိုင်းမှတ်တမ်းထဲမှ ပသျှူးလူမျိုးစုတို့နှင့် ဆက်နွယ်မှုများမှာ ဆက်လက်လေ့လာရန် လိုအပ်လျက်ရှိနေပါသည်။ မြန်မာ ပသျှူးလူမျိုးတို့၏ သမိုင်းကြောင်း၊ ဘာသာစကား၊ လက်ရှိအနေအထားနှင့် ယဉ်ကျေးမှုဓလေ့တို့မှာ လူမျိုးစုပေါင်းစုစုဝေးနေသော မြန်မာနိုင်ငံတွင် အတွင်းကျကျ မှတ်တမ်းတင်ထားသင့်ပြီဖြစ်ကြောင်း တိုက်တွန်းလိုက်ရပါသည်။

**မှတ်ချက်။** ။ ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် မြေပြင်အချက် အလက်၊ သမိုင်းမှတ်တမ်းနှင့် ကွင်းဆင်းပေးသော မောင်အာကာဦး (မြိတ်)နှင့် ဆောင်းပါးအား တည်းဖြတ်ပေးသော ကိုနိုင်စိုး (ပုလော)တို့အား အထူးကျေးဇူးတင်ပါသည်။

ပသျှူးလို့ ခေါ်တဲ့

# ဘာဘာ ညိုရာ

## (BaBa–Nyonya)

▲ ထာနေစိုး (ပုလော) ▼

*ပသျှူးလို့ အမည်ခေါ်ဝေါ် သုံးစွဲနေတဲ့ မြန်မာနိုင်ငံရှိ လူ့အဖွဲ့အစည်းတွေကို လေ့လာကြည့်တော့ မလေးလူမျိုး လို့ခေါ်တဲ့ လူ့အဖွဲ့အစည်း၊ Peranakanလို့ ခေါ်တဲ့ လူ့အဖွဲ့အစည်းနဲ့ ဘာဘာ ညိုရာ လို့ခေါ်တဲ့လူ့အဖွဲ့အစည်း ၊Straits Chinese လို့ခေါ်နေကြတဲ့ တရုတ်တွေအကြောင်း သွားတွေ့တယ်။*

အဲလူ့အဖွဲ့အစည်းတွေက မြန်မာနိုင်ငံမှာ နေထိုင်လာကြတာ ကြာလှပေါ့။ သူတို့အကြောင်းသာ သိပ်မသိကြတာ။ Malay World လို့ခေါ်ဝေါ်သုံးနှုန်းတဲ့ ဩစရိုနီးရှန်းဘာသာစကားပြော တွေ နေထိုင်ကြ တဲ့ နိုင်ငံတွေမှာတော့ သူတို့အသီးသီး၏ ယဉ်ကျေးမှု၊ သမိုင်းကြောင်း၊ ဓလေ့၊ ဘာသာစကား တွေကို လေ့လာ ဖြန့်ဝေ နေကြဆဲပါ။ မြန်မာနိုင်ငံမှာတော့ သူတို့ရဲ့ သမိုင်းကြောင်းတွေက မှေးမှိန်နေဆဲပေါ့။

Jayde Lin Roberts ရေးသားထားတဲ့ Mapping Chinese Rangoon Place and Nation among the Sino–Burmese(၂၀၁၆)မှာတော့ ရန်ကုန်နေ တရုတ်လူမျိုးတွေ အကြောင်းမှာ ပီနန်မှ မြန်မာနိုင်ငံ ရောက် peranakan ကုန်သည်တွေနဲ့ ရန်ကုန်နေ ပီနန်မှ တရုတ်တွေအကြောင်း ကိုပြောပြထားပါတယ်။ အဲ

ပီနန်မှ peranakan တွေကို ဘာဘာညိုရာလို့သိကြကြောင်း၊ ဘာဘာမှာ အမျိုးသားကို ခေါ်ဝေါ်ကြပြီး ညိုရာမှာ အမျိုးသမီးကိုခေါ်ဝေါ်ဆိုလိုကြောင်း ပြောပြထားပါတယ်။ အဲလူမျိုးတွေရဲ့ အဲ့ဆက်အနွယ် ကပီနန်၊ မလက္ကာ၊ စင်္ကာပူသို့ ၁၅ရာစုလောက်ကတည်းက လာရောက်အခြေချကြတဲ့ ဟန် မျိုးနွယ် အဆက်အနွယ်တွေတဲ့၊ အဲလို ရွှေ့ပြောင်းလာရောက်ကြတဲ့ တရုတ်ပြည်မှ ဟန်မျိုးနွယ်တွေက သူတို့ရွှေ့ပြောင်းနေထိုင် တဲ့ နေရာက ဒေသခံအမျိုးသမီးတွေနဲ့ ပေါင်းဖက်တွေ့ပြီး မလေးဟန်ကို ယူပြီး တရုတ်အမူအကျင့် အတိုင်းနေထိုင် ကြသတဲ့။ သူတို့တွေက ဗြိတိသျှလက်ထက်မှာ မော်လမြိုင်၊ ရန်ကုန်တွေကို လာရောက် ကုန်ကူးလေ့ ရှိကြတယ်။ သူတို့တွေကို ရန်ကုန်ရှိတရုတ် အဝန်းအဝိုင်း ကြားမှာ မလေး၊ မာလာယမ်း၊ peranakan၊ ပသျှူး လို့ခေါ်ကြတယ်။အဲလိုကုန်သွယ် အခြေချမှုတွေမက ရန်ကုန်နေ ဟုံကင်းအနွယ်တွေနဲ့ ပီနံနေ peranakan တို့ ကြား သားပေးသမီးယူတွေ တောင် ဖြစ်ကြပြီး ရန်ကုန်နေ တရုတ်တွေက ဆွေမျိုးစပ် ကာ မလေးစတိုင်နဲ့ နေထိုင်ကုန်ကြတာပေါ့။ သူတို့က အခုဆို ရန်ကုန်မြို့ တရုတ်တန်း၊ လသာအပေါ်လမ်းနားမှာ သူတို့ရဲ့ယဉ်ကျေးမှု ဆိုင်ရာ အဆောက်အအုံတွေ ကျန်နေတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

စင်္ကာပူ၊ မလေးရှား ရှိ paranakan တွေကတော့ သူတို့ကို ခေါ်တဲ့ paranakan စကားလုံး အရင်းအမြစ်က မလေးလို၊ အင်ဒိုနီးရှင်းလို့ ဒေသခံလို့ အဓိပ္ပာယ်ရသတဲ့။ တရုတ်အနွယ် မလေး၊ အင်ဒိုဖွားပြီး မလေး ဓလေ့တွေ လိုကျင့်သုံးကြသူတွေပေ့ါ။ အချို့က တရုတ်အနွယ်ဖွား (Straits-born Chinese) မလေး ဟန် (Malay Culture) နေသူကို BaBa လို့ ခေါ်ကြတယ်။ Ba Ba အကြောင်း ပြုစုထားတဲ့ Felix Chia ကတော့ ဘာဘာဆိုတာ Strait-born Chinese တိုင်းကိုမဆိုလိုပါဘူး။ဘာဘာဆိုတာ တရုတ်အနွယ်ဖွား ပင်ရင်းကနေ ရောက်ရှိနေထိုင်ရာ ဒေသခံနဲ့ ပေါင်းဖက်ပြီး ဒေသခံအတိုင်းပြုမူနေထိုင် ပြီး Baba Malay စကားပြောတဲ့ သူတွေလို့ ဖွင့်ဆိုရှင်းပြပါတယ်။ Peranakan သို့ ဘာဘာမလေး စကားဆိုတာကလဲ ဟုံကင်းဒေသသုံးစကား (Hokkien dialect )နဲ့ မလေးစကား (Malay)ပေါင်းစပ် သုံးတဲ့ စကားပါ။အဲလိုပဲ ဘာဘာတွေကလဲ တရုတ်ပြည်မှ တရုတ်တွေနဲ့ပြန်လည်ပေါင်းဖက်ကြတာတွေ ရှိပါတယ် မြန်မာနိုင်ငံမှာလဲ ရန်ကုန်နေ ဟုံကင်းတရုတ်(Hokkein) တွေက ပီနန်က ညိုရာတွေကို ပေါင်းဖက်ကြတာ တွေရှိပါတယ်။ အဲတော့ မူရင်းအခေါ် Straits -born Chinese (ပင်လယ်ရပ်ခြားနေတရုတ်)တွေကို peranakan ဘာသာဖြစ် အမျိုးသားတွေကို ဘာဘာ ခေါ်၍ အမျိုးသမီးများကို ညိုရာ ခေါ်ရာကနေ ဘာဘာညိုရာ ဖြစ်သလို ၎င်းတို့ပြောဆိုသော peranakan စကား၊ တရုတ် စကား peranankan လေသံပြောတွေကို ဘာဘာညို့ရာ သို့ peranankanသားတွေအဖြစ် ရောထွေး သုံးနှုန်း ခေါ်ဝေါ်ကြပါတယ်။ Peranakan စကားပြောသူတွေကလဲ အများအားဖြင့် ပင်လယ်ရပ်ခြားသို့ ထွက်ခွာလာသော တရုတ်များနဲ့ မူလဌာနေသူ မလေး သို့ အင်ဒိုနီးရှင်းများနှင့် ပေါက်ဖွားလာသူများလို့ ယူဆကြ ပြန်ပါတယ်။ အများအားဖြင့် ၁၆ရာစုလောက်က မလေးကျွန်းဆွယ် (မြန်မာအခေါ် မာလာယုကျွန်းဆွယ် သို့ ပသျှူးကျွန်းဆွယ်)သို့ ရောက်ရှိလာတဲ့ ဟုံကင်းအနွယ်(Hokkiens) နှင့် Fujianပြည်နယ်သား တွေရဲ့ အဆက်အနွယ်တွေလို့ သုတေသီတွေက ထောက်ပြပြောဆိုကြပါတယ်။

အဲမှာ သမိုင်းအထောက် အထားအနေ နဲ့ ၁၄၅၉ခုနှစ်က တရုတ်ဘုရင်ရဲ့သမီးတော်လေး Hang Li Poက မလက္ကာ ဘုရင် စူလတန် Manur Shahနဲ့ လက်ဆက် ထိမ်းမြားခဲ့အကြောင်းကို ပြောဆိုလေ့ရှိ ကြတယ်။သူနဲ့အတူနောက်လိုက် ၅၀၀ပါလာပြီး ၎င်းတို့မှ အခုperanakanလို့ခေါ်ဝေါ်ကြတဲ့မလေး-တရုတ်အနွယ်ဖွား တွေ ဖြစ်လာကြတယ်လို့ ပြောဆိုကြတယ်။အဲ တော့ peranakanတွေက တရုတ်ယဉ်ကျေးမှုနဲ့ မလေးစတိုင် နေထိုင်သူတွေ ဖြစ်လာကြတယ်။ အချို့က တရုတ် စကားတောင် မပြောဆိုတော့ဘူး။အချို့ အမျိုးသမီးတွေက

မလေးတွေ ဝတ်စားသလို နေထိုင်ကြတယ်။ တကယ်တော့ သူတို့တွေလဲ တရုတ်စစ်စစ်တွေ မဟုတ်ကြတော့ဘူးလေ။ အချို့ဆို မလေးဟန်သာမက အစ္စလာမ်ဘာသာကို ကူးပြောင်းကုန်ကြတယ်။ ယခု peranakanတွေက သူတို့ကို သူတို့ ပြည်မတရုတ်ရဲ့ သီးခြားမျိုးနွယ်တစ်ခု အဖြစ် ယူဆကြပါတယ်။ သီးခြားယဉ်ကျေးမှုပုံစံ တစ်ခုအဖြစ် တရုတ်အမျိုးအနွယ် နှင့် မလေး အမျိုးအနွယ်ကြားက လူမျိုးတမျိုးအဖြစ် ရပ်တည်ကြ ပါတယ်။

နောက်တစ်ခုက ပသျှူးလူမျိုးများ ဆိုတာနဲ့ ပါတ်သက်လို့ ပသျှူးလူမျိုးဆိုတာ peranakan၊ Straits Chinese ၊ ဘာဘာညို့ရာ မဟုတ်ပါဘူး။ မလေးရှား ကျွန်းဆွယ်ကို ပသျှူးကျွန်းဆွယ်လို့ ခေါ်ဝေါ်ခဲ့ ရာကနေ မလေးရှားနိုင်ငံ အခု Kedha ကနေ တနင်္သာရီမြို့ပြ ထွန်းကားရာ နေရာဒေသကို ရွှေ့ပြောင်းလာတဲ့ အစ္စလာမ်အနွယ် ဩစရိုအေးရှားတစ် ဘာသာစကား ပြောသူတွေပါ။ မြန်မာနိုင်ငံမှ မလေးကျွန်းဆွယ်နေထိုင်သူ အားလုံးကို ခြုံငုံ၍ ပသျှူးလူမျိုး လို့ခေါ်ဝေါ်ရာကနေ အမည်သညာမှတ်ယူမှုဆက်ကာ ရောထွေးကုန်ကြတာပေ့ါ။ peranakan၊ ဘာဘာ ညိုရာ ကို မလေးအနွယ် ပသျှူး အဖြစ် ခေါ်ဝေါ်ကြတာပေ့ါ။ သူတို့ကလဲ မလေးလို့ ပါတိတ်ထဘီပေါ်မှာ အင်္ကျီလက်ရှည်၊ ရင်စေ့ဘလောက် တွေနဲ့ နေကြတာကိုး။ အဲလို ရန်ကုန် တရုတ်တန်းနေ ဘာဘာညိုရာ peranakan တွေကို မြင်တော့ သူတို့လဲ မလေးအနွယ်ဆိုတော့ ပသျှူးတွေ ဖြစ်ကုန်တာပေ့ါ။

မောင်သန်းဆွေ(ထားဝယ်) ရေး ရွှေအမြုတေ မဂ္ဂဇင်း၊ ဇူလိုင်လ ၂၀၁၁ ပါ စုဖုရားလတ်၏ စိန်ဒေါင်းရုပ် ခါးစည်းတော် ဆောင်းပါး မှာ ပရနကန်ဆိုသူတွေအကြောင်း ရှင်းပြထားပါတယ်။

“ဤနေရာတွင် ပရနကန် (Peranakan) ဆိုသူများ အကြောင်းကို ရှင်းမှုဖြစ်မည်။ သူတို့သည် အရှေ့တောင် အာရှ မလေး(ယခု မလေးရှား)၊ ပီနံ၊ စင်ကာပူ၊ မလက္ကာမှ အင်ဒိုနီးရှားအထိ တွင်ရှိသော တရုတ်လူမျိုးမှ ဆင်း သက်သော ကပြားမျိုး ဖြစ်သည်။ The Paranakan စာအုပ်ထဲတွင် ပရနကန် ဆိုသည့် စာလုံးကို အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ရောနှော နေသော ယဉ်ကျေးမှု (A Mixed Culture) ဟု ဆိုသည်။ ရာစုနှစ်ပေါင်း များစွာက သဘာဝအားဖြင့် ချမ်းသာ ကြွယ်ဝသော အရှေ့တောင် အာရှသို့နိုင်ငံခြားသား ကုန်သည်များသည် ဝင်လာကြသည်။ အချို့က သူတို့၏ မိခင်နိုင်ငံသို့ ပြန်ကြ သော်လည်း အချို့မှာ မပြန်တော့ဘဲ ရောက်သည့် နိုင်ငံမှ အမျိုးသမီးများနှင့် ပေါင်းသင်းကြသည်။ Paranakan ဆိုသည့် စာလုံးသည် မလေး (Malay) စာလုံး “anak”မှဆင်းသက်သည်။ အဓိပ္ပာယ်မှာ “ကလေး” (Child) ဟု အဓိပ္ပာယ် ရသည်။ သို့ကြောင့် “နိုင်ငံတွင်း မွေးဖွား သူ” (မူရင်းလူမျိုး မဟုတ် ကပြား) ဟု ဆိုနိုင်သည်။ သို့ဖြစ်၍ အရှေ့တောင် အာရှသို့ ရောက် လာသော တရုတ်ကုန်သည်များနှင့် မိခင်နိုင်ငံမှ အမျိုးသမီး များ ပေါင်းဖက်ရာမှ ပေါက်ဖွား လာသူကို ပရနကန်ဟု ခေါ်ပုံရသည်။“လို့ ရှင်းပြထားပါတယ်။ ဒါအပြင် preanakan



ရန်ကုန်မြို့ လသာလမ်းရှိ တစ်ခေတ်တစ်ခါက
ဘာဘာညိုရာ တို့နေထိုင်သည့်အိမ် ဓာတ်ပုံ– နိုင်စိုး

စကား အသုံးနှုန်းက လူမျိုးအနွယ်အပေါ် မူတည်ကာ နောက်ဆက်တွဲ စကား တွဲသုံးတာတွေ ရှိတယ်။ ဥပမာ– Peranakan Tionghoa/Cina ဆိုတာ တရုတ်အနွယ်တွေ (၊ Chinese descendants" )၊ Jawi Peranakan ဆိုတာ အာရပ်အနွယ်တွေ (Arab descendants")၊ Peranakan Belanda လို့ခေါ်သူတွေက ဒတ်ချ်အနွယ်ဝင်တွေ (Dutch descendants) စသဖြင့် ခေါ်ဝေါ်သုံး နှုန်းကြပါတယ်။ ဟိန္ဒူ peranakan၊ Eurasian peranakan အဖြစ် ခေါ်ဝေါ်သုံးစွဲကြပါတယ်။ အဲတော့ peranakan အသုံးအနှုန်း တစ်ခုတည်းက ရှေ့ဦး ပင်လယ်ရပ်ခြားရောက် (Straits Chinese)ကို ခေါ်ဝေါ်သုံးစွဲလာပြီး နောက် အခြားလူမျိုးစု များကို ယင်းအသုံးအနှုန်း ဖြင့် ချိတ်ဆက် ခေါ်ဝေါ်ကြဟန် တူပါတယ်။

သူတို့ကို ပသျှူးလို့ ခေါ်ဝေါ်ပုံနဲ့ ပသျှူးဟန် ဝတ်စားဆင်ယင်ပုံတို့ကိုလည်း မြန်မာပြည်တွင်လည်း သူတို့ရှိသည်။ သူတို့ကို မြန်မာတို့က "ပသျှူး" ဟုခေါ်သည်။ ပသျှူးဆိုသည်မှာ မလေး လူမျိုးကိုလည်း ခေါ်သည်။ သူတို့သည် မလေးလူမျိုး မဟုတ်ပါ။ မလေးမှလာ သော တရုတ်များသာ ဖြစ်သည်။ အချို့ က သူတို့ကို ဘာဘာ(Malay) ဟုလည်း ကောင်း၊ ညိုရာ(Nyonya) ဟုလည်း ကောင်း ခေါ်သည်။ မြန်မာတို့က အမျိုး သားများကို ဘာဘာခေါ်၍ အမျိုးသမီး များကို ညော်ညားဟု အသံထွက်၏။ မြန်မာပြည်မှ တရုတ်-မြန်မာ ကပြားမ အချို့ကလည်း သူတို့ကိုယ်သူတို့ "ပသျှူး" လုပ်တတ်သည်။ ပသျှူးမလို ဝတ်သည်။ ပသျှူးမများ ဝတ်သည်မှာ ပါတိတ် ထဘီပေါ်တွင် အင်္ကျီလက်ရှည်၊ ရင်စေ့ဘလောက် အင်္ကျီကိုဝတ်သည်။ အင်္ကျီတွင် ကော်လာလည်ကတုံးနှင့်ဖြစ် ၏။ ရင်စေ့ဘလောက်အင်္ကျီမှ ကြယ်သီး (စိန်၊ ရွှေ ကျောက်စိမ်း)သည် ခုနစ်လုံးခန့် ရှိသည်။ စာရေးသူတို့ ငယ်စဉ်က တရုတ်တန်းတွင် ဤသို့ဝတ်သည့် တရုတ်မ များကို တွေ့ဖူးသည်။ သူတို့ကို ပသျှူးမ ဟုခေါ်သည်။

များသောအားဖြင့် နားသန်သီး ဆွဲသည်။ ခေါင်းမှ ဆံထုံးတွင် စိန်၊ ရွှေ၊ ကျောက်စိမ်းဆံထိုးများ ကိုးခု၊ ဆယ်ခုထိုးထားတတ်သည်။ ခြေတွင် ခြေထိုးဖိနပ်နှင့်ဖြစ်၏။ ခြေချင်းကို အခမ်း အနားများတွင် ဝတ်တတ်သည်။ ခြေထိုး ဖိနပ်တွင် စီးကွင့်စ်များ ထိုးထားသည်။ သူတို့၏ လက်ဝတ်လက်စားမှာ တစ်မျိုး တစ်ဖုံဖြစ်သည်။ နေထိုင်သည့် အသုံးအဆောင် ပရိဘောဂများမှာလည်း တစ် မျိုးဖြစ်၏။ အစားအသောက်လည်း တရုတ်စာနှင့် ကွဲသည်။ အထူးသဖြင့် မုန့်များကို အမျိုးမျိုးလုပ်စား တတ်သည်။ စာရေး သူတို့ ငယ်စဉ်က "ပသျှူးမုန့်" ဆို သည်ကိုမက်မက်စက်စက် စားခဲ့ရသည်။ ယခု စာရေးသူတို့ စားနေသည့် ကောက်ညှင်း ရွှေထမင်း၊ သာဂူပျဉ်နှင့် နန္ဒင်းမကင်းတို့သည် ပသျှူးမုန့်များပင် ဖြစ်သည်" လို့ ရှင်းပြထားပါတယ်။

အဲလိုနဲ့ ပရနကန်လို့ ခေါ်ဝေါ်ကြတဲ့ တရုတ်အနွယ်ဝင် မလေးဟန်နေသူ တွေက သူတို့ကို သူတို့ ဘာဘာညိုရာလို့ မှတ်ယူကြပါတယ်။ ဘာဘာညိုရာရဲ့ စကားလုံးရင်းမြစ်ကလဲ ဘာဘာလို့ခေါ်တဲ့ စကားလုံးက ပင်လယ်ရပ်ခြားတရုတ် ကိုပါရှုန်းတွေကခေါ်ဝေါ်တဲ့မလေးမွေးစားစကားလုံးဖြစ်ပြီး ညိုရာက ပေါ်တူဂီတွေက donha လို့ အမျိုးသမီးအခေါ်ကို မလေး၊ အင်ဒိုနီးရှင်း တွေက ယူသုံးကာ ခေါ်ဝေါ်ကြတဲ့ စကားလုံး ဖြစ်ကြတယ်။ အဲလို ဘာဘာညိုရာလို့ ခေါ်ဝေါ်ကြတဲ့ ပသျှူးတွေဟာ မလေးရှား ပီနန်ကနေ မြန်မာနိုင်ငံကို လွန်ခဲ့တဲ့ နှစ်၁၀၀ကျော်က လာရောက် ကုန်သွယ် နေထိုင်ကြ ပါတယ်။ ၎င်းတို့ နေထိုင်ရာတွေကို ပြန်လည်ခြေရာခံကြည့်မယ် ဆိုရင် ၎င်းတို့ဟာ မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်တွေမှာ နေထိုင် အခြေချ ကြပါတယ်။ အရင်က မြိတ်မှာ ဘာဘာညိုရာတွေ နေထိုင်ကြပြီး အခုအချိန် သူတို့တွေဟာ မြိတ်သား တရုတ်တွေ ဖြစ်နေသလို ပုလော၊ ထားဝယ်၊ မော်လမြိုင်တွေ မှာလဲ ဘာဘာညိုရာလို့သတ်မှတ်ခေါ်ဝေါ်သူ မရှိသလောက် ဖြစ်နေပြီး ပီနန်အဆက်အနွယ် ဖြစ်သာ သိမှီပါတော့တယ်။ ရန်ကုန်မြို့ တရုတ်တန်းမှာတော့ ပသျှူး၊ ပရနကန်၊ ဘာဘာညိုရာ အိမ်ထောင်စု အနည်းအကျဉ်း ကျန်နေပါ သေးတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ ပညာရေး

ဝန်ကြီးဌာန ၊မြန်မာစာအဖွဲ့က ထုတ်ဝေထားတဲ့ မြန်မာအဘိဓာန် (၁၉၉၁-စာ၂၁၁)မှာတော့ ပသျှူး ဆိုတာ မလေးလူမျိုးကို ယခင်ကခေါ်သောအမည်လို့ ဖော်ပြထားပါတယ်။ ဆရာဦးသော်ကောင်းနှင့် ဆရာမ ဒေါ် ဝင်း တို့ ရေးသားထားတဲ့ စာတမ်းမှာတော့ ထားဝယ် ၊မြိတ်၊ ပသျှူးတွေ အကြောင်းသိပေမဲ့ လေ့လာရာမှာ အလှမ်းဝေးသဖြင့်ရန်ကုန်တစ်ဝိုက်ရှိပသျှူး(ဘာဘာညိုရာ) တို့အကြောင်း လေ့လာတင်ပြခဲ့ပါတယ်။ ပြီးတော့ မြန်မာ-ပီနန် ဆက်နွယ်မှုကိုလဲ လေ့လာတင်ပြခဲ့ပါတယ်။ ပသျှူးအသုံးအနှုန်းနဲ့ ပတ်သက်၍ ကင်းဝန်မင်းကြီး ဦးကောင်းမှ ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်တမ်း ထဲတွင် ပါဝင်တဲ့ ၁၈၇၃ခုနှစ် ပီနန်တွင်တထောက်နား တုန်းက ပီနန်သား များကို ပသျှူးလို့ သုံးနှုန်းပြီး မလက္ကာသားတွေကို မလေးလို့ သုံးနှုန်း ခေါ်ဝေါ်ကြောင်း ပြောပြထားပါတယ်။ ပြီးတော့ ပသျှူး ဆိုတာ တရုတ်-မလေးကို ဆိုလိုကြောင်း ဆရာ့သဘောကို ပြောပြပါတယ်။ ဆိုလိုတာက ပင်လယ်ရပ်ခြားတရုတ်တွေ့ရဲ့ အနွယ် ဘာဘာညိုရာ ကို ဆိုလိုကြောင်း ထပ်မံပြောကြားထား ပါတယ်။ အင်္ဂလိပ်-မြန်မာ အဘိဓာန်အရ ပသျှူးဆိုတာ မလေး၊ မာလာယမ်း၊ဖြစ်ပြီး သက်ရိုက်ဘာသာသုံး ပါရချူး (Paraghsu) မှ ဆင်းသက်လာကြောင်း တင်ပြထား ပါတယ်။ ယင်းပသျှူး အသုံးအနှုန်းမှ မြန်မာစကားလုံး ပေါင်းစပ် သုံးထားတဲ့ ပသျှူးချုပ်၊ ပသျှူးမုန့်၊ ပသျှူးသာဂူ၊ ပသျှူးအင်္ကျီ စတဲ့ အသုံးအနှုန်းများ ပူးတွဲရှင်းပြထား ပါတယ်။ အဲလို အဝတ်အစားနဲ့ စားဖွယ် အသုံးအနှုန်း တွေက ဘာဘာညိုရာ လူ့အဖွဲ့ အစည်းတွေရဲ့ လက်ရာတွေ ပေါ့။

အဲတာအပြင် တရုတ်အမျိုးအနွယ် များတွင် ဟုံကင်း (Hokkien)တွေကို မြန်မာနိုင်ငံတွင် လက်ရှည် အဖြစ်ခေါ်ဝေါ် သုံးနှုန်းကြပါတယ်။ တရုတ်မျိုးနွယ်ထဲမှ ဟုံကင်း လူမျိုးစုများ ဟာ ပီနန်နဲ့ အချိတ် အဆက် များပြီး ပသျှူးတွေနဲ့ လက်ထပ်လေ့ရှိကြရာ ပသျှူးများ ဟာ ဟုံကင်းမျိုးနွယ် အရေအတွက် တွင် ထည့်သွင်းရေတွက် ခံရဖွယ် ရှိလို့ ပသျှူးဦးရေဟာ မရှိသလောက် နည်းပါး ကြောင်းတင်ပြထားပါတယ်။အများအားဖြင့်ဘာဘာတွေကို မြင်ရခဲ့ပြီး ညိုရာများသာ တွေ့ရကြောင်း တင်ပြပါ တယ်။ ပသျှူးလို့ ခေါ်တဲ့ ဘာဘာညိုရာတွေ လူဦးရေ ရောနှော ထည့်ပေါင်းခံရသလို ၁၉၄၂-၄၅ဒုတိယကမ္ဘာစ စ်ကြောင့်လည်းကောင်း၊ ၁၉၄၈-၅၀ ပြည်တွင်းစစ်ကြောင့် လည်းကောင်း၊ ၁၉၆၂-၆၅ ပြည်သူပိုင်သိမ်းကာလ ကြောင့်လည်းကောင်း ကြီးမားတဲ့အပြောင်းအရွှေ့မှု တွေကြောင့် လဲဖြစ်နိုင်ကြောင်း တင်ပြပြောဆို ထားပါတယ်။

နိဂုံးချုပ် တင်ပြရမယ်ဆိုရင် မြန်မာတို့က မလေးကျွန်းဆွယ်ဒေသနေသူတို့ကိုခြုံငုံ၍ပသျှူးကျွန်းဆွယ် နေသူတွေလို့ ခေါ်ရာကနေ ဘာဘာညိုရာတွေဟာ ပသျှူးအဖြစ်သို့ ရောက်ရှိလာပြီး မလေးကျွန်းဆွယ်နေ အခြားလူမျိုးစု မလေးမူရင်းအနွယ်ဝင် ပသျှူးများနဲ့ အခေါ်အဝေါ်တူကာ လူမျိုးစု ၂စုအဖြစ် တည်ရှိနေတာ တွေ့ရပါတယ် ယင်းလူမျိုးစု ၂စုတို့အား မြန်မာ့အသိပညာ လေ့လာမှု နယ်ပယ်တွင် လဲ သိပ်မတွေ့ရတာကြောင့် ရောထွေးမှတ်ယူဖွယ် ရှိတယ်။ ဘာဘာညိုရာ ၊ ပသျှူး တွေဟာ ကိုယ့် identies နဲ့ ကိုယ်ဆက်လက် ရပ် တည်ကာ နေထိုင်ကြပြီး ၎င်းတို့နဲ့ဆိုင်ရာ socio-cultural charaterstic များကို နီးစပ်ရာ မိမိ ဝန်းကျင် ယဉ်ယဉ်ကျေးမှုနဲ့ ဆက်စပ်ကာ လူနည်းစုဖြစ်သည့် အလျောက် ကိုယ့်ကိုကိုယ် ရုန်းကန်နေသည့် လက္ခဏာ ကိုတွေ့မြင်ရပါတယ်။ ၁၉ရာစု မြန်မာ့-ပီနန် ကုန်သွယ် ကဏ္ဍလေးကလဲ ဆက်လက် သုတေသနပြုဖို့သင့်တဲ့ အနေအထားပါ။ မြန်မာနိုင်ငံရှိ ပီနန်၊ ပီနန်ရောက် မြန်မာတို့အကြောင်းလဲ ဆက်လေ့လာသင့်ပါတယ်။။ဒါပေမဲ့ ပီနန်သားတိုင်းက ဘာဘာညိုရာလား ဆိုတာကိုတော့ ဆက်လက်လေ့လာ ရအုံးမှာပါ။

## အကိုးအကားများ


1. Jayde lin Roberts, mapping Chinese Rangoon: place and nation among the Sino-Burmese,university of Washington press,2016,p-39.

2. Thaw Kaung ,U.Daw Win (2004), selected Writings of U Thaw Kaung, Preliminary Survey of Penang-Myanmar Relations from mid- 19th to mid-20th Century, Myanmar Historical Commission, Yangon
3. Tin Cho Mar, Ma, Pham Huong Trang,(2020), Malay minorities in the Tenasserim coast, ASEAN Journal of Community Engagement, Vol4.Number1 July.
4. Wilkinson, R.J.(1923), A History of the Peninsular Malays with Chapters on Perak & Selangor. Kelly & Walsh.
5. https://www.nst.com.my/opinion/columnists/2018/02/333298/history-rarely-told
6. https://espoletta.com/2020/05/29/peranakan-origin-story-of-the-people-of-the-straits/
7. မောင်သန်းဆွေ(ထားဝယ်) (၂၀၁၁) စုဖုရားလတ်၏ စိန်ဒေါင်းရုပ် ခါးစည်းတော် ရွှေအမြုတေ မဂ္ဂဇင်း၊ ဇူလိုင်လ ၂၀၁၁ ။
8. သန်းမြင့်(သမဝါယမ)(၁၉၇၄)။ ပသျှူးလူမျိုး၊ မြိတ်မဂ္ဂဇင်း၊၁၃၃၆။
9. ရွှေမြိတ်မောင် (၁၉၆၄)၊ တောင်ပိုင်းကမ်းခြေ၊ မြဝတီ၊ အတွဲ ၁၃၊ အမှတ်-၂၊ ဒီဇင်ဘာလ။
10. မြန်မာအဘိဓာန် (၁၉၉၁) ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ စာ-၂၁၁။

# PASHU IN MYEIK REGION

**Naing Soe**

**A brief history of Taninthayi coast' Ethnicity**

Historically, the name called Taninthayi : " Tanao Si" in Thai and " Tanah Sari" in Malay. belonged to Tanah Melayu, or Malay Peninsula, which was part of the Sultanate of Kedah[1] and initially invaded by the Ayuttha Kingdom and later by Myanmar.[2] The Taninthayi coast area of Myeik became not only a multicultural ethnic society residential area but also a trading port for international mainly for Ayuttha period of Thailand which ruled the region from 15 century to 17 century. Myanmar ruled 13 century and 17 century after then, the area became part of the British Empire. The active Mergui port became a center for traders, sailing areas, political areas after the changing seaports of Tawnaunglae, Taninthayi ancient city gateway. Since the sixteenth century foreigners from many different countries came to settle down at Myeik which thus became a melting pot of many ethnicities.

Mergui Archipelago is a part of the wider Malay Peninsula, including provinces in the south of Thailand and northern Malaysia. Even geographically, the Tenasserim marks the fusion between Myanmar and Malaysia, according to the ecological similarities between the two countries[3]. After then, Myeik became the area of Burma Empire under the rule of Konbaung Kings with eighteen successive Myowuns, township administers. After the First Anglo-Myanmar war, the Yandabo Treaty was signed between the British and Myanmar King Bagyidaw (King Sagaing) (1819-1837). By that treaty Rakhine and Tanintharyi were ceded to the British. From 1826 to 1941 Myeik District also became a British Colony. Myeik District came under Japanese Occupation during WWII.

Present Myeik citizens were the descendants of Anglo-Indians, Anglo- Myanmar, Thai- Myanmar, Malay- Myanmar, Sino-Myanmar etc[4]. Apart from the indigenous races, many Chinese, Indians, Thais, Malays, Arabs, Salons, Westerners and Europeans: Portuguese, Armenians settled down in Myeik[5]. Besides, there lived the descendants of Alaungmintaya's Army which marched to the capital Ayutthia of Thailand. According to stone inscription found ten miles from Myeik at a pagoda built by a follower of Narathihapati, the last king of Bagan, Bamar were already living in the District of Myeik[6].

1. *Stier, T (1927), With Pavlova round the world. United Kingdom: Hurts& Blackett Limited. Malay minorities in the Tenasserim coast, Ma Tin Cho Mar and Pham Huong Trang, ASEAN Journal of Community Engagement, Vol4, Number 1, 2020.*
2. *Wilkinson, R. J (1923), A History of the Peninsular Malays with Chapters on Perak& Selangor. Kelly &Walsh Malay minorities in the Tenasserim coast, Ma tin Cho Mar and Pham Huong Trang, ASEAN Journal of Community Engagement, Vol4, Number 1, 2020.*
3. *White, W. G. (1922), The sea gypsies of Malaya. New York, United States: Ams Press Inc. Malay minorities in the Tenasserim coast, Ma tin Cho Mar and Pham Huong Trang, ASEAN Journal of Community Engagement, Vol4, Number 1, 2020.*
4. *Lwin Maung, Documentary History, p400.*
5. *Chhibber, JBRS, Vol. XVII, p. 150*
6. *Dr. Lwin Aung, the physical environment of Myeik, Myeik Magazine,June,1977,p.49*

The Bamar in Tanintharyi Region was called Baganthar, Bagan native. There are also Kayin and Mon lived in Myeik. For much of the 19th century, Britain's most successful enterprise in Mergui was prisoners. Thuggees, Sikh rebels and other men thought dangerous to the Empire were shipped there instead of facing execution[7]. The Sikh Guru Ram Singh (1816-1885) died at Mergui. His settlement is still puzzle to know more. The Madrassic rubber coolies are encouraged on some estates to bring their families but the figures show only a small proportion of women. During the present rubber slump many coolies have been discharged and have returned to India. The boat to and from the Straits man, and there are some Japanese and Filipinos chiefly engaged in Pearling.

**Who are Pashu?**

According to "Preliminary Survey of Penang-Myanmar Relations from mid-19th to mid-20th centuries", mentioned that "Pashu" is a derivative of the Sanskrit word "Paraghsu" which originally meant Malay or Malayan. The whole of peninsular Malaya was refered to as the "Pashu Kyun-Swai" by the Myanmar people. Kinwun Mingyi U Kaung in his Paris Diary wrote about a stopover in Penang on his way to France in 1873. He called the people of Penang Pashu, though he also uses Malay for the Malays especially those from Melacca. So, the word Pashu is usually used only for hybridized Chinese-Malay, i. e. the Baba-Nonya of the former Straits Settlements[8]. Although the Myanmar Dictionary indubitably defines "Pashu" as the term for "Malay", the



***Figure: 1 - 101 ethnic wall painting of shwegu monastery, Shinkyo village, Pokkakhu Township***

7. *Clare Anderson, The Transportation of Narain Sing: Punishment,Honour and Identity from the Anglo-Sikh Wars to the Great Revolt. Modern Asian Studies, vol.44/5(Sept. 2010 ).pp.1115-45.*
8. *U Thaw Kaung, Daw Win (2003 ), Preliminary Survey of Penang-Myanmar Relations from mid-19th to mid-20th Centuries. https://www.nst.com.my/opinion/columnists/2018/02/333298/history-rarely-told*

historian confusingly describes the Pashu as not Malays, but Baba Nyonya, the Chinese descendants from mainland China who settled in the Malay Peninsula. This must surely go down as a colossal discrepancy between the Myanmar Language Commission and the historian[9]. Some argued the word "Pashu" came from the phonological changed word Perahu into pahu, pasu and then Pashu. The words and the people of Pashu communities who are called by Myanmar are still needed to research more. Although Pashu: the two communities with one word, will not virtually the same they speak. The ancient Malays of Islamic people are the Austronesian family members nearly closed with Kedah dialect.

Some Penang Baba-Nonyas migrated to Yangon, Dawei (Tavoy) and Myeik (Mergui), and some Sino-Myanmar migrated to Penang. Trade links between Myanmar and Penang were initiated, sustained and expanded by merchants, ship-owners and operators with boats plying along the Gulf of Martaban, down south the Tenasserim Coast to Penang Island[10]. That the Baba Nyonya community migrated to the southern regions of Myanmar is not disputed, but the description that "Pashu" is the term denoting the Baba Nyonya community goes against the grain of established research findings and writings of reputed international scholars. In the 1983 census conducted by the Socialist Republic Government of the Union of Burma, it is clearly mentioned that in the Tanintharyi Division (Tennanserim Division), the Pashu (Malays) were recorded as the inhabitants together with other ethnic groups such as Mons, Salons, Burmans, Karens, Paos, and Tavoyans. According to Jacques Ivanoff, a prominent anthropologist, Malays were the earliest to settle in the littorals of the Tanintharyi Region[11].



***Figure: 2 - 101 ethnic wall painting of shwegu monastery, Shinkyo village, Pokkakhu Township***

9. *https://www.nst.com.my/opinion/columnists/2018/02/333298/history-rarely-told*
10. *U Thaw Kaung, Daw Win (2003), Preliminary Survey of Penang-Myanmar Relations from mid-19th to mid-20th Centuries.*
11. *https://www.nst.com.my/opinion/columnists/2018/02/333298/history-rarely-told*



*Figure: (3) - Pashu community*

**History of Pashu ethnic**

Besides the Thais, Pashu (Malay) lived in Myeik district. Malay was settled down within Myeik district since 15th century before the British arrived there. They lived in the villages along the coastal regions of Leinya and Maliwun townships. At 15th Century, the war broke out between Pashu from Meccasa and the Dutch and the former were defeated in this war and they fled from their own territory Celebes. Meccasa was a city name and they fled away together with Prince Dei and they arrived and settled down at Kawthaung in Maliwon[12].

The Malays were the first to settle on the Tenasserim littoral, at least as far as the islands and the mainland town of Bokpyin[13]. The earliest record on the name of Pashu can be seen in the wall painting on 101 ethnic scenes of Laung Oo Mon library, Sagaing Region.

Besides the Moken, the Malays were in the majority of those frequenting the islands of Mergui Archipelago. Even though the border was negotiated between Siam and the British Empire in the nineteenth century, the entire region remained a transnational borderland with limits situated inside the national territories[14]. Most of

12. *ibid*
13. *Boutry, M (2014), Malay minorities in the Tenasserim coast, Ma Tin Cho Mar and Pham Huong Trang, ASEAN Journal of Community Engagement, Vol4, Number 1, 2020.*
14. *Ma Tin Cho Mar and Pham Huong Trang, (2020), Malay minorities in the Tenasserim coast, ASEAN Journal of Community Engagement, Vol4, Number 1.*

the villages which located along the sea-coast in the Boke-Pyin and Kaw-Thaung Townships had the names of Malay language: Palaw-Ton-Ton, Su-Nga Bar Hlaing, Noh Ngwar, Sa-Tein and Su-Nge- Pada villages. Malays are a people who had inhabited this island for a historically long period. The Malays is included in the Austronesian Linguistic family called (Bahasa Melayu) Malay Language. They are Malay, speak Malay and some of their elderly people can read Jawi, Malay in Arabi, different from the standard Malay in Romanesque[15].

At ceremonial gatherings and religious occasions, men wear baju Melayu and sarong (longyi in Burmese). Old women wear kebaya, and young women wear baju metsii that looks like baju kurung. Most of the women too, wear kain kelumon or headscarves. Their traditional foods include nasi gulai kawah (on special occasions) and asam pedas (almost daily). During Eid (Hari Raya), they would prepare ketupat pulut and kuih bahulu (fluffy egg cake with a slightly crusty layer). Their snacks or desserts are collectively called muih, and, quite similar to the popular ones in Malaysia. The Pashu also practise silat. When there is an engagement or wedding, some of the groom's friends would perform traditional silat before the groom enters the bride's house. This tradition is, however, slowly disappearing[16].



***Figure: (4) - Pashu community by Maung Pyay Chan***

15. *Ibid,*
16. *https://www.nst.com.my/opinion/columnists/2018/02/333298/history-rarely-told*

## Conclusion

Nowadays, they became one of unrecognized people in Myanmar. in the Tanintharyi Region, the aboriginal Pashu population is estimated at not more than 30,000. The Pashu lifestyle, culture and traditions are still needed to research more. Most of the research work on Tanintharyi was less known and missed in political culture, economic development, anthropology, ethnic minorities as well as religious studies. Those areas need to research for archaeology and anthropology. The detailed description of settlement communities 'history in that area is still less well known at all. The ethnic called Pashu' identities are not officially recorded in Myanmar still nowadays.

## References


1. Boutry, M. (2014) The Maung Aye's Legacy. Burmese Lives: Ordinary Life Stories Under the Burmese Regime,147.
2. Chhibber, JBRS, Vol. XVII, p.150
3. Clare Anderson, The Transportation of Narain Sing: Punishment, Honour and Identity from the Anglo-Sikh Wars to the Great Revolt. Modern Asian Studies, vol .44/5(Sept.2010). pp. 1115-45.
4. Stier,T . (1927). With Pavlova round the world. United Kingdom: Hurst & Blackett Limited.
5. Tin Cho Mar, Ma, Pham Huong Trang, (2020), Malay minorities in the Tenasserim coast, ASEAN Journal of Community Engagement, Vol 4. Number1 July.
6. Thaw Kaung,U and Daw Win (2004), selected Writings of U Thaw Kaung, Preliminary Survey of Penang-Myanmar Relations from mid- 19th to mid-20th Century, Myanmar Historical Commission, Yangon
7. White, W, G. (1922). The Sea gypsies of Malaya, New York, United States: Ams PressInc.
8. Wilkinson, R. J. (1923), A History of the Peninsular Malays with Chapters on Perak & Selangor. Kelly & Walsh.
9. https://www.nst.com.my/opinion/columnists/2018/02/333298/history-rarely-told

**In Myanmar**

10. Dr. Lwin Aung, the physical environment of Myeik, Myeik Magazine, June, 1977, p. 49
11. Shwe Myeik Maung, southern Beach, Myawaddy magazine, vol, 13, No.2, 1964, December, pp.165, 168.
12. Than Myint (Co- operative), ပသျှူး, (The Malay People), Myeik Magazine, Myeik Anniversary of Writer Day, 1336 (M.E).

## ပန်ကြားလွှာ

လူမျိုးစုလေ့လာမှုစာစဉ် အမှတ် (၈) တွင် ဖော်ပြထားသော စာမူများအနက်
ပညာရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်အရ အချို့သော ဆောင်းပါးများအား
ကြိုတင်ခွင့်ပြုချက် ရယူနိုင်ခြင်း မရှိဘဲ ဖော်ပြထားရပါသည်။
ထို့အတွက် စာမူရှင်များနှင့် သက်ဆိုင်သူ မိသားစုဝင်များအား
လေးစားစွာ ပန်ကြားအပ်ပါသည်။



## Bulletin Of Ethnic Studies

**No.8**

Myanmar Cultural Research Society

Myanmar Cultural Research Society